ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ် ဇူလိုင် ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

၁၃၈၀ ပြည့်နှစ် ဝါခေါင်လဆန်း ၅ ရက်၊ ကြာသပတေးနေ့။ Thursday 16 August 2018 ၉၃၈၀

## ချမ်းသာခြင်းအကြောင်းတရား

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။

ပါပဝဂ်(ဓမ္မပဒ-၁၁၈)

# ပြည်သူသို့ ပန်ကြားချက်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**နိုင်ငံတော်သမ္မတရုံး**
**ပြည်သူသို့ ပန်ကြားချက်**
၁၃၈၀ ပြည့်နှစ်၊ ဝါခေါင်လဆန်း ၄ ရက်
( ၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၁၅ ရက်)

၁။ နိုင်ငံတော်အကြီးအကဲများထံပေးပို့လာသော အနယ်နယ်အရပ်ရပ်မှ ပြည်သူများ၏ တင်ပြစာ၊ တိုင်ကြားစာ၊ အသနားခံစာများကို နိုင်ငံတော်သမ္မတရုံးတိုင်ကြားစာဌာန၊ (ဆက်သွယ်ရန် ဖုန်းနှင့် ဖက်စ်နံပါတ် ၀၆၇-၃၄၀၉၁၁၇) က မှတ်တမ်းရေးသွင်း၍ ခိုင်လုံမှု ရှိ၊ မရှိ စိစစ်ခြင်း၊ ခိုင်လုံမှုရှိသောစာများကို သက်ဆိုင်ရာဌာနအသီးသီးသို့ ပေးပို့စိစစ်ဆောင်ရွက်စေပြီး တင်ပြသူထံသို့ ပေးပို့စာ လက်ခံရရှိကြောင်း ပြန်ကြားပေးခြင်း၊ နိုင်ငံတော်အကြီးအကဲများထံသို့ သက်ဆိုင်ရာဌာနအသီးသီးက ဆောင်ရွက်မှုများ ပြန်လည်ပေးပို့လာသည့်အခါ ဆက်လက်တင်ပြခြင်း၊ သတ်မှတ်ကာလအတွင်း ပြန်လည်ပေးပို့ခြင်းမရှိသော အမှုတွဲများအတွက် စောင့်ကြပ်ကြည့်ရှုလျက် သက်ဆိုင်ရာဌာနသို့ ထပ်မံအသိပေးအကြောင်းကြားခြင်း၊ တိုင်ကြား/တင်ပြစာများအပေါ် သက်ဆိုင်ရာဌာနများ၏ စစ်ဆေးတွေ့ရှိချက်၊ ဖြေရှင်းပေးမှုအခြေအနေများအား ကာယကံရှင်ပြည်သူများထံသို့ အကြောင်းပြန်ကြားပေးခြင်း စသည့် လုပ်ငန်းစဉ်များကို အလေးအနက်ထား၍ ပုံမှန်ဆောင်ရွက်ပေးလျက် ရှိပါသည်။

၂။ သို့သော်လည်း နိုင်ငံတော်အကြီးအကဲများ၏ ပြည်တွင်းခရီးစဉ်များအတွင်း ပြည်သူအချို့က ၎င်းတို့၏ နစ်နာချက်များ၊ တိုင်ကြားချက်များ၊ အကြံပြုချက်များကို ရေးသားတင်ပြထားသည့် စာများအား နိုင်ငံတော်အကြီးအကဲများ၏လက်ဝယ်သို့ ကိုယ်တိုင်ကိုယ်ကျပေးအပ်နိုင်ရန် ကြိုးပမ်းခဲ့ကြခြင်း၊ ထိုသို့ပေးအပ်ရန် အခွင့်မသာသည့်အချိန်အခါများတွင် အကြီးအကဲများ၏ ခရီးစဉ်အတွင်း၌ စာများ၊ ပစ္စည်းများကို ပစ်ပေးခြင်းများ ပြုလုပ်ခဲ့ကြခြင်းကြောင့် နိုင်ငံတော်အကြီးအကဲများ၏ လုံခြုံရေးအတွက် ပြည်သူများအကြားတွင် စိုးရိမ်ပူပန်မှုများ မြင့်တက်စေပြီး ဝေဖန်မှုများလည်း တိုးပွားလာပါသည်။

**စာမျက်နှာ ၃ ကော်လံ ၃ သို့ ☆**

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုနှင့် အဖွဲ့ဝင်များ ဖြစ်ကြသည့် ဦးမြသိန်း၊ သံအမတ်ကြီး ကင်ဇိုအိုရှီးမား၊ ပါမောက္ခ ဒေါက်တာ အောင်ထွန်းသက်တို့အား ယနေ့ မွန်းလွဲ ၂ နာရီတွင် နိုင်ငံခြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမတွင် လက်ခံတွေ့ဆုံသည်။

**ဆွေးနွေး**

ထိုသို့တွေ့ဆုံရာတွင် ကော်မရှင်အနေဖြင့် ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များ၊ ကော်မရှင်၏ လုပ်ငန်းတာဝန်သတ်မှတ်ချက် အတည်ပြုရေးကိစ္စ၊ ကော်မရှင်အား အထောက်အကူပြုမည့် အတွင်းရေးမှူးရုံးအဖွဲ့ ဖွဲ့စည်းရေးတို့နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့ ○**



နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် လွတ်လပ်သောစုံစမ်းစစ်ဆေးရေး ကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယိုမယ်နာလိုအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် စင်ကာပူနိုင်ငံသို့ အလုပ်သဘော ချစ်ကြည်ရေးခရီး သွားရောက်မည်

**နေပြည်တော် ဩဂုတ် ၁၆**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် စင်ကာပူသမ္မတနိုင်ငံ ဝန်ကြီးချုပ် မစ္စတာ လီရှန်လုံး၏ ဖိတ်ကြားချက်အရ မကြာမီကာလအတွင်း စင်ကာပူနိုင်ငံသို့ အလုပ်သဘောချစ်ကြည်ရေးခရီး သွားရောက်မည် ဖြစ်ပါသည်။

**သတင်းစဉ်**

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ
အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ချေးယူရန် လွှတ်တော်က သဘောတူ

စာမျက်နှာ » ၄

သတင်းအတုတွေနဲ့ အဝေးဆုံးမှာ နေကြမယ်

စာမျက်နှာ » ၆

ကုန်သွယ်ရေးလုပ်ငန်းများဖြင့် တိုင်းပြည်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သွယ်ဖွံ့ဖြိုး စီးပွားတိုး စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်

စာမျက်နှာ » ၁၀

KBZ BANK
STRENGTH OF MYANMAR
BEST BANK IN MYANMAR
Awarded by World Finance
Awarded by Euromoney
Awarded by The FinanceAsia

ကြေးမုံ

# ရှိရင်းစွဲဆက်ဆံပူးပေါင်းမှု ပိုမိုကောင်းမွန်

မြန်မာနိုင်ငံသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများအပါအဝင် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ တရုတ်၊ လာအို၊ ထိုင်းနိုင်ငံများနှင့် ရှေးအစဉ်အဆက် ချစ်ကြည်ရင်းနှီးစွာဖြင့် အတူပူးပေါင်းလက်တွဲနေထိုင်လျက်ရှိသည်။ ထိုသို့နေထိုင်ရာတွင် အဓိကကျသည့် အိမ်နီးချင်းနိုင်ငံများနှင့် အိမ်နီးချင်းကောင်းပီသစွာဖြင့် ပေါင်းသင်းဆက်ဆံလျက်ရှိသည်ကို မြင်တွေ့ရမည်ဖြစ်သည်။ အိမ်နီးချင်းနိုင်ငံအချင်းချင်း နှစ်နိုင်ငံခေါင်းဆောင်များ ပူးပေါင်းလက်တွဲဆောင်ရွက်လျက်ရှိသကဲ့သို့ နှစ်နိုင်ငံပြည်သူအချင်းချင်းလည်း ကူးလူးဆက်သွယ် ပေါင်းဖက်နေကြသည်။

ဩဂုတ်လ ၁၄ ရက်နေ့က မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ် (၇၀)ပြည့် အထိမ်းအမှတ်အခမ်းအနားကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် တက်ရောက်ပြီး အဖွင့်အမှာစကားပြောကြားရာတွင် "မိမိတို့ နှစ်နိုင်ငံဆက်ဆံရေးသည် ယခင်ကထက် ပိုမိုကောင်းမွန်လာသည် ဟူသည့် အချက်သည် အမှန်တကယ်ပင်ဖြစ်ပါကြောင်း၊ နှစ်နိုင်ငံအစိုးရအကြား ရင်းနှီးပွင့်လင်းစွာ ထိတွေ့ဆက်ဆံမှုနှင့် ပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းစဉ်များကြောင့် ရှိရင်းစွဲနားလည်မှုနှင့် ယုံကြည်မှုတို့ကို ပိုမိုခိုင်မာလာစေပါကြောင်း" ထည့်သွင်းပြောကြားခဲ့သည်။

မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းနိုင်ငံများဖြစ်သည်နှင့်အညီ နှစ်နိုင်ငံအကြား ဆက်ဆံမှုနှင့် ဆက်နွယ်ပူးပေါင်းဆောင်ရွက်မှုတို့သည် ရှေးအစဉ်အဆက်မှ မျက်မှောက်ကာလအထိတိုင် တည်မြဲခိုင်မာပြီး မိတ်ဆွေကောင်းပီသစွာ ဆက်ဆံလျက်ရှိသည်။ ၂၄၁၆ ကီလိုမီတာ ထိစပ်နေသည့် မြန်မာ-ထိုင်း နှစ်နိုင်ငံသည် အိမ်နီးချင်း၊ ဒေသတွင်း၌ အရေးပါသောနိုင်ငံများ ဖြစ်သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးကတည်းက သံတမန်ဆက်ဆံရေးကိုထူထောင်ခဲ့ပြီး နှစ်နိုင်ငံပြည်သူများအကျိုးစီးပွားအတွက် ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိသည်။

လက်ရှိအစိုးရသစ် စတင်တာဝန်ယူသည့်အချိန်တွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်၏ ပထမဆုံး တရားဝင်ချစ်ကြည်ရေးခရီး သွားရောက်ခဲ့သည့်နိုင်ငံဖြစ်ပြီး နှစ်နိုင်ငံ ခေါင်းဆောင်အချင်းချင်း အပြုသဘောဆောင်သည့် ဆွေးနွေးမှုများပြုလုပ်နိုင်ခဲ့ကာ နှစ်နိုင်ငံအကြား ကောင်းမွန်သောဆက်ဆံရေးကို မြှင့်တင်နိုင်ခဲ့သည်။ မိတ်ဆွေကောင်းတို့၏ ပြုမူလုပ်ကိုင်မှုတို့နှင့်အညီ တစ်ဦးလိုအပ်မှုကို တစ်ဦးက ဖြည့်ဆည်းပေးလျက်ရှိသည်။ လက်ရှိတွင် ထိုင်းနိုင်ငံတွင် မြန်မာနိုင်ငံမှ ရွှေ့ပြောင်းလုပ်သားသန်းနှင့်ချီ၍ နေထိုင်လုပ်ကိုင်လျက်ရှိရာ မြန်မာနိုင်ငံသားများ ဝင်ငွေရပြီး ထိုင်းနိုင်ငံ စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူ ဖြစ်စေသည်။

မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား သံတမန်ဆက်သွယ်မှုထူထောင်သည့် နှစ်(၇၀)ပြည့် အခမ်းအနားနှင့်အတူ (၉)ကြိမ်မြောက် မြန်မာ-ထိုင်းနှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကော်မရှင်အစည်းအဝေးကိုလည်း ကျင်းပခဲ့ရာ ထိုအစည်းအဝေးတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံအကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေး၊ စီးပွားရေးနှင့် လူမှုယဉ်ကျေးမှု ပူးပေါင်းဆောင်ရွက်ရေး၊ ထိုင်းနိုင်ငံတွင်ရောက်ရှိနေသည့် မြန်မာနိုင်ငံသားအလုပ်သမားများ အခွင့်အလမ်းများ ကာကွယ်မြှင့်တင်ရေးအတွက် ဆက်လက်ကြိုးပမ်းဆောင်ရွက်ရေး၊ နယ်စပ်ဒေသတစ်လျှောက်ရှိ ပြည်နယ်များအကြား ထိတွေ့ဆက်ဆံမှုမြှင့်တင်ရေး၊ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာအစိုးရ၏ကြိုးပမ်းနေမှုများကို အထောက်အကူပြုရေးအတွက် ဘက်စုံကဏ္ဍစုံပူးပေါင်းဆောင်ရွက်ရေး စသည်တို့ကို ဆွေးနွေးနိုင်ခဲ့သည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သည် အိမ်နီးချင်းကောင်းပီသစွာဖြင့် ဆက်ဆံပူးပေါင်းလက်တွဲ ဆောင်ရွက်လျက်ရှိပြီး နှစ်နိုင်ငံခေါင်းဆောင်များ၊ နှစ်နိုင်ငံပြည်သူများအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများနှင့် ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမိုတိုးတက်ဖြစ်ထွန်းနေမည်ဟု ယုံကြည်ပါသည်။ ။

MYANMAR
Digital News
Presented by NPE
www.mdn.gov.mm

# မန်းချောင်းဘေလီတံတား ပြန်လည်ဖြတ်သန်းခွင့်ပြု



**မင်းဘူး ဩဂုတ် ၁၅**
မင်းဘူး(စကု) မြို့နယ်အတွင်းရှိ မန်းရေနံမြေနှင့် ကျေးရွာများကို ဆက်သွယ်ထားသော မန်းချောင်းဘေလီတံတားသည် ဇွန်လအတွင်း မိုးအဆက်မပြတ် ရွာသွန်းပြီး ရေတိုက်စားမှုကြောင့် တံတားမှာ အန္တရာယ်ရှိသည့် အနေအထားသို့ ရောက်ရှိနေသဖြင့် ပြန်လည်ပြုပြင်ခြင်းလုပ်ငန်းများကို ဇူလိုင် ၁၆ ရက်မှ စတင်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၅ ရက်က ပြန်လည်ဖြတ်သန်းသွားလာခွင့်ပြုကြောင်း သိရသည်။

တံတားပြုပြင် ပြီးစီးခြင်းဖွင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၇ နာရီခွဲက ပြုလုပ်ခဲ့ရာ မန်းရေနံမြေ အထွေထွေမန်နေဂျာ ဦးရဲနိုင်နှင့် ဌာနမှူးများက ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး မန်းရေနံမြေဝန်ထမ်းများ၊ မယ်ဘေ့ကုန်းကျေးရွာနှင့် ခြင်ထောင်ကျေးရွာများမှ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ တံတားပြုပြင်ခြင်းလုပ်ငန်းများကို မြို့နယ်လမ်းဦးစီးဌာနနှင့် မန်းရေနံမြေ၊ ဆောက်လုပ်ရေးဌာနတို့က တာဝန်ယူပြန်လည်ပြုပြင်ခဲ့ရာ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၄ ရက်တွင် ပြီးစီးခဲ့ပြီး ငွေကျပ် သိန်း ၁၅၀ ခန့် ကုန်ကျခဲ့ကြောင်း သိရသည်။

တံတားကို လူ၊ ဆိုင်ကယ်၊ ယာဉ်ငယ်များအပါအဝင် ယာဉ်နှင့် ကုန်အလေးချိန် ငါးတန်သာ ဖြတ်သန်းသွားလာရန် ခွင့်ပြုထားပြီး မော်တော်ယာဉ်ကြီးများ သွားလာရန် မရရှိသေးကြောင်း၊ ပွင့်လင်းရာသီရောက်မှသာ တံတားတိုင် အောက်ခြေများအား ထပ်မံပြုပြင်သွားရန် စီစဉ်ထားကြောင်း မန်းရေနံမြေ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**မျိုးမြတ်(မင်းဘူး)**

# ရွှံ့ညွန်များ တင်ကျန်နေသည့် ကျောင်းဝင်း၌ ရေဝတီရေတပ်စခန်းဌာနချုပ်က စုပေါင်းသန့်ရှင်း



**ရန်ကုန် ဩဂုတ် ၁၅**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် အုံ့ကြီးအနောက်ရပ်ကွက်ရှိ အမှတ်(၁၅) အခြေခံပညာမူလတန်းကျောင်းဝင်းအတွင်း၊ အပြင်နှင့် စာသင်ဆောင်များ၌ ယမန်နေ့ညပိုင်းက ထူးကဲဒီရေတက်မှုကြောင့် ရေဝင်နစ်မြုပ်မှုများ ဖြစ်ပေါ်ခဲ့ရာ ရွှံ့ညွန်များ တင်ကျန်ခဲ့ကြောင်း သိရသည်။

ဩဂုတ် ၁၅ ရက်က နံနက်ပိုင်းက ရေဝတီရေတပ်စခန်းဌာနချုပ်မှ ဗိုလ်မှူးလွမ်းဝေ ဦးဆောင်၍ နယ်မြေခံ ခြေမြန်တပ်ရင်းမှ စစ်သည် ၁၃ ဦး၊ တပ်မတော်ရေမှ စစ်သည် ၅၀ တို့သည် ရွှံ့ညွန်များ တင်ကျန်နေသည့် စာသင်ကျောင်းဝင်းအတွင်း၊ အပြင်ရှိ ရွှံ့ညွန်များ ဆေးကြောခြင်း၊ တံမြက်စည်းလှည်းခြင်း၊ ကျောင်းသုံးအိမ်သာများ သန့်ရှင်းခြင်း၊ အမှိုက်များနှင့် ချုံနွယ်မြက်ပင်များ ရှင်းလင်းခြင်းများဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရန်ကုန်မြစ်အတွင်း ထူးကဲဒီရေမြင့်တက်လာမှုကြောင့် အဆိုပါ ကျောင်းအား ဩဂုတ် ၁၃ ရက်မှ ၁၄ ရက်အထိ ယာယီပိတ်ခဲ့ပြီး ဩဂုတ် ၁၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ခဲ့ရာ ကျောင်းသား ကျောင်းသူများအား စနေ၊ တနင်္ဂနွေနေ့တို့တွင် ပျက်ကွက်ရက်များကို အစားထိုးသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နိုင်လင်းကျော်(ဒလ)**

# သထုံ၌ ရေနစ်မြုပ်ပျက်စီးသည့် လယ်မြေများအတွက် မျိုးစပါး ထောက်ပံ့ပေးအပ်

**သထုံ ဩဂုတ် ၁၅**
မွန်ပြည်နယ် သထုံမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် မိုးစပါးစိုက်ခင်းများ၌ အချိန်မီ အစားထိုးစိုက်ပျိုးနိုင်ရန်အတွက် မျိုးစပါးများ ပထမအကြိမ် ထောက်ပံ့ပေးအပ်သည့် အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသိန်းဝင်းက သထုံမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုဖြစ်စဉ်များ၊ ထိခိုက်ဆုံးရှုံးမှုများနှင့် ကူညီကယ်ဆယ်ရေးဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစောခင်ကျော်မြင့်က သတ်မှတ်အထွက်နှုန်းပြည့်မီအောင် ပျက်စီးမိုးစပါးများ ပြန်လည်ဖြည့်တင်းစိုက်ပျိုးနိုင်ရေး ရှင်းလင်းပြောကြားသည်။

ယင်းနောက် သထုံမြို့နယ်အတွင်းရှိ ကျေးရွာကိုးရွာမှ ပျက်စီးလယ်ယာမြေများအတွက် ၁၀၅ ရက် မျိုးစပါးတင်းပေါင်း ၅၀၀ နှင့် ရက် ၉၀ မျိုးစပါးတင်းပေါင်း ၁၀၀၀ တို့အား တာဝန်ရှိသူတို့က ထောက်ပံ့ပေးအပ်ရာ ကျေးရွာအလိုက် တာဝန်ခံများက လက်ခံရယူသည်။

သထုံမြို့နယ်အတွင်း ဇူလိုင်လ စတုတ္ထပတ်မှ စတင်ကာ မိုးအဆက်မပြတ်ရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ကျေးရွာအုပ်စု ကိုးအုပ်စုရှိ မိုးစပါးစိုက်ဧကပေါင်း ၁၉၄၇၇ ဧက ရေနစ်မြုပ်ခဲ့ပြီး စပါးစိုက်ဧက ၄၆၀၀ ကျော်ခန့် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဩဂုတ် ၁၅**

ရန်ကုန်(ရွှေဈေး) ၉၄၈၀၀၀ - ၉၄၈၀၀၀ မန္တလေး(ရွှေဈေး) ၉၄၈၀၀၀ - ၉၄၈၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၉၂၅/၉၄၅ ကျပ်၊ | ၉၇၀/၉၈၀ ကျပ် |
| (ခ) အောက်တိန်း ၉၅ | တစ်လီတာ | ၉၃၅/၉၆၀ ကျပ်၊ | ၁၀၂၀/၁၀၃၀ ကျပ် |
| (ဂ) အောက်တိန်း ၉၂ | တစ်လီတာ | ၈၉၀/၉၁၅ ကျပ်၊ | ၉၅၅/၉၈၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၃၅/၉၅၅ ကျပ်၊ | ၉၈၀/၉၉၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**
ဒီဇယ် တစ်လီတာ ၉၀၀/၉၁၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၉၁၀/၉၂၂ ကျပ်၊
အောက်တိန်း ၉၂ တစ်လီတာ ၈၆၅/၈၇၅ ကျပ်

**(မြန်မာနိုင်ငံစက်သုံးဆီအသင်း)**

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | |
|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၇၅. ၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၆၇၃. ၂ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၁၄. ၂၆ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၄၄. ၂၇၄ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၉. ၈၉ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၁. ၀၈၄ |
| (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၃၂၄. ၇ |
| (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၃၀. ၅၀ |
| (ဈ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၆၆. ၄ |
| (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၇၀. ၁ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှရယူသည်**

ကြေးမုံ
**ခေတ္တစာတည်းမှူးချုပ်** - ဦးဝင်းရွှေ
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း
**သတင်းထောက်မှူး** - ဦးငွေအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း
**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

**❍ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်မှ**

တွေ့ဆုံရာသို့ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်သည်။

မြန်မာနိုင်ငံအစိုးရသည် ရခိုင်ပြည်နယ်တွင် ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဆောင်ရွက်နိုင်ရန်အတွက် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ကို ၂၀၁၈ ခုနှစ် ဇူလိုင် ၃၀ ရက်တွင် ဖွဲ့စည်းခဲ့ခြင်းဖြစ်သည်။

**သတင်းစဉ်**

**☆ ရှေ့ဖုံးမှ**

၃။ သို့ဖြစ်ပါ၍ နိုင်ငံတော်အကြီးအကဲများ၏ ခရီးစဉ်များအတွင်း ပြည်သူလူထုက တင်ပြလိုသော စာများ၊ တင်ပြချက်များကို ခရီးစဉ်နှင့်အတူ လိုက်ပါလာမည့် နိုင်ငံတော်သမ္မတရုံးမှ ဖွဲ့စည်းပေးထားသည့် တိုင်ကြားစာလက်ခံရေးအဖွဲ့ထံသို့ ပေးအပ်ကြပါရန်နှင့် ၎င်းအဖွဲ့မှ အဆိုပါတင်ပြစာများကို စနစ်တကျ မှတ်ပုံတင်စာရင်းသွင်းလက်ခံ၍ ပျောက်ပျက်မှုမရှိစေဘဲ နိုင်ငံတော်အကြီးအကဲများထံ တင်ပြနိုင်ရေး အလေးအနက်ထား စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါသည်။

၄။ မိမိတို့၏ နစ်နာချက်များကို တင်ပြလိုသော ပြည်သူများအနေဖြင့်လည်း နိုင်ငံတော်အကြီးအကဲများ၏ ဘေးကင်းလုံခြုံရေး၊ ခရီးစဉ်များ အဆင်ပြေချောမွေ့စေရေးအတွက် နားလည်မှုအပြည့်ဖြင့် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံလျက် ပန်ကြားအပ်ပါသည်။

# စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးအရေးပေါ် ခိုလှုံနိုင်သည့် Shelter ခုနစ်လုံးတည်ဆောက်သွားရန် ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီသည် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်ရေး လုပ်ငန်းများကို ထိရောက်စွာ ဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း သဘာဝဘေး ကြိုတင်ကာကွယ်ရေး၊ ကြိုတင်ပြင်ဆင်ရေးလုပ်ငန်းများကို ပိုမိုအလေးထား ဆောင်ရွက်လျက်ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အရေးပေါ်ခိုလှုံနိုင်သည့် Shelter ခုနစ်လုံးကို ဆောက်လုပ်သွားရန်နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် လိုအပ်သည့် နေရာများတွင် တာပေါင်မြှင့်တင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ညှိနှိုင်းဆောင်ရွက်လျက်ရှိသည်။



စစ်ကိုင်းတိုင်းဒေသကြီးအနေဖြင့် နှစ်စဉ်နှစ်တိုင်း ရေဘေးဒဏ်ကို ခံစားရလေ့ရှိသည့်အတွက် မြစ်သာမြစ်နှင့် ချင်းတွင်းမြစ်ကမ်းဘေး ကျေးရွာများမှ ပြည်သူများ ရေဘေးခိုလှုံနိုင်ရန် ကလေးမြို့နယ်တွင် အင်းစိန်ကျေးရွာ၊ သဖန်းအိုင်ကျေးရွာနှင့် တောင်ဦး/ပြင်သာကျေးရွာတို့၏ စာသင်ကျောင်းဝင်းများအတွင်း၌ School-Cum Shelter တစ်လုံးစီ၊ ဟုမ္မလင်းမြို့နယ် ပရစ်ဖာနိုင်းကျေးရွာ မုက္ကလိအမကကျောင်း၊ ဖောင်းပြင်မြို့နယ် မက်ဆက်ကျေးရွာ အမကကျောင်း၊ ခန္တီးမြို့နယ် ပေါမိုင်းရပ်ကွက် အမက ၁ စာသင်ကျောင်းနှင့် မော်လိုက်မြို့နယ် ကြာအင်းကျေးရွာ အထကခွဲ ကျောင်းတို့တွင် School-Cum Shelter တစ်လုံးစီ စုစုပေါင်း School-Cum Shelter ခုနစ်လုံးကို အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုရန်ပုံငွေမှ ငွေကျပ်သန်းပေါင်း ၁၁၈၆ ဒသမ ၄၄ သန်း ကုန်ကျခံ ဆောက်လုပ်သွားမည်ဖြစ်သည်။

ယင်းကိစ္စများဆောင်ရွက်နိုင်ရန် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေးက စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်ထံသို့ လိုအပ်သည့်စာရွက်စာတမ်းများ လွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

ထို့အတူ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းတစ်ခုအနေဖြင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက် တာပေါင်မြှင့်တင်ရေး ဆောင်ရွက်ပေးနိုင်ရန် တာဝန်ရှိသူများနှင့်အတူ ကြည့်ရှုလေ့လာခဲ့ပြီး အမြင့်ရေတံခါးနှင့် ရွှေကူရေတံခါးအကြား အရှည်ပေ ၁၅၀၀၀ ခန့်ကို တာပေါင်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန် တိုင်းဒေသကြီး အစိုးရအဖွဲ့၊ သက်ဆိုင်ရာ ဝန်ကြီးဌာနများနှင့်အတူ ဆက်လက်ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်မြောက်ပိုင်းခရိုင်၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြို ဆင့်ပွားသင်တန်းဖွင့်

**ရန်ကုန် ဩဂုတ် ၁၅**

ရန်ကုန်မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲက ကြီးမှူးကျင်းပသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြို ဆရာဖြစ်ဆင့်ပွားသင်တန်းဖွင့်ပွဲကို ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီတွင် အင်းစိန်မြို့နယ် တောင်သူကုန်းရပ်ကွက် မင်းကွန်းကျောင်းတိုက် ဓမ္မာရုံ၌ ပြုလုပ်သည်။

သင်တန်းဖွင့်ပွဲတွင် မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မွေးက ရွေးကောက်ပွဲလုပ်ငန်းနှင့်ပတ်သက်၍ အမှာစကား ပြောကြားပြီး အင်းစိန်မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးကျော်လင်းက ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြိုဆရာဖြစ်သင်တန်း ဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက်သင်တန်းတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များဖြစ်ကြသည့် နည်းပြဆရာများက သင်တန်းသားများဖြစ်ကြသော အင်းစိန်နှင့် ရွှေပြည်သာမြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များ စုစုပေါင်း ၁၄ ဦးကို ရွေးကောက်ပွဲဆိုင်ရာဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ငန်းလမ်းညွှန်မှုများကို သင်တန်းဖွင့်လှစ်မှုနှင့်အတူ သဏ္ဍာန်တူပြုလုပ်ထားသော မဲရုံတွင် မဲပေးမှုပုံစံသရုပ်ပြဆောင်ရွက်မှုများကို ပရိဂျက်တာဖြင့် နှစ်ရက်ကြာ သင်ကြားပို့ချသွားမည်ဖြစ်ပြီး သင်တန်းသားများအနေဖြင့် မိမိတို့ မြို့နယ်၊ ရပ်ကွက်များအတွင်းရှိ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများ၊ အဖွဲ့ဝင်များအား ဆင့်ပွားသင်တန်းများ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**၆၈၄**





# ဗန်းမော်မြို့၌ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြိုဆင့်ပွားသင်တန်းဖွင့်

**ဗန်းမော် ဩဂုတ် ၁၅**

ကချင်ပြည်နယ် ဗန်းမော်မြို့တွင် ဗန်းမော်ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်ဆရာဖြစ်သင်တန်း ခရိုင်နှင့် မြို့နယ်အဆင့် ဆင့်ပွားသင်တန်းကို ယနေ့နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန(ကော်မရှင်ရုံးဟောင်း)၌ ဖွင့်လှစ်သည်။

သင်တန်းဖွင့်ပွဲတွင် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားပြီး ခရိုင်နှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ အဖွဲ့ဝင်များ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးဇော်သင်းနှင့် နိုင်ငံရေးပါတီများက မိတ်ဆက်ပြောကြားကြသည်။ ယင်းနောက် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ရွေးကောက်ပွဲအရာရှိ ဦးကျော်သိန်းဦးက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ အဆိုပါသင်တန်းကို ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမောင်မောင်က သင်တန်းနည်းပြအဖြစ် နှစ်ရက်ကြာ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြောက်ဦးမြို့၌ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ပါးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကျင်းပ

**မြောက်ဦး ဩဂုတ် ၁၅**

ရခိုင်ပြည်နယ် မြောက်ဦးခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများ ပူးပေါင်းကျင်းပသည့် သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ပါးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းကို ယနေ့နံနက် ၁၁ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရွှေဦးစွာ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးကျော်ဝင်းက အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမောင်သာစိန်က သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးမှုလျော့ပါးစေရေးနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဦးတင်ရွှေက ပြည်သူ့စကားဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် ဘေးအန္တရာယ်စီမံခန့်ခွဲမှုဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နန်းမိုးနွယ်နှင့် ဦးဆောင်ဆွေးနွေးသူများက သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက ကူညီကယ်ဆယ်ဆောင်ရွက်ရမည့် အကြောင်းအရာများကိုဆွေးနွေးကာ တက်ရောက်လာကြသူများ၏ မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ဖြေကြား ဆွေးနွေးကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့ကျင်းပ

## အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ချေးယူရန် လွှတ်တော်ကသဘောတူ

**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်သမ္မတထံမှ ပေးပို့ထားသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၏ စီမံကိန်းလုပ်ငန်းများဆောင်ရွက်ရန်အတွက် အာရှဖွံ့ဖြိုးရေးဘဏ်မှ အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ချေးယူရန်ကိစ္စနှင့်စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် နဝမပုံမှန်အစည်းအဝေး နဝမနေ့တွင် လွှတ်တော်ကသဘောတူကြောင်း ဆုံးဖြတ်သည်။

အဆိုပါ ချေးငွေခွင့်ပြုနိုင်ရေးနှင့် စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက ယခုစီမံကိန်းသည် နိုင်ငံတော်က ချမှတ်ထားသော စီးပွားရေးမူဝါဒ(၁၂)ချက်ဖြင့်လည်း ကိုက်ညီရမည်ဖြစ်ပြီး ဝန်ကြီးဌာန၏ ကဏ္ဍစီမံကိန်း သို့မဟုတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဒေသန္တရစီမံကိန်းများကိုလည်း အထောက်အကူပြုရမည်ဖြစ်ပါကြောင်း၊ Feasibility study ဆောင်ရွက်ပြီးမှသာ တိုင်းပြည်အတွက် အကျိုးရှိစေမည့် စီမံကိန်းဖြစ်သည့်အတွက် ဖွံ့ဖြိုးမှုအကူအညီများ ညှိနှိုင်းရေးအဖွဲ့၏ သဘောတူညီမှုဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြ၍ ချေးငွေရယူခြင်းဖြစ်ပါကြောင်း၊ ပြည်ပကြွေးမြီအခြေအနေနှင့် ပတ်သက်၍ ပြည်ထောင်စုလွှတ်တော်သို့ တင်ပြသည့် အစိုးရ၏ကြွေးမြီဆိုင်ရာ နှစ်ပတ်လည်အစီရင်ခံစာနှင့် ကာလလတ်ကြွေးမြီ စီမံခန့်ခွဲမှုမဟာဗျူဟာတွင်လည်း ထည့်သွင်းတင်ပြလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ ရာသီဥတုနှင့် လိုက်လျောညီထွေရှိသည့် စိုက်ပျိုးစီးပွားရေးလုပ်ငန်းဆိုင်ရာ တန်ဖိုးကွင်းဆက်စီမံကိန်းဆောင်ရွက်ရန် အာရှဖွံ့ဖြိုးရေးဘဏ်မှ ချေးငွေအမေရိကန်ဒေါ်လာ ၄၀ ဒသမ ၅ သန်း ရယူရေးကိစ္စအပေါ် ပြည်ထောင်စုလွှတ်တော်က အတည်ပြုပေးနိုင်ပါရန်တင်ပြပါကြောင်းဖြင့် ရှင်းလင်းသည်။

အလားတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းပြောကြားသည်။

### မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ကို လွှတ်တော်ကအတည်ပြု

ထို့ပြင် အစည်းအဝေးတွင် လွှတ်တော်နှစ်ရပ် သဘောထားကွဲလွဲသော မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဌေးဦးက ဥပဒေများကို အသစ်ပြဋ္ဌာန်းသည်ဖြစ်စေ၊ ပြင်ဆင်သည်ဖြစ်စေ တာဝန်ရှိသူများက လိုရာဆွဲယူပြီး ဆောင်ရွက်၍မရအောင် အချက်အလက်များကို တိတိကျကျရေးဆွဲပြဋ္ဌာန်းလိုက်ခြင်းဖြင့် ဥပဒေ၏ရည်ရွယ်ချက်ကို ထိရောက်အောင်မြင်နိုင်စေပါကြောင်းဖြင့် ဆွေးနွေးသည်။

အလားတူ ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေး၊ ကရင်ပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဒေါ်နော်ခရစ္စထွန်း (ခေါ်)ဒေါက်တာအားကာမိုး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးစိုးသိန်း(ခေါ်)ဦးမောင်စိုး၊ ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်၊ ရှမ်းပြည်နယ်မဲဆန္ဒနယ်အမှတ်(၇)မှ ဦးစိုင်းလုံစံခတ်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)မှ နော်လှလှစိုးနှင့် ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ် (၁၁)မှ ဒေါက်တာခွန်ဝင်းသောင်းတို့က ဥပဒေနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့၏ အတည်ပြုချက်များနှင့်စပ်လျဉ်း၍ ဆွေးနွေးကြသည်။



ပြည်ထောင်စုလွှတ်တော်နာယက ဦးတီခွန်မြတ်

အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က အတည်ပြုကြောင်း ဆုံးဖြတ်သည်။

### ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ်(၆/၂၀၁၈)နှင့်စပ်လျဉ်း၍ ဆွေးနွေး

ထို့နောက် ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တည်ဆောက်ရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှု အခြေအနေနှင့် စပ်လျဉ်း၍ ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက်အစီရင်ခံစာ အမှတ်စဉ်(၆/၂၀၁၈)အပေါ် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးကြသည်။

ပြင်ဦးလွင်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ခင်က ၂၀၁၇-၂၀၁၈ ခုနှစ် အခြေခံပညာဦးစီးဌာန၏ ခွင့်ပြုချက်လုပ်ငန်းများ၏ ပြီးစီးမှုအခြေအနေကို လေ့လာတွေ့ရှိမှုမှာ ဝန်ကြီးဌာနတစ်ခုလုံး၏လုပ်ငန်း ၂၇၀၀ ကျော်အနက် ၂၅၁ ခုသာ ပြီးစီးသည်ကို တွေ့ရှိရပါကြောင်း၊ လုပ်ငန်းတန်ဖိုးအမှန်တကယ်ပေးချေမှုတွင်လည်း အချို့တိုင်းဒေသကြီး၊ ပြည်နယ်များတွင် လုပ်ငန်းပြီးစီးမှုအတွက် တစ်ပြေးညီပေးချေနိုင်သည်ကိုတွေ့ရသော်လည်း အချို့မှာ တစ်ပြေးညီပေးချေဆောင်ရွက်နိုင်ခြင်းမရှိသည်ကို တွေ့ရှိရပါကြောင်း၊ တင်ဒါအတည်ပြုခြင်းနှင့် လုပ်ငန်းအပ်နှံသဘောတူစာချုပ်ချုပ်ဆိုရာတွင် မလိုလားအပ်သောနှောင့်နှေးကြန့်ကြာမှုများကြောင့် တည်ဆောက်ရေးလုပ်ငန်းများ အမှန်တကယ်ဆောင်ရွက်နိုင်သောကာလမှာ နိုဝင်ဘာလမှသာ ဆောင်ရွက်နိုင်သည်ကို တွေ့ရှိရပါကြောင်း ဆွေးနွေးသည်။

အုတ်တွင်းမဲဆန္ဒနယ်မှ ဒေါ်ချိုချိုက တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ ဖွဲ့စည်းရာတွင် ယခုထက်ပိုမိုပြီး ပွင့်လင်းမြင်သာမှုရှိပြီး ပိုပြီးတာဝန်ယူမှု၊ တာဝန်ခံမှုရှိအောင် ရည်ရွယ်ပြီး ယခုနှစ်၏အားနည်းချက်များ၊ ရွေးချယ်မှုမှားယွင်းမှုများ၊ ချို့ယွင်းချက်များကို နမူနာယူပြီး နောင်တွင် ပြန်လည်ဖွဲ့စည်းသင့်ပါကြောင်း၊ တင်ဒါရွေးချယ်ရာတွင် တင်ဒါကော်မတီ၏ အမှတ်ပေးစနစ်များကို ပြန်လည်သုံးသပ် ပြင်ဆင်ပေးရန်လိုပါကြောင်း၊ မတော်တဆမှားယွင်းအသုံးပြုမှုမဟုတ်ဘဲ မတရားအကျိုးအမြတ်ရရှိနိုင်ရန် တည်ဆောက်ရေးလုပ်ငန်း၏ အရည်အသွေး၊ အတိုင်းအတာနှင့် ဆောက်လုပ်ရေးပစ္စည်းများ စံချိန်စံညွှန်းမပြည့်မီခြင်းတို့အတွက် ထိရောက်စွာအရေးယူဆောင်ရွက်နိုင်သော စည်းကမ်းချက်များ ပါရှိသင့်ပါကြောင်း၊ တင်ဒါလုပ်ငန်းအဆင့်ဆင့်နှင့် တင်ဒါအောင်မြင်သူများကို တင်ဒါကော်မတီကသာ တာဝန်ခံရမည်ဖြစ်ပြီး တာဝန်ယူ၊ တာဝန်ခံစနစ်ဖြင့် ဆောင်ရွက်စေခြင်းဖြင့် တင်ဒါလုပ်ငန်းများ ပိုမိုသွက်လက်မြန်ဆန်လာနိုင်မည်ဖြစ်သည့်အတွက် ပြည်သူ့ငွေစာရင်းပူးပေါင်းကော်မတီ၏ လေ့လာတွေ့ရှိချက်နှင့် သဘောထားမှတ်ချက် အစီရင်ခံစာကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ အောင်မြေသာစံမဲဆန္ဒနယ်မှ ဒေါက်တာလှမိုး၊ မင်းတုန်းမဲဆန္ဒနယ်မှ ဒေါ်ခင်သန်းနု၊ ဆိပ်ကြီး/ ခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်၊ မင်းဘူးမဲဆန္ဒနယ်မှ ဦးဝင်းဝင်း၊ တပ်ကုန်းမဲဆန္ဒနယ်မှ ဦးကျော်တင့်၊ အိမ်မဲမဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ ဒဂုံမဲဆန္ဒနယ်မှ ဒေါက်တာသက်သက်ခိုင်၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ ဖောင်းပြင်မဲဆန္ဒနယ်မှ ဦးထွန်းဝေ၊ သိန်းနီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်း၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးသန်းစိုးအောင်၊ ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းမြင့်ဦး(ခေါ်)ဦးနေမျိုး၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးဇော်ဟိန်း၊ သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးညာဏ်ဟိန်း၊ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခေါ်)အတွတ်နှင့် မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးတင်အောင်ထွန်းတို့ကလည်း ဆွေးနွေးကြသည်။

**မျိုးမြင့်၊ ဟန်လင်းနိုင်(သတင်းစဉ်)**

# နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့ တွေ့ဆုံ



**နေပြည်တော် ဩဂုတ် ၁၅**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်အဖွဲ့တို့သည် ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ တွေ့ဆုံကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသောင်းထွန်း၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်၊ သမ္မတရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်၊ လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌ သံအမတ်ကြီး ရိုဆာရီယို မယ်နာလို၊ ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသည့် ဦးမြသိန်း၊ သံအမတ်ကြီး ကင်ဇိုအိုရှီးမား၊ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

မွန်းလွဲပိုင်းတွင် နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေသည် လွတ်လပ်သောစုံစမ်းစစ်ဆေးရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား နေပြည်တော်ရှိ ရွှေစံအိမ်ဟိုတယ်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

**သတင်းစဉ်**

## ပညာရပ်ဆိုင်ရာလုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပ

**နေပြည်တော် ဩဂုတ် ၁၅**

ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy- CSA)များ၏ တက္ကသိုလ်အကြံပေးအဖွဲ့များ၊ တက္ကသိုလ်ပညာရပ်အဖွဲ့များ ပညာရပ်ဆိုင်ရာလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၄/၂၀၁၈)ကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဒေါက်တာဝင်းသိမ်း တက်ရောက်အမှာစကားပြောကြားသည်။

အစည်းအဝေးတွင် ဗဟိုဝန်ထမ်းတက္ကသိုလ် ပြည်သူ့ဝန်ထမ်းအကယ်ဒမီ (Civil Services Academy-CSA)ပညာရေး၊ လေ့ကျင့်သင်ကြားရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ တက္ကသိုလ်အကြံပေးအဖွဲ့ အဖွဲ့ဝင်များက အကြံပြုတင်ပြကြပြီး ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌက အကြံပြုတင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်စွက်လမ်းညွှန်မှာကြားသည်။

အဆိုပါ အစည်းအဝေးသို့ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင်များ၊ ပြည်သူ့ဝန်ထမ်းအကယ်ဒမီများ၏ အကြံပေးအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**

## လေဖိအားနည်းရပ်ဝန်း ဆက်လက်တည်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့ နံနက် ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်မြောက်ပိုင်းတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။

**မိုး/ဇလ**

# ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

မြန်မာ-ထိုင်းနှစ်နိုင်ငံ အလုပ်သမားရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဝန်ကြီးအဆင့်ညှိနှိုင်းဆွေးနွေးရန် ထိုင်းနိုင်ငံ အလုပ်သမားဝန်ကြီး Pol. Gen Adul Sangsingkeo ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိခဲ့ရာ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့်အဖွဲ့က ကြိုဆိုကြသည်။

ကိုယ်စားလှယ်အဖွဲ့သည် ဩဂုတ် ၁၆ ရက်တွင် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ခြင်းနှင့် မြှင့်တင်ခြင်းဆိုင်ရာကိစ္စရပ်များ၊ MoU စနစ်ဖြင့် သွားရောက်ခဲ့သည့် မြန်မာအလုပ်သမားများကို ဥပဒေနှင့်အညီ ခံစားခွင့်များရရှိရေးနှင့် MoU လုပ်ငန်းစဉ်အောင်မြင်မှုကို နှစ်နိုင်ငံ ဆက်လက်ထိန်းသိမ်းရေး၊ နှစ်နိုင်ငံဖွဲ့စည်းထားသည့် Joint Working Group အဖွဲ့ဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာရေလုပ်သားများကို ခေါ်ယူရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းမှု များပြား

**တနင်္သာရီ ဩဂုတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း ရေကြီးမှုဒဏ်ခံခဲ့ရသည့် ရေဘေးသင့်ပြည်သူများအတွက် နယ်ပယ်အသီးသီးမှ စေတနာရှင်များ နေ့စဉ်လာရောက်လှူဒါန်းလျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီ ၄၅ မိနစ်က မြန်မာလူမှုဘဝတိုးတက်မြင့်မားရေးအသင်း ဥက္ကဋ္ဌ ရုပ်ရှင်သရုပ်ဆောင် ဦးဗေလုဝ၊ ဦးမေတ္တာနှင့်အဖွဲ့ဝင်များသည် တနင်္သာရီမြို့နယ် ရေဘေးသင့်ဒေသပြန်လည်ထူထောင်ရေးအတွက် ငါးပြည်ဝင် ဆန်အိတ် ၂၀၀၀၊ ငါးသေတ္တာဘူး ပါကင် ၁၅၀ တို့ကို တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများ အလှူခံဌာနနှင့် ယာယီကွပ်ကဲရေးရုံးသို့ ကိုယ်တိုင်လာရောက်လှူဒါန်းပြီးနောက် ၎င်းတို့အဖွဲ့သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ တိုင်းဒေသကြီးအမှတ်(၂)လွှတ်တော်ကိုယ်စားလှယ် ဦးရဲမြင့်ဆွေနှင့် အမှုဆောင်များလိုက်ပါ၍ ပဝကျေးရွာအုပ်စုအတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့် သွားရောက်တွေ့ဆုံပြီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အပြင် မွန်းတည့် ၁၂ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်တိုးတက်ရေးအသင်းက ရေဘေးသင့်ပြည်သူများ ပြန်လည်ထူထောင်ရေးအတွက် တနင်္သာရီမြို့နယ် သံဃနာယကဥက္ကဋ္ဌ မြို့ဦးပရိယတ္တိစာသင်တိုက်ဆရာတော် အရှင်ဇောတိကထံမှတစ်ဆင့် ပေးပို့လှူဒါန်းသည့် ထောက်ပံ့ငွေကျပ် ၂၂ သိန်းနှင့် ကာလတန်ဖိုးငွေကျပ်သိန်း ၆၀ ရှိသည့် ကယ်ဆယ်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများကို ဆရာတော်ထံသို့ သွားရောက်၍ လက်ခံရယူခဲ့ပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

ထို့အတူ ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီမှစ၍ ဇဝဲကျေးရွာအုပ်စု မူလယဉ်ေးတောရဘုန်းတော်ကြီး ပညာသင်ကျောင်းဆရာတော် အရှင်ပညာဒီပ ဦးဆောင်မှုဖြင့် ထိုင်းနိုင်ငံမှ ဆရာတော် ကိုးပါး၊ ထိုင်းနိုင်ငံသား အမျိုးသား လေးဦး၊ အမျိုးသမီး ၁၀ ဦး၊ မြန်မာနိုင်ငံသား လေးဦးနှင့် မင်္ဂလာပါ လူငယ်ပရဟိတအသင်းဝင်များ စုစုပေါင်း ၂၇ ဦးတို့သည် ငွေကျပ် ၃၈၇ သိန်း တန်ဖိုးရှိ ဆန်၊ ငါးသေတ္တာဘူး၊ မာမားခေါက်ဆွဲ၊ ကိတ်မုန့်နှင့် ရေသန့်ဘူးများကို တနင်္သာရီမြို့နယ် ရေဘေးသင့်ပြည်သူများ အလှူခံဌာနနှင့် ယာယီကွပ်ကဲရေးရုံးသို့ လာရောက်ထောက်ပံ့လှူဒါန်းခဲ့ကြသည်။

ထို့နောက် ဆရာတော်နှင့်အဖွဲ့သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်းနှင့်အဖွဲ့ဝင်များလိုက်ပါလျက် ကျောက်တလုံးကျေးရွာအုပ်စု မြေမအုံကျေးရွာမှ အိမ်ထောင်စု ၁၁၃ စု၊ ဆင်ခြေဖုန်းကျေးရွာအုပ်စု ဘန်းသဲကျေးရွာမှ အိမ်ထောင်စု ၁၈ စု၊ တမုတ်ချုန်းကျေးရွာအုပ်စု ကျောက်မီးကျောင်းကျေးရွာမှ အိမ်ထောင်စု ၄၉ စု၊ မြန်မာအင်းတော်ရွာမှ အိမ်ထောင်စု ၉၂ စု စုစုပေါင်း အိမ်ထောင်စု ၂၇၂ စုမှ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံအားပေးစကားပြောကြား၍ စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နယ်ပယ်အသီးသီးမှ လှူဒါန်းကြသည့် ထောက်ပံ့ငွေ၊ ကယ်ဆယ်ရေးပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တနင်္သာရီမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်ဟိန်း၊ တိုင်းဒေသကြီးအမှတ်(၂)ကိုယ်စားလှယ် ဦးရဲမြင့်ဆွေနှင့် အလှူငွေလက်ခံရေး၊ ခွဲဝေသုံးစွဲရေးနှင့် ပြန်ကြားရေးကော်မတီဥက္ကဋ္ဌ မြို့နယ်စီမံကိန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန်းရီနှင့် ကော်မတီဝင်များက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းနှင့်ဓာတ်ပုံ- နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**

# သီပေါ၌ သက်ကြီးရွယ်အိုများနှင့် ဝေဒနာရှင်များကို အခမဲ့ဆေးဝါးကုသပေး

**သီပေါ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ခုတင် ၁၀၀ ဆံ့ဆေးရုံ ဆေးရုံအုပ်ကြီး ဒေါက်တာနန္ဒဝင်းနှင့် ဆရာဝန်၊ ဆရာမများ၊ သူနာပြုများသည် ဩဂုတ် ၁၁ ရက်က သီပေါမြို့ ဇာတ်စုရပ်ကွက်ရှိ ဓမ္မာရုံ၌ သက်ကြီးရွယ်အိုများနှင့် ဝေဒနာရှင်များကို အခမဲ့ ဇီဝိတဒါန ဆေးဝါးကုသပေးခဲ့ကြသည်။



အဆိုပါ ဆေးကုသခြင်းကို မွန်းတည့် ၁၂ နာရီမှ ညနေပိုင်းအထိ လူနာ ၁၀၀ ကျော်ကို စမ်းသပ်စစ်ဆေးကုသပြီး ၁၅ ရက်စာ ဆေးဝါးများ အခမဲ့ လှူဒါန်းပေးအပ်ခဲ့ကြသည်။ သက်ကြီးရွယ်အို ဝေဒနာရှင်များကိုလည်း ပရဟိတအသင်းပိုင် မော်တော်ယာဉ်များဖြင့် အကြိုအပို့ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သီပေါကိုလတ်**

## ❒ ကျောဖုံးမှ

သားငှက်တိရစ္ဆာန်ထိန်းသိမ်းရေးဌာန၊ သစ်တောဦးစီးဌာန၊ မြန်မာ့သစ်လုပ်ငန်းနှင့် အခြားသော မိတ်ဖက်အဖွဲ့အစည်းများက ပူးပေါင်းကူညီပံ့ပိုးခဲ့ကြပြီး ကမ္ဘာလုံးဆိုင်ရာ သဘာဝပတ်ဝန်းကျင် ရန်ပုံငွေအဖွဲ့ (WWF)မှ အဓိက ပံ့ပိုးကူညီပေးကြောင်း သိရသည်။

WWF မှ ဆက်သွယ်ဆက်ဆံရေးအရာရှိ ဦးစောလင်းထက်က "သဘာဝသမိုင်းပြတိုက်ထဲမှာ ဒီဇိုင်းအပြင်အဆင်နဲ့ပတ်သက်ပြီး ဆင်တွေအတွက် သီးသန့်သဘောမျိုးပြင်ဆင်သလိုပေါ့။ ကုန်ကျစရိတ်ပိုင်းဆိုင်ရာတွေအတွက် ရန်ပုံငွေကတော့ ကျွန်တော်တို့ဘက်က ကျခံပြီးလုပ်မယ်။ ဝန်ကြီးဌာနဘက်ကတော့ တခြားလိုအပ်တဲ့ကိစ္စတွေ ပံ့ပိုးကူညီမယ်။ ကျွန်တော်တို့က ပူးပေါင်းဆောင်ရွက်တာပါ"ဟု ပြောသည်။

ရန်ကုန်တိရစ္ဆာန်ဥယျာဉ် သဘာဝသမိုင်းပြတိုက်အတွင်းမှ ပေ ၃၀၊ ပေ ၈၀ အကျယ်အဝန်းရှိ အခန်းတွင် ဖွင့်လှစ်မည့် ဆင်ပြတိုက်တွင် ဆင်ကျောက်ဖြစ်ရုပ်ကြွင်း မျိုးစိတ်ပေါင်း ၂၅ မျိုးနှင့် အရေအတွက်အားဖြင့် ၄၈ မျိုး၊ တောဆင်ရိုင်းသတ်ဖြတ်ခံရမှုနှင့် သက်ဆိုင်သောပုံများ၊ ဆင်အရိုး၊ ဆင်စွယ်များဖြင့် ပြုလုပ်ထားသော အသုံးအဆောင်ပစ္စည်း အမျိုးပေါင်း ၇၀၊ ဆင်အရိုး၊ ဆင်စွယ်များ၊ ဆင်စာအုပ်များနှင့် မှတ်တမ်းများ၊ အင်္ဂလိပ်ဘာသာဖြင့် ရေးသားထားသည့် တောဆင်ဖမ်းဆီးခြင်း စာချုပ်များ၊ ဆင်အသုံးအဆောင်ပစ္စည်းများဖြစ်သည့် ထူး၊ ခလောက်၊ က၊ ချွန်း၊ ခွေးခြေ၊ အုံးတုံ၊ သားရေ၊ သရေတန်းပုံစံငယ်၊ မုံထူး၊ တွဲကြိုး၊ သစ်ဆွဲကြိုး၊ ဓားမ၊ ပေါက်ချွန်း၊ ဆူးလိမ်၊ ဆင်ဝိုင်းတံငယ်များ၊ ဆင်နှင့်ပတ်သက်သော တိုင်းရင်းဆေးစာအုပ်များ၊ ဝါးကိုင်းအလုံးငယ်များဖြင့် နမူနာတည်ဆောက်ထားသည့် ဆင်ဖမ်းဆီးခြင်း နမူနာပုံစံငယ် ဒီဇိုင်းများ၊ ဆင်များအား ထိန်းကျောင်းခိုင်းစေရာတွင် ဆင်ဦးစီးများ အသုံးပြုသည့် Verbal Command များ၊ ဆင်ထိန်းသိမ်းစောင့်ရှောက်သည့် ရုပ်သေမှတ်တမ်းများ၊ ဆင်နှင့် သဘာဝပတ်ဝန်းကျင်တို့ အပြန်အလှန်အကျိုးပြုမှု ပန်းချီကား၊ ရှေးမြန်မာနန်းတွင်းနှင့် ဆင်အသုံးပြုပုံ၊ အသုံးဝင်ပုံမှတ်တမ်းဓာတ်ပုံများ စသည်တို့ကို ပြသထားမည်ဖြစ်ကြောင်း သိရသည်။

**သီသီမင်း**

## ★ မြစ်ရေကြီးမှုမှ

**တိုးမြစ်**

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ပေဝက်ခန့် ကျဆင်းနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သဖြင့် အဆိုပါမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်း နေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

## ■ (၁၈) ကြိမ်မြောက်မှ

အခွင့်အရေးများ ဖန်တီးနိုင်ခဲ့သည်။ ၄၄ မိနစ်တွင် မြန်မာအသင်း ဂိုးစရခဲ့ပြီး အောင်သူ ဖန်တီးပေးသောဘောလုံးကို မောင်မောင်လွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယပိုင်းတွင် မြောက်ကိုရီးယားအသင်းက ချေပဂိုးရရန် တိုက်စစ်အားမြှင့်လာသလို မြန်မာအသင်းကလည်း ဂိုးပြန်မပေးရရေးအတွက် ခံစစ်ကစားသမားများထည့်ကာ ခံစစ်အားပြု ကစားခဲ့သည်။ ၅၅ မိနစ်တွင် မြောက်ကိုရီးယားအသင်း ဂိုးပြန်ရခဲ့ပြီး ချန်ကွတ်ချိုက သွင်းယူခဲ့သည်။

ဂိုးရပြီးနောက်ပိုင်းတွင် မြောက်ကိုရီးယားအသင်း ဂိုးထပ်ရရန် ကြိုးပမ်းခဲ့ပြီး ကျော်ဇင်ထက် လက်စွမ်းပြကာကွယ်နိုင်ခဲ့၍သာ ဂိုးထပ်မပေးရခြင်းဖြစ်သည်။ မြန်မာအသင်းသည် တန်ပြန်တိုက်စစ်ဖြင့်သာ ကစားခဲ့ပြီး ၆၇ မိနစ်တွင် အောင်သူ ကန်ခွင့်ရခဲ့သော်လည်း ဘားထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။ အုပ်စု (စ) အခြားပွဲတွင် အီရန်နှင့် ဆော်ဒီအသင်းတို့ ဂိုးမရှိသရေကျခဲ့သည်။

မြန်မာအသင်းသည် ဒုတိယပွဲအဖြစ် ဩဂုတ် ၁၇ ရက်တွင် ဆော်ဒီအာရေဗျအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း-ရှိုင်းထက်ဇော်၊ ဓာတ်ပုံ-စိုးညွန့်**

## ❖ မြန်မာ-ဘင်္ဂလားဒေ့ရှ်မှ

နယ်မြေ(၅)၊ အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးခူရနယ်မြေရုံးမှ ဒုတိယရဲမှူး ထွန်းထွန်း ဦးစီးသည့် တပ်ဖွဲ့ဝင်ရှစ်ဦးသည် ရေယာဉ်တပ်ဖွဲ့စု(မောင်တော)မှ အမြန်သွားတိုက်ခိုက်ရေးရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၂)နယ်ခြားစောင့်တပ်မှ Naib Subedar Sha Alome ဦးစီး ၁၁ ဦးသည် စက်တပ်ရေယာဉ်နှစ်စင်းဖြင့် လည်းကောင်း စံပါယ်ပင်ရင်းချောင်းဝထိပ် နတ်မြစ်အလယ် နှစ်နိုင်ငံနယ်နိမိတ်အနီးဆုံးရပ်ရေမိုင် ၁၁ ၌ တွေ့ဆုံ၍ နတ်မြစ်ကြောင်းအတိုင်း ညှိနှိုင်းကင်းလှည့်ခဲ့ရာ နံနက် ၁၁ နာရီတွင် ပြူးမချောင်း ချောင်းဝအနီး ရေမိုင် ၁၄ နှင့် ၁၅ ကြားသို့ ရောက်ရှိခဲ့ကြောင်း သတင်းရရှိသည်။

**ရဲပြန်ကြား**



ရန်ကုန်မြို့ လှိုင်သာယာမြို့နယ် ပဒံကျေးရွာ အနော်ရထာလမ်းဘေးရှိ အမှတ်(၇) အခြေခံပညာအလယ်တန်းကျောင်း၌ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်မြတ်စိုး ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ကျောင်းသား ကျောင်းသူ ၂၀၀ ခန့်အား မူးယစ်ဆေး ကင်းစင်ရေး အသိပညာပေးဟောပြောစဉ်။

ကိုရဲ

# ကော့သောင်းမြို့၌ အမှိုက်များရှင်းလင်းမှု စုပေါင်းဆောင်ရွက်

**ကော့သောင်း ဩဂုတ် ၁၅**

ကော့သောင်းမြို့၏ မြို့ခံပရဟိတအဖွဲ့တစ်ခုဖြစ်သည့် ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့က အမှိုက်များ ရှင်းလင်းဖယ်ရှားခြင်းကို ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အခြေခံပညာကျောင်းများသို့ လိုက်လံစုပေါင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ကျောင်းသား ကျောင်းသူများ ရောဂါဘယကင်းဝေးစွာ ပညာသင်ကြားနိုင်ရေး ရည်ရွယ်လျက် ကမ်းနီးအဖြူရောင်ပရဟိတအဖွဲ့က ကော့သောင်းမြို့ အောင်သုခရပ်ကွက် အမှတ် ၁ အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ကာ ကျောင်းဝန်းကျင် ခြင်မခိုအောင်းနိုင်ရေး ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များကို ရှင်းလင်းဖယ်ရှားခြင်း၊ မော်တော်ယာဉ်များဖြင့် သတ်မှတ်ထားသည့် အမှိုက်စွန့်ပစ်ရာနေရာသို့ သယ်ယူပို့ဆောင်ပေးခြင်း၊ ရေစီးရေလာကောင်းမွန်ရေး ရေနုတ်မြောင်းအား တူးဖော်ပေးခြင်း လုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**

ကြေးမုံ
ဩဂုတ် ၁၆၊ ၂၀၁၈

# သတင်းအတုတွေနဲ့ အဝေးဆုံးမှာ နေကြမယ်

ရတနာချိုး

**နေ့**စဉ်နဲ့အမျှ လူသားတွေဟာ သတင်းတွေနဲ့ အသားကျနေပါတယ်။ သတင်းတစ်ခု ထူးခြားတာနဲ့ မီဒီယာတွေက တင်မကတော့ ဘူး၊ လူမှုကွန်ရက်တွေကနေ အလျင်မြန်ဆုံး နှုန်းနဲ့ တစ်ကမ္ဘာလုံးကို ပျံ့နှံ့သွားကြတော့ တာပါပဲ။

သတင်းအတုအယောင် (Fake News) တွေကို နိုင်ငံတကာမှာရော ပြည်တွင်းမှာပါ မကြာခဏကြုံတွေ့နေရပြီး အမှန်တရားက ဖိနပ်စီးနေချိန်မှာပဲ မုသားက ကမ္ဘာကိုပတ်ပြီး သွားပြီဆိုတဲ့ ဆိုရိုးစကားလို ထပ်ဆင့်ဖြန့်ဝေကြသူတွေ အများကြီးနဲ့ ပျံ့နှံ့သွားပြီးတဲ့နောက်မှာ အမှန်တရားကို ပြန်ရဖို့အတွက် အတော်လေး ဖြေရှင်းကြရတာ အားလုံးတွေ့မြင် ကြားသိနေကြမှာပါ။

လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ချင်းကနေ အဖွဲ့အစည်းတွေ၊ နိုင်ငံတွေ၊ လူမျိုးတွေ စသည်ဖြင့် အားလုံးမှာလက်ရှိရင်ဆိုင်နေကြရတဲ့ ပဋိပက္ခတွေရဲ့ အခြေခံအကြောင်းအရင်းတွေမှာ ခိုင်မာမှုမရှိ၊ မှန်ကန်မှုမရှိတဲ့ သတင်းအတု အယောင်တွေကြောင့်လည်း အတော်များများ ပါရှိပါတယ်။

အိန္ဒိယရဲ့ ဒေသအနှံ့မှာ ကလေးသူခိုးတွေ သောင်းကျန်းနေတယ်ဆိုတဲ့ သတင်းအတုအယောင်တစ်ခု ပျံ့နှံ့နေတဲ့အချိန် လူနှစ်ဦးက ကလေးတစ်စုကို စေတနာကောင်းကောင်းနဲ့ ချောကလက်ဝေနေတာကို သတင်းအတုတွေကြောင့် စိတ်ပူပန်နေတဲ့ လူအုပ်ကြီးက အသေရိုက်နှက်ခဲ့ဖူးပါတယ်။ သတင်းအတုရဲ့ ဦးတည်ချက်ကိုက ဂုဏ်သိက္ခာကျဆင်းအောင်၊ ထိတ်လန့်တကြားဖြစ်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်စီးအောင်၊ အထင်အမြင်လွဲမှားပြီး ဆက်ဆံရေးပျက်ပြားအောင် ရည်ရွယ်တာများပါတယ်။

လူ့စိတ်သဘောအရ မကောင်းတဲ့ အခြင်းအရာ၊ ဝမ်းနည်းဖွယ်ရာအဖြစ်အပျက်တွေကို ကြားသိရတဲ့အခါမှာ ခံစားမှုနောက်ကိုလိုက်ပြီး စဉ်းစားချင့်ချိန်နိုင်မှု အားနည်းသွားတတ်ပါတယ်။ နည်းပညာအရလည်း စာတစ်ကြောင်း မှတ်ချက်ပေးဖို့၊ ပြန်လည်မျှဝေဖို့ဆိုတဲ့ ကိစ္စတိုင်းဟာ အလွယ်ဆုံးအခြေအနေမှာ ရောက်ရှိလာနေတာကြောင့် မိမိကိုယ်တိုင်သည်ပင် သတင်းအတုတွေကို အလွယ်တကူ ဖြန့်ဝေသူ ဖြစ်သွားတတ်ပါတယ်။

ဒါတင်မကသေးပါဘူး။ ပြည်တွင်းမှာလည်း ရခိုင်ပြည်နယ် မြောက်ပိုင်း ပဋိပက္ခဖြစ်စဉ်တွေ ဖြစ်ပွားတုန်းက သတင်းအတုအယောင်ပေါင်းများစွာ ထွက်ပေါ်လာခဲ့ပြီး တစ်ကမ္ဘာလုံးကနေ ဝိုင်းဝန်းပြစ်တင်သံတွေ သောသောညံခဲ့ဖူးပါတယ်။ ပြည်တွင်းမီဒီယာတွေ အသံကုန်ဟစ်ပြီး ဖြေရှင်းကြတယ်။ အစိုးရက သတင်းစာရှင်းလင်းပွဲတွေ ထပ်ခါထပ်ခါ လုပ်ခဲ့ရပြီး အမှန်တရားကို ဖော်ထုတ်ပြသခဲ့ရတယ်။ သို့သော်လည်း သတင်းအတုအယောင်တွေ အရှိန်အဟုန်နဲ့ ပျံ့နှံ့ခဲ့သလောက် ပြန်လည်ပျံ့နှံ့ဖို့ မလွယ်ကူတာ၊ အမှန်တရားကိုပင် သံသယနဲ့ တုံ့ပြန်ခဲ့ကြတာ၊ အတော်လေး ဖြေရှင်းပြီးမှ အမှန်တရားက တဖြည်းဖြည်း ပေါ်လာတာ ကြုံခဲ့ရပါတယ်။

**ဒီလိုသတင်းအတုတွေနဲ့ ကြုံတွေ့ရတဲ့အခါ ပြန်လည်ဖြေရှင်းခွင့်ရပေမယ့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်း၊ နိုင်ငံစသည်ဖြင့် နစ်နာသူတွေအတွက် အတော်လေးခါးခါးသီးသီး ထိခိုက်ခံစားကြရပါတယ်။ အချိန်အတော်ကြာတဲ့အထိ အမှန်က မပေါ်နိုင်ဘဲ သတင်းအတုတွေကတော့ ဆက်ကာဆက်ကာလည်း ပျံ့နှံ့နေတတ်ပါတယ်။**

မကြာသေးမီက ဘင်္ဂလားဒေ့ရှ်နိုင်ငံကို ကမ္ဘာ့ဘဏ်ရဲ့ဥက္ကဋ္ဌ သွားရောက်တဲ့ ခရီးစဉ်တစ်ခုမှာ မြန်မာနိုင်ငံကို ကမ္ဘာ့ဘဏ်က ကူညီထောက်ပံ့မှုတွေ ရပ်ဆိုင်းလိုက်ပြီဆိုတဲ့ သတင်းတစ်ပုဒ်ကို တစ်ဖက်နိုင်ငံရဲ့ မီဒီယာ ပလက်ဖောင်းတစ်ခုမှာ တင်လိုက်တဲ့အခါ ဒီသတင်းဟာ တစ်မဟုတ်ချင်းကို တောမီးပမာ ပျံ့နှံ့သွားခဲ့ပါတယ်။

**ရက်ပိုင်းအတွင်း ကမ္ဘာ့ဘဏ် ဒုတိယဥက္ကဋ္ဌ မြန်မာနိုင်ငံကို လာရောက်စဉ် ဒီကိစ္စဟာ သတင်းမှားဖြစ်နေတယ်ဆိုတာ ရှင်းလင်းပြောကြားခဲ့သလို မြန်မာနိုင်ငံကို ဆက်လက်ကူညီပေးမယ်ဆိုတာကိုလည်း ထပ်လောင်းအတည်ပြု ပြောကြားရတာမျိုး ဖြစ်လိုက်ပါသေးတယ်။**

### သတင်းအတုအယောင်နဲ့ သတင်းအမှန်

အွန်လိုင်းပေါ်မှာ ပျံ့နှံ့နေတဲ့ သတင်းအတုတွေ အကြောင်းပြောရရင် ဘယ်အရာက သတင်းအစစ် အမှန်လဲဆိုတာ ခွဲခြားနိုင်ဖို့ ခဲယဉ်းပြီး အစစ်နဲ့ အလွန်တူတဲ့ လံကြုပ်ဇာတ်လမ်းတွေ မြင်တွေ့ကြရမှာပါ။

အဓိကကတော့ လူတွေရဲ့ အားနည်းချက်၊ လူတွေရဲ့ သဘောသဘာဝကို သိမြင်ပြီး အဲဒီအပေါ်မှာ ရည်ရွယ်ချက်ရှိရှိ အသုံးချတာပဲ ဖြစ်ပါတယ်။ လူတွေရဲ့စိတ်နှလုံးကို ထိခိုက်ခံစားရစေမယ့် အကြောင်းအရာ၊ သည်းခြေကြိုက်သတင်း ဇာတ်လမ်းမျိုးတွေ၊ ဒါပေမယ့် မှားယွင်းတဲ့ အကြောင်းတွေကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေကြတာပါပဲ။ သတင်းအတုဆိုတာ နေရာတိုင်းမှာရှိသလို လူမှုကွန်ရက်မီဒီယာတွေ၊ Group Chat တွေမှာလည်း မြင်တွေ့နေရပါတယ်။ ကလေးငယ်တွေ ပြန်ပေးဆွဲခံရတယ်ဆိုတဲ့ မတိကျမရေရာတဲ့ သတင်းတွေ၊ နိုင်ငံရေးမငြိမ်မသက် ဖြစ်စေမယ့် ဇာတ်လမ်းတုတွေကို ယုံကြည်ဖွယ်မရှိတဲ့ သတင်းအရင်းအမြစ်တွေဆီက ရပါတယ်။ ၂၀၁၇ ခုနှစ် Collins Dictionary မှာဆိုရင် Fake news ဆိုတဲ့ ဝေါဟာရကို "မှားယွင်းသော၊ တစ်ခါတစ်ရံ အုတ်အော်သောင်းတင်းဖြစ်သော၊ သတင်းကဲ့သို့ ထင်ယောင်ထင်မှားဖြစ်စေပြီး ပျံ့နှံ့စေတတ်သောအရာ"လို့ အဓိပ္ပာယ်ဖွင့်ဆိုထားပါတယ်။

**ဘယ်နေရာမှာတော့ စစ်ပွဲတွေဖြစ်ပွားနေတယ်၊ ဘယ်နေရာမှာတော့ အစုလိုက် အပြုံလိုက် သေဆုံးတယ်၊ ဘယ်နေရာမှာတော့ လက်နက်ခဲယမ်းတွေ ဖမ်းမိတယ်၊ ဘယ်သူကဖြင့် သေဆုံးတယ် စသည်ဖြင့် မမှန်ကန်တဲ့ သတင်းအတုတွေဟာ မကြာခဏ မြင်တွေ့နေရသလို အခြေအမြစ်မရှိ၊ တိကျသေချာမှုမရှိတဲ့ လက်ကိုင်ဖုန်းမဲဖောက်ပေးမည့် သတင်း၊ ထင်ရှားတဲ့ အနုပညာရှင်တွေရဲ့ မမှန်မကန်သတင်းမျိုးများနှင့် အချိန်အခါနှင့် ကိုက်ညီတဲ့ သတင်းအတုတွေကိုလည်း လူမှုကွန်ရက်တွေမှာ နေ့စဉ်နီးပါး မြင်တွေ့နေကြရပါတယ်။**

သတင်းအတုတွေကို ထင်သာမြင်သာရှိစေဖို့ဆိုတာ ဒစ်ဂျစ်တယ်မီဒီယာတွေမှာ အရေးပါတဲ့ အစိတ်အပိုင်းတစ်ခုဖြစ်ပြီး ဒစ်ဂျစ်တယ်ခေတ်မှာ အလေးထားဆောင်ရွက်ရမယ့် ကိစ္စလည်းဖြစ်ပါတယ်။ သတင်းအတုအယောင်တွေကို ဝေဖန်စိစစ်နိုင်တဲ့ အချက်တွေ အများကြီးရှိတဲ့အနက် ကမ္ဘာကျော်ရီးဒါးစ်ဒိုင်ဂျက်မဂ္ဂဇင်းက အကြံပြုထားတဲ့ အချက်တွေကို ပြန်လည်မျှဝေပါရစေ။ ဒီလို အချက်အလက်တွေကို သိထားမယ်ဆိုရင် သတင်းအတုတွေရဲ့ရန်ကနေ ကင်းဝေးပြီး အမှား၊ အမှန်ကို အမြန်ဆုံးခွဲခြား သိရှိနိုင်ပါလိမ့်မယ်။

### သေသေချာချာ ဖတ်ကြည့်ပါ

သတင်းတစ်ပုဒ်ကို ဖတ်ပြီဆိုရင် သတင်းဘယ်ကနေလာတယ် ဆိုတာကို ဦးစွာဖတ်ပါ။ အဲဒီဝက်ဘ်ဆိုက်ရဲ့ အခြားသတင်းတွေကိုလည်း မှန်၊ မမှန်စိစစ်သုံးသပ်ပါ။ ကိုးကားချက်တွေ မှန်ကန်ရဲ့လား၊ သဒ္ဒါမှန်ရဲ့လား၊ ပဟေဠိဆန်နေလားဆိုတာလည်း စိစစ်ပါ။ ဒါ့အပြင် ဝက်ဘ်ဆိုက်ဟာ တရားဝင်ဟုတ်၊ မဟုတ်နဲ့ အချို့သတင်းအတု ဝက်ဘ်ဆိုက်တွေဟာ နာမည်ကျော် သတင်းဝက်ဘ်ဆိုက်တွေရဲ့ လိုဂိုတွေ၊ အမည်တွေကို ဆင်တူယိုးမှား ပြုလုပ်ထားတတ်ပါသေးတယ်။ ဥပမာဆိုရင် abcnews.go.com ဆိုတာ ABC သတင်းဌာနကြီးရဲ့ ဝက်ဘ်ဆိုက်လိပ်စာအမှန်ဖြစ်ပြီး သတင်းအတုတွေကိုတော့ abcnews.com.co ဆိုတဲ့ သတင်းအတုဝက်ဘ်ဆိုက်ကနေ ဖြန့်ဝေနေတာကို မြင်တွေ့ရပါတယ်။

### လုပ်ကြံဖန်တီးထားတဲ့ အချက်တွေပါဝင်တတ်

အချို့သတင်းအတုတွေဟာ သတင်းတစ်ပုဒ်ထဲမှာ မှန်ကန်တဲ့ အကြောင်းအရာတွေ ပါနေတတ်ပြီး အချက်အလက်အမှားတွေ၊ ဇယားနဲ့ မှတ်တမ်းမှတ်ရာအမှားတွေနဲ့ တမင်ပေါင်းစပ်ထားတာမျိုး ရှိပါတယ်။ ဥပမာအားဖြင့် ဖြစ်ရပ်နဲ့ လူပုဂ္ဂိုလ်ရဲ့ ခံစားချက်က အစစ်အမှန်ဖြစ်နေပြီး ဖော်ပြတဲ့ ကောက်နုတ်ချက်တွေက အခြားအချက်တွေနဲ့ ဖန်တီးထားတာမျိုး ဖြစ်တတ်ပါတယ်။ ဒါကြောင့် ဖတ်တဲ့သတင်းက စိတ်ကူးယဉ် သတင်းလား၊ ဖန်တီးထားတာလားဆိုတာ သိနိုင်ဖို့ အခြားသတင်းဝက်ဘ်ဆိုက်တွေကိုလည်း တိုက်ဆိုင်ဖတ်ရှုပြီးမှ ယုံကြည်သင့်ပါတယ်။

### သတင်းဓာတ်ပုံတိုင်းမှာ ရာဇဝင်ရှိပါတယ်

အချို့သော ဓာတ်ပုံများ၊ ဗီဒီယိုများက ယုံကြည်နိုင်လောက်အောင် ပြုပြင်ထားတဲ့ အရာတွေ ဖြစ်နေတတ်ပါတယ်။ တစ်ခါတစ်ရံမှာတော့ ဓာတ်ပုံက အမှန်၊ သတင်းက အတု၊ တစ်ခါတစ်ခါလည်း သတင်းက အမှန်၊ ဓာတ်ပုံက အတုဖြစ်နေတတ်လို့ မူရင်းဓာတ်ပုံ ဘယ်ကလာတယ်ဆိုတာ စိစစ်သင့်ပါတယ်။ တင်ထားတဲ့ သတင်းဓာတ်ပုံတွေကို images. google. com ကိုသွားပြီး သတင်းနဲ့ မှန်၊ မမှန် ချိန်ကိုက်နိုင်ပါတယ်။ ပုံရဲ့ရာဇဝင်နဲ့ ဘယ်လို ရည်ရွယ်ချက်နဲ့ အသုံးပြုထားသလဲ၊ ဓာတ်ပုံအစစ်အမှန်ဟုတ်၊ မဟုတ် စတာတွေကို စိစစ်နိုင်ပါတယ်။

### လေ့လာစိစစ်ပါ

သံသယဖြစ်စရာ သတင်းအစအနတွေ ရခဲ့ရင် အခြားသတင်းအရင်းအမြစ်တွေမှာ ပြန်လည်စိစစ်နိုင်ပါတယ်။ ဥပမာ ပြန်ပေးဆွဲတဲ့သတင်းကိုတွေ့ရင် ကိုယ့်ဒေသကထုတ်တဲ့ သတင်းစာမှာ ဒီသတင်းက ပါမလာရင် ယုံကြည်ဖွယ်မရှိဘူးလို့ ယူဆလို့ရပါတယ်။ ဒါမှမဟုတ်လည်း သတင်းအရင်းအမြစ်တွေက သေချာရဲ့လားလေ့လာပါ။ အချက်အလက် စစ်ဆေးတဲ့ ဝက်ဘ်ဆိုက်တွေဖြစ်တဲ့ Snopes. com၊ PolitiFact.com နှင့် FactCheck. org အစရှိတဲ့ ဝက်ဘ်ဆိုက်တွေမှာ လေ့လာနိုင်သလို သတင်းအတုအယောင်တွေ၊ ကောလာဟလတွေ၊ ရာဇဝင်တွေ အစရှိတာတွေကို ရှာဖွေတွေ့ရှိနိုင်ပါတယ်။ အချို့ link တွေဟာ ကျော်ကြားတဲ့ ဆိုက်တွေရဲ့ link တွေနဲ့ဆင်တူပေမယ့် စာလုံးပေါင်းမှားယွင်းတာ၊ ပုံမှန်မဟုတ်တဲ့ စာလုံးတွေပါဝင်တာ ရှိပါတယ်။

### သရော်စာလားဆိုတာ စိစစ်ပါ

အချို့သရော်စာတွေဟာ သတင်းလို့ထင်ရတာမျိုး ဖြစ်တတ်ပါတယ်။ သူတို့ရဲ့ ရည်ရွယ်ချက်ကတော့ ဟာသလုပ်တာပါ။ အကြောင်းအရာတွေကို ပုံကြီးချဲ့ပြီး ရယ်စရာအနေနဲ့ ရသတစ်မျိုးကို ပေးစွမ်းပါတယ်။ ဒါကြောင့် ကိုယ်ဖတ်မိတဲ့ အင်္ဂလိပ်သတင်းတစ်ပုဒ်ဟာ သရော်စာရေးသားထားတယ်လို့ ယူဆရင် The Onion၊ The Borowitz Report in The New Yorker စတဲ့ ဆိုက်တွေမှာ ဝင်ရောက်စစ်ဆေးနိုင်ပါသေးတယ်။

### ပေးပို့ချက်တိုင်းကို သတိထားပါ

ကိုယ့်ဆီကို တစ်စုံတစ်ယောက်ကနေ အကြောင်းအရာတစ်ခု ပေးပို့လိုက်တယ်ဆိုတိုင်းလည်း မယုံကြည်သင့်ပါဘူး။ ဒီအကြောင်းအရာဟာ ဘယ်ကနေလာတယ်ဆိုတာကို သေချာမသိရင် ထပ်ကာထပ်ကာ စစ်ဆေးဖို့လိုပါတယ်။ အချို့သတင်းအချက်အလက်တွေဟာ နောက်ပြောင်ထားတဲ့ လှည့်ကွက်တွေပါနေသလို စာလုံးပေါင်းနဲ့ သဒ္ဒါတွေကလည်း မမှန်နိုင်ပါဘူး။ ဒါကြောင့် သတင်းအတုတွေကို ရှောင်ဖို့ သင်္ကေတတွေအများကြီးကို သတင်းဖတ်တိုင်း ရှာဖွေသင့်ပါတယ်။ မယုံကြည်ရတဲ့ အချက်အလက်တွေ Message တွေ ဝင်လာပြီဆိုရင် ဘယ်ကရလာတဲ့ အချက်တွေလည်းဆိုတာ စိစစ်ပြီး မသေချာတဲ့ အဖြေထွက်ရင်တော့ နောက်တစ်ဦးဆီကို ထပ်ပြီး မမျှဝေမီ နှစ်ခါစဉ်းစားသင့်ပါတယ်။

သတင်းအတုတွေဟာ အာမေဋိတ်လို အမှတ်အသားတွေပါတဲ့ ခေါင်းစဉ်တွေ၊ စာလုံးအကြီးတွေနဲ့ မှတ်မိလွယ်၊ ဖတ်မိလွယ်အောင် လုပ်ဆောင်ထားကြတာလည်း ရှိပါတယ်။ ဒါကြောင့် ခေါင်းစဉ်က အံ့သြဖွယ်ဖြစ်နေမယ်၊ ယုံရခက်နေမယ်ဆိုရင်လည်း သတင်းအတု ဖြစ်နိုင်ပါတယ်။

### သတင်းအတုတိုက်ဖျက်ရေး မလေးရှားစတင်

သတင်းအတုတွေပျံ့နှံ့မှုကို တားဆီးဖို့အတွက် မလေးရှားနိုင်ငံမှာ သတင်းအတုအယောင် တိုက်ဖျက်ရေးဥပဒေကြမ်းကို ယခုနှစ် ဧပြီလအတွင်းမှာ တင်သွင်းခဲ့ပါတယ်။ အဲဒီဥပဒေကြမ်းမှာ ပြစ်ဒဏ်ချမှတ်မှုတွေ အများကြီးပါဝင်ပြီး ခြောက်နှစ်အထိ ထောင်ဒဏ်ချမှတ်နိုင်တဲ့အပြင် ဒဏ်ငွေ မလေးရှားရင်းဂစ် ငါးသိန်းအထိ ချမှတ်နိုင်တဲ့ ပြစ်ဒဏ်တွေ ပါဝင်ပါတယ်။

### အမှန်လား၊ အမှားလား ကိုယ်တိုင်ထိန်းချုပ်

WhatsApp တွေမှာ မတွေ့ချင်တဲ့ နံပါတ်တွေကို Block လုပ်နိုင်သလို Group Chat ကနေ ချက်ချင်းထွက်နိုင်ပါတယ်။ ဒါကတော့ WhatsApp အသုံးပြုရင်း ထိန်းချုပ်နိုင်တာပါ။ သတင်းအတုတွေဟာ တစ်ကမ္ဘာလုံးမှာ ဗိုင်းရပ်စ်လိုပဲ ပျံ့နှံ့လွယ်တာကြောင့် ကိုယ်ပိုင်အသိနဲ့ ဝေဖန်ပိုင်းခြားပြီးမှသာ ယုံကြည်ကြမယ်ဆိုရင် သတင်းအတုအယောင်တွေရဲ့ ပစ်မှတ်ကနေ လွတ်ကင်းနိုင်ကြမှာ ဖြစ်ပါတယ်။ ။

**ကိုးကား။ ။ Reader's Digest**

◆ အိန္ဒိယရဲ့ ဒေသအနှံ့မှာ ကလေးသူခိုးတွေ သောင်းကျန်းနေတယ်ဆိုတဲ့ သတင်းအတုအယောင်တစ်ခု ပျံ့နှံ့နေတဲ့အချိန် လူနှစ်ဦးက ကလေးတစ်စုကို စေတနာကောင်းကောင်းနဲ့ ချောကလက်ဝေနေတာကို သတင်းအတုတွေကြောင့် စိတ်ပူပန်နေတဲ့ လူအုပ်ကြီးက အသေရိုက်နှက်ခဲ့ဖူးပါတယ်။ သတင်းအတုရဲ့ ဦးတည်ချက်ကိုက ဂုဏ်သိက္ခာကျဆင်းအောင်၊ ထိတ်လန့်တကြားဖြစ်အောင်၊ တည်ငြိမ်အေးချမ်းမှု ပျက်စီးအောင်၊ အထင်အမြင်လွဲမှားပြီး ဆက်ဆံရေးပျက်ပြားအောင် ရည်ရွယ်တာများပါတယ်။

◆ အဓိကကတော့ လူတွေရဲ့ အားနည်းချက်၊ လူတွေရဲ့ သဘောသဘာဝကို သိမြင်ပြီး အဲဒီအပေါ်မှာ ရည်ရွယ်ချက်ရှိရှိ အသုံးချတာပဲ ဖြစ်ပါတယ်။ လူတွေရဲ့ စိတ်နှလုံးကို ထိခိုက်ခံစားရစေမယ့် အကြောင်းအရာ၊ သည်းခြေကြိုက်သတင်း ဇာတ်လမ်းမျိုးတွေ၊ ဒါပေမယ့် မှားယွင်းတဲ့အကြောင်းတွေကို ရည်ရွယ်ချက်ရှိရှိ ဖြန့်ဝေကြတာပါပဲ။ သတင်းအတုဆိုတာ နေရာတိုင်းမှာရှိသလို လူမှုကွန်ရက်မီဒီယာတွေ၊ Group Chat တွေမှာလည်း မြင်တွေ့နေရပါတယ်။

# ပခုက္ကူမြို့ သမိုင်းဝင်ရွှေကူမြတ်စွာဘုရားကြီး စိန်ဖူးတော် မြို့တွင်းလှည့်လည်အပူဇော်ခံ

**ပခုက္ကူ ဩဂုတ် ၁၅**

အလောင်းစည်သူမင်းကြီး တည်ထားကိုးကွယ်တော်မူခဲ့သော သမိုင်းဝင် ရွှေကူမြတ်စွာဘုရားကြီး အသစ်တင်လှူမည့် ရတနာရွှေထီးတော်၊ ရတနာငှက်မြတ်နားတော်နှင့် ရတနာစိန်ဖူးတော်များ မြို့တွင်း လှည့်လည်အပူဇော်ခံပွဲကို ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ပခုက္ကူမြို့ ရွှေကူမြတ်စွာဘုရားကြီးမှ စတင်ထွက်ခွာခဲ့သည်။



အသစ်တင်လှူမည့် ရွှေထီးတော်၊ ငှက်မြတ်နားတော်နှင့် စိန်ဖူးတော်တို့ကို ပုဂံဝင်၊ ရာဇာဝင်းတို့ဖြင့် ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်များဖြစ်သည့် နေတိုး၊ အောင်မင်းခန့်၊ ရွှေမှုံရတီ၊ ဖွေးဥခင်တို့ ပါဝင်ကာ အလှူရှင်များ၊ မြို့မိမြို့ဖများက ဗိုလ်ချုပ်လမ်း၊ သီတာလမ်း၊ မြို့မလမ်း၊ ဆုကြီးပန်လမ်းတို့မှ တစ်ဆင့် ဗိုလ်ချုပ်လမ်းသို့ပြန်ဝင်ကာ မြို့တွင်း လှည့်လည်အပူဇော်ခံသည်။

ရွှေကူမြတ်စွာဘုရားကြီး အနေကဇာတင်ပွဲကို ဩဂုတ် ၁၈ ရက်နှင့် ရွှေထီးတော်တင်လှူပွဲကို ဩဂုတ် ၁၉ ရက်တို့တွင် ကျင်းပမည်ဖြစ်သည်။

ရွှေကူမြတ်စွာဘုရားကြီး တန်ဆောင်းအတွင်းရှိ ရွှေကူတံကဲတော်သည် ကမ္ဘာ့အံ့ဖွယ် ရှေးဟောင်းအနုပညာလက်ရာတစ်ခုဖြစ်ပြီး နိုင်ငံခြားသားများ လေ့လာမှုများကြောင်း သိရသည်။ **ကိုဇော်(ဓာတု)**

# ချင်းပြည်နယ်အတွင်းရှိ ငါးမွေးမြူသူ တောင်သူများအား ငါးသားပေါက်များ ပေးအပ်



**ဟားခါး ဩဂုတ် ၁၅**

မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၏ ဦးဆောင်မှုဖြင့် ချင်းပြည်နယ်အတွင်း ဟားခါးမြို့နယ်နှင့် ထန်တလန်မြို့နယ်ရှိ ငါးမွေးမြူရေးလုပ်ငန်း ဆောင်ရွက်သည့် တောင်သူများထံသို့ ငါးသားပေါက်များကို ပေးအပ်ပြီး သီကိရ်ရေလှောင်တမံ၊ လအော်ချောင်းနှင့် သီးမစ်ချောင်းအတွင်းသို့ ငါးများ လွှတ်ခဲ့ကြောင်း သိရသည်။

အဆိုပါ ငါးသားပေါက်များကို ရှမ်းပြည်နယ်ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးကောင်ရေ တစ်သိန်း၊ မန္တလေးတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးကောင်ရေ တစ်သိန်း၊ စစ်ကိုင်းတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်မှ ငါးကောင်ရေ နှစ်သိန်း စုစုပေါင်း ငါးကောင်ရေ လေးသိန်း လှူဒါန်းပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထန်တလန်မြို့နယ် သီကိရ်ရေလှောင်တမံတွင် ဇူလိုင် ၇ ရက်က ငါးကောင်ရေ တစ်သိန်း၊ ထန်တလန်မြို့နယ် ဟရိမ်ခန်းကျေးရွာအုပ်စု လအော်ချောင်းတွင် ဩဂုတ် ၁၀ ရက်က ငါးကောင်ရေ ခြောက်သောင်း၊ ကုလားတန်မြစ် မြစ်ဖျားခံရာ ဟားခါးမြို့နယ် သီးမစ်ချောင်းတွင် ဩဂုတ် ၁၀ ရက်က ငါးကောင်ရေ ၅၅၀၀၀ ကို လွှတ်ပေးခဲ့ပြီး ထန်တလန်မြို့နယ်ရှိ ငါးမွေးတောင်သူများအား ငါးကောင်ရေ ခုနစ်သောင်း၊ ဟားခါးမြို့နယ်ရှိ ငါးမွေးတောင်သူများအား ငါးကောင်ရေ ခြောက်သောင်း ပေးအပ်ခဲ့သည်။ ငါးသားပေါက်ကောင်ရေ စုစုပေါင်း လေးသိန်းအနက် ငါးကောင်ရေ ငါးသောင်းငါးထောင်မှာ သယ်ယူလာစဉ် သေဆုံးသွားခဲ့သည်။

ငါးသားပေါက်များ လွှတ်ပေးခြင်းနှင့် ငါးမွေးတောင်သူများသို့ ပေးအပ်ရာတွင် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် (ကိုယ်စား) ဦးချင်းလှအောင်၊ ချင်းပြည်နယ် ငါးလုပ်ငန်း ဦးစီးဌာနမှ ပြည်နယ်ဦးစီးမှူး ညွှန်ကြားရေးမှူး၊ လက်ထောက်ဦးစီးမှူး၊ ထန်တလန်မြို့နယ် အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများ၊ ဒေသခံ တောင်သူများပူးပေါင်းကာ ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## ပြည်သူ့ဝန်ဆောင်မှုရုံး ဂန့်ဂေါ၌ ဖွင့်လှစ်

**ဂန့်ဂေါ ဩဂုတ် ၁၅**

ပြည်သူ့ဝန်ဆောင်မှုရုံး အဆောက်အအုံဖွင့်ပွဲကို ယနေ့ နံနက် ၈ နာရီက ဂန့်ဂေါမြို့ ပြည်သူ့ဝန်ဆောင်မှုရုံးရှေ့၌ပြုလုပ်ရာ ဂန့်ဂေါခရိုင် အုပ်ချုပ်ရေးမှူး၊ မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်၊ ခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ကြသည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူးသည် ပြည်သူ့ဝန်ဆောင်မှုရုံးကို ကြည့်ရှုစစ်ဆေး၍ ဌာနအလိုက် တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံကာ လုပ်ငန်းဆိုင်ရာများကို ဆွေးနွေးမှာကြားခဲ့သည်။

အဆိုပါရုံးအဆောက်အအုံကို မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ပိုလျှံရန်ပုံငွေဖြင့် မတ် ၂၂ ရက်မှစတင်၍ အလျား ပေ ၄၀၊ အနံ ပေ ၂၀၊ အမြင့် ၁၀ ပေကို အုတ်ညှပ်၊ သမံတလင်း၊ သွပ်မိုးဖြင့် ဆောက်လုပ်ခဲ့ရာ ဇူလိုင် ၁၉ ရက်တွင် ပြီးစီးခဲ့ကြောင်း သိရသည်။

**ကျော်သန်းဆွေ(ပြန်/ဆက်)**



# ကျိုင်းတုံမြို့တွင်း မြေသယ်ကားများ စည်းကမ်းချက်သတ်မှတ်

**ကျိုင်းတုံ ဩဂုတ် ၁၅**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့တွင်း အုတ်၊ သဲ၊ မြေသယ်ကားများ စည်းကမ်းချက်သတ်မှတ်ထားရှိမှုနှင့်အညီ ဆောင်ရွက်ရန် အသိပညာပေးခြင်းကို ယနေ့ နံနက်ပိုင်းက ကျိုင်းတုံ-တောင်ကြီးလမ်းနှင့် ကျိုင်းတုံ-မိုင်းခတ်လမ်းတို့တွင် ပြုလုပ်ကြောင်း သိရသည်။

ကျိုင်းတုံမြို့တွင်း အုတ်၊ သဲ၊ မြေသယ်ကားများသည် အုတ်၊ သဲ၊ မြေကြီးများ သယ်ဆောင်ပါက လမ်းပေါ်သို့ ဖိတ်စဉ်ကျမှုမရှိစေရေးအတွက် အမိုးအကာများပြုလုပ်တင်ဆောင်ခြင်း၊ ယာဉ်၏ဘေးပေါင်ကျော်လွန်ခြင်း၊ နောက်ပိတ်တံခါးဖွင့် မောင်းနှင်မှုမရှိစေခြင်း စသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် ကိုက်ညီမှုရှိ၊ မရှိ အသိပညာပေးခြင်း၊ လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ကြသည်။

**ခရိုင်(ပြန်/ဆက်)**

# ပြုံးဖို့လိုပါတယ်

လူအမျိုးမျိုး စိတ်အထွေထွေအကြား လူတိုင်းမဖြစ်မနေ ကြုံတွေ့ရမည့်အရာမှာ အမုန်းပင်ဖြစ်သည်။ ကိုယ့်ထက်သာ မနာလို၊ ကိုယ့်ထက် တော်နေသမျှ ဝန်တိုရန်လိုစိတ်ကတော့ ဖြစ်မိမှာ သေချာပေသည်။ ထိုစိတ်ထား လူတိုင်း ထားမိမှာ သေချာပေသည်။ သို့သော် ထိုစိတ်ကို ထိန်းချုပ်နိုင်သူနှင့် မထိန်းချုပ်သူဟူ၍သာ ကွာခြားသွားမည်ဖြစ်သည်။ အသိပညာရင့်ကျက်သူများမှာ မနာလိုစိတ်ကို ထိန်းချုပ်ရင်း စိတ်ကောင်းများဖြင့် ရှင်သန်ကြသည်။ မနာလိုစိတ်ကို မထိန်းချုပ်နိုင်သူများမှာ အမုန်းပွားရင်း အရှုံးများဖြင့် နေထိုင်သွားကြရမြဲပင် ဖြစ်ပေသည်။

တရားတော်တွင် ဟောကြားထားသော အဆင့်မြင့်စိတ်ထားများကို လေ့လာသမျှအချက်လေးချက်ကို အခြေပြုရမြဲပင်ဖြစ်သည်။ ထိုအချက်လေးချက်မှာ မေတ္တာထားပါ။ အဆင်မပြေသူ ဆင်းရဲသူကိုတွေ့လျှင် သနားပါ။ အဆင်ပြေသူ၊ တိုးတက်နေသူ၊ အောင်မြင်နေသူကို တွေ့လျှင် ဝမ်းသာပါ။ ချစ်လွန်းခြင်း၊ မုန်းလွန်းခြင်း ကင်းအောင်နေထိုင်ပါဟု ညွှန်ပြထားပေသည်။ အဆင့်မြင့်စိတ်ထားကို စွဲကိုင်ထားသမျှ ရှင်သန်နေထိုင်ခြင်းက တန်ဖိုးရှိနေမည် ဖြစ်ပေသည်။

ရှင်သန်ရုန်းကန်မှုများအကြား မနာလိုခြင်း၊ မုန်းခြင်း၊ အလိုမကျခြင်း၊ အပြစ်ပြောကာကဲ့ရဲ့ခြင်းများဖြင့် မလွဲမသွေကြုံတွေ့ရမည်မှာ သေချာပေသည်။ ထိုအမုန်းစကားများကို ကိုယ်တိုင်ခံယူမိပါက အပူသောကနှင့် အရှုံးဆီ ဦးတည်သွားမည်ဖြစ်သည်။ ထိုအမုန်းကို အပြုံးနှင့်ရင်ဆိုင်သမျှ အနိုင်ရခြင်းဆီ ဦးတည်သွားမည်ဖြစ်သည်။ သို့အတွက် သူမုန်းလျှင် ကိုယ်ပြုံးဖို့ လိုအပ်လှပေသည်။ သူပြောသော အပြစ်စကား ကိုယ်တိုင်မခံယူဘဲ ဥပေက္ခာပြုရင်း ကိုယ်တိုင်ကြိုးစားခြင်းများကို ဆပွားပြုလုပ်ရမည်ဖြစ်သည်။ လူ့ဘဝတွင် တွေ့ကြုံရင်ဆိုင်ရသော ဖြစ်ရပ်များမှာ အများအားဖြင့် ရိုးရှင်းပြီးဖြစ်မြဲဆိုသော အဆင့်များအတွင်းသာ ရှိပေသည်။ ပိုမိုခံစားနေသည့်အတွက် ကြီးမားသွားခြင်းဖြစ်သည်။ အမှားရှိလျှင် အမှန်ရှိသည်။ အရှုံးရှိလျှင် အနိုင်ရှိသည်။ အမုန်းရှိလျှင် အချစ်ရှိသည်။ သူမုန်းလျှင်လည်း ကိုယ်ပြုံးနိုင်အောင် ကျင့်ဆောင်သင့်လှပေသည်။

ပတ်ဝန်းကျင်တွင် အမြဲကြားနေသောစကားမှာ အလုပ်မရှိခြင်းဆိုသော စကားပင်ဖြစ်သည်။ အလုပ်ရှင်အား မေးမြန်းသည့်အခါတွင်လည်း အလုပ်သမားမရှိဘူးဟုပင် ဆိုနေကြပေသည်။ အလုပ်ရှင်၊ အလုပ်သမား လိုဘများ မတူညီခြင်း၊ ကိုက်ညီသော လုပ်အားခမရရှိခြင်း၊ လုပ်အားခ ပိုမိုရရှိလိုခြင်းကို အခြေခံကာ အလုပ်ပြောင်းရွှေ့မှုများပြုလုပ်နေသည့်အတွက် အလုပ်မရှိခြင်းနှင့် အလုပ်သမားမရှိခြင်းများ ကြုံတွေ့နေရပေသည်။ မည်သို့ပင်ဖြစ်စေ အလုပ်မရှိလျှင် အလုပ်ရှာရမည်ဖြစ်သည်။ ပိတ်နေသော တံခါးများကို ခေါက်မှသာလျှင် လာရောက်ဖွင့်မည်ဖြစ်သည့်အတွက် အမြဲခေါက်နေဖို့သာ လိုအပ်လှပေသည်။ လူသည် ကိုယ့်ကိုယ်ကိုယ် အထင်ကြီးလှပေသည်။ ထို့အတူပင် လူသည် သူများဆိုလျှင် အထင်သေးမြဲပင်ဖြစ်သည်။ ထိုမတူခြင်းများအကြား အလုပ်နှင့်သက်သေပြခြင်းဖြင့်သာ မှန်ကန်သော ဆက်ဆံမှုကို ရရှိမည်ဖြစ်ပေသည်။ အလုပ်နှင့် လူသားစွမ်းရည်အကြား ကျွမ်းကျင်မှုများက သက်သေပြသွားမည် ဖြစ်သည်။ ထို့ထက်ပိုဆိုရပါမူ စေတနာထားရှိသည့် အပေါ် အဆုံးအဖြတ်ပေးသွားမည် ဖြစ်ပေသည်။

အလုပ်တစ်ခုမှထွက်ကာ အခြားအလုပ်တစ်ခုကို ပြောင်းရွှေ့သူများ အလုပ်မရသည့် အခိုက် စိတ်လေခြင်းများနှင့် ကြုံရမည်မှာ မလွဲပါချေ။ လေနေသောစိတ်ပိုင်ဆိုင်ထားသူမှာ ပြီးခဲ့သော အလုပ်ကို ဝေဖန်ခြင်း၊ ဆန်းစစ်ခြင်း၊ အပြစ်ဆိုခြင်းများဖြင့် အချိန်ကုန်သည်များလည်း ရှိနေပေသည်။ တစ်နည်းအားဖြင့် အလုပ်သံယောဇဉ်ဖြင့် အမြဲပြောဆိုနေတတ်ပေသည်။ ဖြစ်သင့်သည်က အလုပ်တစ်ခုမှ ထွက်လာပြီဆိုသည်နှင့် ထိုအလုပ်အကြောင်း ဝေဖန် လေကန်ခြင်းများရပ်ကာ ကိုယ်နှင့်ကိုက်ညီသည့် အလုပ်တစ်ခုကိုသာ သတ္တိရှိရှိ လုပ်ကိုင်ရန် ရှာဖွေသင့်လှပါပေသည်။

ထိုသို့အလုပ်သစ်ရှာဖွေမှုတွင် ကြောက်ရွံ့နောက်တွန့်သည့်စိတ်ကို ဖယ်ရှားကာ ကြောက်ရွံ့ခြင်းကိုဖြစ်စေသည့် ပတ်ဝန်းကျင်ကို ရှောင်ရှားရမည် ဖြစ်ပေသည်။ ဖြစ်နိုင်ခြင်းများကိုမျှော်လင့်ကာ ရှေ့ဆီလျှောက်လှမ်းဖို့ ခွန်အားတို့ မွေးကြရမည်ဖြစ်ပေသည်။ လူတို့မတိုးတက်ခြင်း၏ အဓိကတရားခံမှာ ဓာတ်ပြားဟောင်းကို ပြန်ဖွင့်ကာ ရွှေထီးဆောင်းခဲ့သော အတိတ်ကိုပြန်ပြောရင်း လက်ရှိလုပ်ငန်းကို အားလျော့စေသည့်အတွက်ကြောင့်ပင်ဖြစ်သည်။ အလုပ်မှ ထွက်လာပြီဆိုသည်နှင့် ခရီးလမ်းအသစ်အတွက်သာ အားစိုက်ရပေမည်။ မဖြစ်နိုင်သော မျှော်လင့်ချက်ကို စွန့်ကာ ဖြစ်နိုင်ခြင်းများဖြင့် စတင်ပြုလုပ်ရမည်ဖြစ်ပေသည်။

အသက်အရွယ်ရလာသည့်တိုင်အောင် ငယ်စဉ်က စွမ်းဆောင်နိုင်ခဲ့ခြင်းများကို မြင်ယောင်ကာ ငယ်စဉ်က သတ္တိကို ပြန်မွေးမြူရမည် ဖြစ်ပေသည်။ ကြုံတွေ့လာမည့် လောကဓံအတွက် ပြင်ဆင်ထားရမည်ဖြစ်သည်။ အလုပ်တစ်ခုကို မဖြစ်မနေလုပ်မည်ဟု ဆုံးဖြတ်ကာ ခိုင်မာသော ခွန်အားများကို ရယူပစ်ရမည်ဖြစ်သည်။ လောကတွင် အရာရာပြောင်းလဲနေသည့်အထဲ အစွဲနှင့်ကျန်ခဲ့သမျှ အားလုံးက ချန်ခဲ့မှာ မလွဲပါချေ။ ပြောင်းလဲချိန်တွင် မပြောင်းလဲပါက နောင်တတို့နှင့်သာ နိဂုံးချုပ်သွားရမည် ဖြစ်ပေသည်။

နယ်မြေသစ်ကို ဝင်လိုက်ပါ။ လုပ်ငန်းသစ်များကို ကြိုးစားလိုက်ပါ။ ပြောင်းလဲသင့်လျှင် ပြောင်းလဲလိုက်ပါ။ သူများထက် နှစ်ဆ ကြိုးစားလိုက်ပါ။ ကိုယ်တော်နေသမျှ မနာလိုသူတို့ပေါ်လာက အပြစ်တင်စကားကြားလာရမည် ဖြစ်ပေသည်။ ထိုသို့ကြားလာပါက မိမိတိုးတက်နေပြီဟု မှတ်ယူသင့်လှပေသည်။ မနာလိုသူတို့ပြောသမျှ စိတ်ဓာတ်ကျရန် မလိုပါချေ။ သူတို့မုန်းလျှင် ကိုယ်က ပြုံးနိုင်အောင် ကြိုးစားပြီး ပိုမိုကြိုးစားရပေမည်။ သူတို့မချစ်လို့ အပြစ်ဆိုသမျှ ကိုယ်က မေတ္တာဖြင့်သာ တုံ့ပြန်ရင်း အနိုင်ယူသင့်ပေသည်။

ဝဋ်ဆိုသည်မှာ နောင်ဘဝမှဟု မသတ်မှတ်သင့်ပါချေ။ သိပ္ပံနိယာမအရ သက်ရောက်မှုတိုင်း တန်ပြန်သက်ရောက်တတ်ပေသည်။ ခေတ်သစ်ဝေါဟာရ လူမှုကွန်ရက်စကားအတိုင်းဆိုရပါမူ သူဘလော့လျှင် ကိုယ်ဘလော့သလို ကိုယ်က သူများကို ဘလော့ပါက ကိုယ့်ကို ပြန်လည်ဘလော့သူ ပေါ်လာမှာမလွဲပါချေ။ သူမုန်းလျှင် ကိုယ်ပြုံးလိုက်ပါ။ ကောင်းသော လုပ်ဆောင်ချက်ဖြင့် ဘဝကိုရှင်သန်ရပ်တည်ပါ။ လှသောအပြုံးတို့ဖြင့် ပတ်ဝန်းကျင်ကို ကြည့်ရှုပါ။ ကောင်းသောနားတို့ဖြင့် ပတ်ဝန်းကျင်အသံကို စစ်ယူနားထောင်လိုက်ပါ။ ထိုသို့ ပြုမူလုပ်ကိုင်သမျှ ကိုယ်တိုင်က ကျေနပ်သောကိုယ်ဖြစ်ကာ လုပ်ငန်းခွင်ပျော်ရွှင်လာမည် ဖြစ်ပေသည်။ သို့အတွက် အခက်အခဲနှင့်ကြုံလာတိုင်း ကိုယ့်ကို မုန်းသူပေါ်လာတိုင်း စကားတစ်ခွန်းကိုသတိရကာ ထပ်မံကြိုးစားသင့်လှပေသည်။ ထိုစကားမှာ သူမုန်းလျှင် ကိုယ်ပြုံးဖို့လိုပါတယ် ဟူ၍သာ။ ။

**သရက်တန်းစိုးရွှေ(စိတ်ပညာ)**



## အခြေခံလူ့အခွင့်အရေးအလုပ်ရုံဆွေးနွေးပွဲ အိမ်မဲမြို့တွင် ကျင်းပ

**အိမ်မဲ ဩဂုတ် ၁၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ် ဆွမ်းလောင်းဓမ္မာရုံတော်ကြီး၌ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကြီးမှူး၍ အခြေခံလူ့အခွင့်အရေးအလုပ်ရုံဆွေးနွေးပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက ကျင်းပခဲ့သည်။

အဆိုပါဆွေးနွေးပွဲတွင် အိမ်မဲမြို့နယ် တိုင်းဒေသကြီး (၁)လွှတ်တော်ကိုယ်စားလှယ် ဒေါ်ရီရီထွန်း၊ တိုင်းဒေသကြီး (၂)လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မြိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ထင်တို့က အဖွင့်အမှာစကား အသီးသီး ပြောကြားခဲ့သည်။

ထို့နောက် လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့ စီမံကိန်းဒါရိုက်တာ ဦးမောင်မောင်လေးက အလုပ်ရုံဆွေးနွေးပွဲကျင်းပရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး အခြေခံလူ့အခွင့်အရေးဆွေးနွေးပွဲကို အိမ်မဲမြို့ ဆွမ်းလောင်းဓမ္မာရုံတော်ကြီးတွင် ဩဂုတ် ၁၄ ရက်မှ ၁၆ ရက်အထိ ဆွေးနွေးလျက်ရှိကြောင်း သိရသည်။

လူ့အခွင့်အရေး ကာကွယ်မြှင့်တင်သူများအဖွဲ့ကို ၂-၂-၂၀၀၀ ရက်မှ စတင်ဖွဲ့စည်းခဲ့သည်။ နိုင်ငံသားတိုင်း မိမိအခွင့်အရေးနှင့် တာဝန်ကိုသိရှိရန်၊ လူ့အခွင့်အရေးနှင့်အညီ အသက်ရှင်သန်လုံခြုံရန်၊ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ် အကူးအပြောင်းအတွက် အထောက်အကူဖြစ်ရန်၊ လူ့အခွင့်အရေးအသိမြှင့်တင်ခြင်းနှင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို အကူအညီပေးရန်စသည့် ရည်ရွယ်ချက်များဖြင့် ယခုလိုအလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းပေးရခြင်းဖြစ်ကြောင်း လူ့အခွင့်အရေးကာကွယ်မြှင့်တင်သူများအဖွဲ့မှ စီမံကိန်းဒါရိုက်တာ ဦးမောင်မောင်လေးက ပြောကြားသည်။

**ချစ်သက်လယ် (ပြန်/ဆက်)**

## ၂၀၁၈ ခုနှစ် လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့၏ ရည်ရွယ်ချက် (၄) ရပ်

- လူကုန်ကူးမှုတိုက်ဖျက်ရေးကို အမျိုးသားရေးတာဝန်အဖြစ် သတ်မှတ်၍ နိုင်ငံသားအားလုံး ပူးပေါင်းဆောင်ရွက်ရန်။
- လူကုန်ကူးမှုဆိုင်ရာ အသိပညာများ ပြည်သူလူထုအတွင်း စိမ့်ဝင်ပျံ့နှံ့စေရန်။
- လူကုန်ကူးခံရသူများအား စာနာနားလည်ခြင်းဖြင့် ကာကွယ်စောင့်ရှောက်နိုင်ရန်။
- လူကုန်ကူးမှုတိုက်ဖျက်ရေး လုပ်ငန်းစဉ်များအားလုံးတွင် ဌာနဆိုင်ရာများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရန်။

## သီပေါမြို့၌ သောက်သုံးရေရရှိရေး ဆောင်ရွက်

**သီပေါ ဩဂုတ် ၁၅**
ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် မူဝါဒများ၊ ရည်မှန်းချက်များ ဆင်းရဲမှုလျှော့ချရေး မဟာဗျူဟာများရေးဆွဲ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကျေးလက်နေ ပြည်သူများ သန့်ရှင်းသောသောက်သုံးရေ ရရှိရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမခြောက်လပတ်အတွင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် နားလေခေး ကျေးရွာအုပ်စု ဆိုင်ခေါင်ကျေးရွာရှိ အိမ်ခြေ ၃၅ အိမ်၊ လူဦးရေ ၁၁၆ ဦး တို့အတွက် စိမ့်စမ်းရေတင်ခြင်းလုပ်ငန်း သုည ဒသမ ၆ မိုင် လုပ်ငန်း ခွင့်ပြုငွေ ၁၁ ဒသမ ၃၉၉ သန်းနှင့် နောင်အန်ကျေးရွာအုပ်စု နမ့်ပုံ့ပန့်ကျေးရွာ၌ အိမ်ခြေ ၂၃အိမ်၊ လူဦးရေ ၉၅ ဦးတို့အတွက် တွင်းတိမ်တူးဖော်ခြင်းလုပ်ငန်း ခွင့်ပြုငွေကျပ် ၆ ဒသမ ၂၇ သန်းတို့ဖြင့် လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ဩဂုတ် ၁၅ ရက်တွင် ကျောက်မဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ မြို့နယ်ကျေးလက်ဒေသ ဦးစီးမှူး ဒေါ်နှင်းယဉ်ဝင်းနှင့် တာဝန်ခံ အင်ဂျင်နီယာတို့က ရှင်းလင်းပြသခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

## မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ဘွဲ့ရများ၏ အလုပ်အကိုင် အခွင့်အလမ်း ပိုမိုများပြားလာ

**ရန်ကုန် ဩဂုတ် ၁၅**
မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ ကျောင်းဆင်းဘွဲ့ရ လူငယ်များအတွက် နိုင်ငံတကာသင်္ဘောကုမ္ပဏီကြီးများအပြင် ပြည်တွင်း၊ ပြည်ပ စက်ရုံ၊ အလုပ်ရုံများ၊ ဆိပ်ကမ်းများနှင့် ချိတ်ဆက်၍ အလုပ်အကိုင်အခွင့်အလမ်းများ ရှာဖွေပေးလျက်ရှိရာ ယခုအခါ အလုပ်အကိုင် အခွင့်အလမ်း ရှာဖွေပေးနိုင်မှု ယခင်နှစ်များထက် ပိုမိုများပြားလာကြောင်း ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် ဖွင့်လှစ်ထားသည့် မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ပြောကြားသည်။



သန်လျင်မြို့နယ်တွင် ဖွင့်လှစ်ထားသည့် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်။

လက်ရှိအနေအထားအရ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်အနေဖြင့် ရေယာဉ်တည်ဆောက်မှု အင်ဂျင်နီယာဘာသာရပ် (NA)၊ တော်ဝင်ရေယာဉ်ဗိသုကာ၊ ဆိပ်ကမ်းအင်ဂျင်နီယာဘာသာရပ်၊ မြစ်ချောင်းနှင့် ကမ်းရိုးတန်းအင်ဂျင်နီယာဘာသာရပ်နှင့် အခြားရေကြောင်းဆိုင်ရာဘာသာရပ်၊ ရေကြောင်းလျှပ်စစ်နှင့် အီလက်ထရွန်နစ်ဘာသာရပ်၊ ရေကြောင်းစက်မှုအင်ဂျင်နီယာဘာသာရပ်၊ ရေကြောင်းသိပ္ပံဘာသာရပ်၊ ရေယာဉ် တည်ဆောက်မှုဘာသာရပ်၊ သင်္ဘောလုပ်ငန်းစီမံခန့်ခွဲမှု ဘာသာရပ်၊ ဆိပ်ကမ်းစီမံခန့်ခွဲမှု ဘာသာရပ်၊ ထောက်ပံ့သယ်ယူပို့ဆောင်ရေး စီမံခန့်ခွဲမှုဘာသာရပ်နှင့် အခြားရေကြောင်းဆိုင်ရာ ဘာသာရပ်များကို ဘာသာရပ်အလိုက် BE ဘွဲ့နှင့် B.Sc ဘွဲ့စသည်ဖြင့် စုစုပေါင်း ဘွဲ့ခုနစ်ဘွဲ့၊ ဒီပလိုမာ သုံးခုကို နှစ်နှစ်သင်တန်းအဖြစ် ဖွင့်လှစ်ပေးနေကြောင်း သိရသည်။

"ကျောင်းကနေ ဘွဲ့ပေးတဲ့ ဘွဲ့ခုနစ်ခုမှာ သုံးခုက သင်္ဘောလိုင်းတိုက်ရိုက်လိုက်နိုင်ပါတယ်။ အဲဒီအတွက် Shipping ကုမ္ပဏီတွေနဲ့ ချိတ်ဆက်ပြီး Scholar နဲ့ပတ်သက်တဲ့ ကျောင်းတက်နေတုန်း ခေါ်တာနဲ့ ကျောင်းပြီးဘွဲ့ရမှခေါ်တဲ့ Non-Scholar ဆိုပြီး စာချုပ်ချုပ်ဆိုကာ အလုပ်အကိုင် အခွင့်အလမ်းရရှိဖို့ ဖန်တီးပေးနေပါတယ်။ ဒီနည်းတွေနဲ့လည်း ကျောင်းသားတွေသင်္ဘောလိုက်နိုင်တဲ့ အလုပ်အကိုင်ရရှိစေဖို့ ဆောင်ရွက်ပေးတာ အတော်ကြီးကို အဆင်ပြေပါတယ်။ အခုနောက်ပိုင်းဆိုရင် ကျောင်းသားတော်တော်များများ အလုပ်အကိုင်တွေ ရရှိနေကြပါပြီ။ သင်္ဘောမဟုတ်ဘဲ ကျန်တဲ့ လေးဘာသာက ဘွဲ့ရတွေအနေနဲ့ ပြည်တွင်းက စက်ရုံ၊ အလုပ်ရုံများအပြင် အစိုးရအဖွဲ့အစည်းတွေနဲ့ပါ ချိတ်ဆက်ကာ ဆောင်ရွက်ပေးနေပါတယ်။ အထူးသဖြင့် ဂျပန်နိုင်ငံရှိ အဖွဲ့အစည်း သုံးခုလောက်နဲ့ ချိတ်ဆက်ပြီး ဒီနှစ်နှစ်၊ သုံးနှစ်ကာလအတွင်းမှာ အလုပ်အကိုင်အတွက် လွှတ်ပေးနေတာအခုဆို ၁၀၀ ကျော်လောက်ရှိနေပါပြီ။ တချို့လည်း အလုပ်မဝင်ဘဲ ME တို့၊ Ph.D တို့ ယူပြီး ဥရောပ၊ ဂျပန်၊ ကိုရီးယားဘက်ကို သွားတာတွေလည်း ရှိပါတယ်။ အလုပ်အကိုင်က တဖြည်းဖြည်းနဲ့ ပိုများလာတယ်။ လောလောဆယ်မှာ ကျွန်တော်တို့ ကျောင်းနဲ့ အနီးဆုံးမှာရှိတဲ့ သီလဝါ အထူးစီးပွားရေးဇုန်က ခေါ်ယူချင်လို့ လာပြီး ဟောပြောစည်းရုံးနေတာတွေလည်း ရှိနေပါတယ်" ဟု မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမြတ်လွင်က ရှင်းပြသည်။

ယခုအခါတွင် မြန်မာနိုင်ငံ ရေကြောင်းပညာ တက္ကသိုလ်အနေဖြင့် ကျောင်းဆင်းဘွဲ့ရများကို ၂၀၀၇ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ၁၂ ကြိမ်တိုင်တိုင် အပ်နှင်းခဲ့ပြီးဖြစ်ရာ ရေကြောင်းဘက်ဆိုင်ရာဘွဲ့နှင့် ဒီပလိုမာဘွဲ့ရ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၈၆၀ အား မွေးထုတ်ပေးနိုင်ခဲ့၍ နိုင်ငံတကာသင်္ဘောလိုင်းများ၊ ပြည်တွင်း၊ ပြည်ပ ကုမ္ပဏီကြီးများနှင့် ပြည်တွင်းအစိုးရဌာနဆိုင်ရာများ၌ သက်ဆိုင်ရာဘာသာရပ်အလိုက် အလုပ်အကိုင်များ ဝင်ရောက်လုပ်ကိုင်နေကြပြီဖြစ်ကြောင်း မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်မှ သိရ သည်။

**သတင်း-ပွင့်သစ္စာ၊**
**ဓာတ်ပုံ-စိုးမြင့်အောင်**

## ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်

**ခရမ်း ဩဂုတ် ၁၅**
ထူးကဲဒီရေတက်ခြင်းကြောင့် ယာယီဖွင့်လှစ်ခဲ့သည့် ခရမ်းမြို့နယ် ဘိုကလေးကျေးရွာ ရေဘေးရှောင် ယာယီစခန်းကို ဩဂုတ် ၁၅ ရက် ညနေ ၄ နာရီက ရေဘေးရှောင်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်၍ ပိတ်သိမ်းခဲ့သည်။ ခရမ်းမြို့နယ် ဘိုကလေးကျေးရွာနေ အိမ်ထောင်စု ၁၀၃ စုမှ လူဦးရေ ၄၀၉ ဦးတို့အား ပြည်သူများ လာရောက်လှူဒါန်းထားသည့် ဆန်၊ ဆီ၊ ပဲ၊ အဝတ်အထည်၊ မုန့်မျိုးစုံ၊ ဆား၊ ဓာတ်ဆား၊ ရေသန့်ဘူးများအား တစ်ဦးလျှင် ဆန်လေးပြည်နှုန်း၊ အိမ်ထောင်တစ်စုလျှင် ပဲတစ်ပြည်၊ အဝတ်အထည်၊ ခေါက်ဆွဲခြောက်၊ ဆား၊ ဓာတ်ဆား၊ မုန့်မျိုးစုံ၊ ရေသန့်နှင့်ထောက်ပံ့ငွေကျပ် ၁၇၈၅၀ တို့ကို ယာယီကယ်ဆယ်ရေးစခန်းတာဝန်ခံနှင့် တာဝန်ရှိသူများက ကူညီထောက်ပံ့ပေးအပ်၍ယာယီကယ်ဆယ်ရေးစခန်းကို ပိတ်သိမ်းခဲ့ကြောင်း သိရသည်။

**ကိုမင်း(ခရမ်း)**

## ဝါးခယ်မမြို့၌ မြေဩဇာဂရန်ထုတ်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

**ဝါးခယ်မ ဩဂုတ် ၁၅**
ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် မြသိန်းတန်ရပ်ကွက်အတွင်းရှိ ဒေသခံပြည်သူများ မြို့မြေဩဇာဂရန် ရရှိစေနိုင်ရန် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထိုသို့ မြို့မြေဩဇာဂရန် ရရှိနိုင်စေရေး ကွင်းဆင်းဆောင်ရွက်မှုကို မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဝန်ထမ်းများက ဒေသခံများနှင့် တွေ့ဆုံကာ မြေဩဇာဂရန်နှင့် ပတ်သက်သည့် သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ စိစစ်ပြီး လုပ်ထုံးလုပ်နည်းများအတိုင်း ကွင်းဆင်းတိုင်းတာ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# ရွှေကူမြို့နယ် မင်းကျောင်းကုန်းကျေးရွာ ဓာတ်အားခွဲရုံ၌ လောင်ကျွမ်းသွားသည့် 11KV Control Pannel များ အစားထိုးတပ်ဆင်ပြီးစီး

**ရွှေကူ ဩဂုတ် ၁၅**

ကချင်ပြည်နယ် ရွှေကူမြို့နယ် မင်းကျောင်းကုန်းကျေးရွာရှိ 66/11 KV (5-MVA) ဓာတ်အားခွဲရုံအတွင်း ဩဂုတ် ၁၀ ရက်က လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ကာ လောင်ကျွမ်းသွားသည့် 11KV Control Pannel များကို ဩဂုတ် ၁၄ ရက် ညနေ ၅ နာရီက အစားထိုးတပ်ဆင်ပြီးစီးပြီဖြစ်၍ ၎င်းဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည့် ကျေးရွာများသို့ လျှပ်စစ်မီး ပုံမှန်ပြန်လည်ပို့လွှတ်နိုင်ပြီဖြစ်ကြောင်း သိရသည်။

ရွှေကူမြို့နယ် မင်းကျောင်းကုန်းကျေးရွာရှိ 66/11 KV(5-MVA) ဓာတ်အားခွဲရုံအတွင်း လျှပ်စစ်ဝိုင်ယာရှော့ခ်ဖြစ်ကာ လောင်ကျွမ်းသွားသည့် 11KV Control Pannel များကို အစားထိုးလဲလှယ်ပြီး လျှပ်စစ်မီးအမြန်ပြန်လည်ရရှိရေးအတွက် ကချင်ပြည်နယ် ဒုတိယပြည်နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးအောင်ဆွေလတ်၊ ဗန်းမော်ခရိုင် လျှပ်စစ်အင်ဂျင်နီယာ ဦးမင်းဇော်ဦး၊ ရွှေကူမြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးကျော်ကိုကိုဝင်းတို့က ဦးဆောင်၍ လျှပ်စစ်ဝန်ထမ်းများနှင့် ပြုပြင်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက် ညနေ ၅ နာရီက 11KV Control Pannel များ အစားထိုးတပ်ဆင်ပြီးစီးသွားပြီဖြစ်၍ ယင်းဓာတ်အားခွဲရုံမှ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိသည့် မြို့လှမြို့၊ မင်းကျောင်းကုန်းကျေးရွာ၊ အုပ်ချီကျေးရွာနှင့် ကျောက်ကြီးကျေးရွာ၊ ကျောက်တလုံးကျေးရွာ၊ ပေါက်ကုန်းကျေးရွာ၊ သာယာကုန်းကျေးရွာတို့တွင် လျှပ်စစ်မီးပုံမှန်ပြန်လည်သုံးစွဲနိုင်ပြီဖြစ်ကြောင်း သိရသည်။



**ဝင်းနိုင်(ကချင်မြေ)**

# ရေကြီးနစ်မြုပ်ခဲ့သည့် ရေတွင်းများအား ကလိုရင်းဆေးခတ်ခြင်း ဆောင်ရွက်

**တနင်္သာရီ ဩဂုတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် တနင်္သာရီမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၁၅ ရက်မှ ဩဂုတ် ၁၂ ရက်အထိ တနင်္သာရီမြစ်ရေကြောင့် နှစ်ကြိမ်ဆက်တိုက် ရေလွှမ်းမိုးခဲ့သဖြင့် မြို့ပေါ်ရပ်ကွက်များအတွင်းရှိ ဒေသခံပြည်သူများ နေ့စဉ်သောက်ရေ၊ သုံးရေအဖြစ် အသုံးပြုနေသည့် ရေတွင်းများအတွင်းမှ နုန်းရေနောက်များကို ဩဂုတ် ၁၄ ရက် ညနေ ၅ ရီခွဲက ရေစုပ်စက်ဖြင့် စုပ်ထုတ်ကာ ပြန်လည်တူးဖော်ပေး၍ ရေကောင်းရေသန့် ရရှိအသုံးပြုနိုင်ရန်အတွက် ကလိုရင်းဆေး ခတ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



ယနေ့တွင် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကုသရေးဦးစီးမှူး ဒေါက်တာလင်းထိုက်က ကြီးကြပ်၍ ဘက်စုံသူနာပြုဆရာမများ၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးညီညီဝင်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများ၊ ချောင်းငယ်ရပ်ကွက် အုပ်ချုပ်ရေးမှူး ဦးအောင်စည်ဖြိုးနှင့် ဝန်ထမ်းများ ပူးပေါင်းလျက် ချောင်းငယ်ရပ်ကွက် မြသီတာ(မွန်စု) ရပ်မြေနိမ့်ပိုင်းများရှိ အများသုံးရေတွင်းခုနစ်တွင်းမှ နုန်းရေများကို ရေစုပ်စက်ဖြင့် စုပ်ထုတ်၍ ပြန်လည်တူးဖော်ပေးပြီး ကလိုရင်းဆေးခတ်ခြင်း ဆောင်ရွက်ပေး၍ ဒေသခံများထံ သောက်ရေ၊ သုံးရေ အသုံးပြုနည်းစနစ်ကို ပညာပေးဆွေးနွေးခဲ့ကြသည်။

**နန်းသာရီ-ထိန်ဝင်း(ပြန်/ဆက်)**



ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ် တောင်လုံးပြန်ရပ်ကွက် ပုဇွန်တောင်ချောင်း ဒီရေတက်မှုကြောင့် ဩဂုတ် ၁၃ ရက် ညနေ ၄ နာရီမှစ၍ ပုဇွန်တောင်ချောင်းကမ်းပါးမှ ရပ်ကွက်အတွင်းသို့ ရေများဝင်ရောက်ခဲ့ပြီး ညနေ ၅ နာရီခွဲတွင် ရေပြန်ကျသွားသည်ကို တွေ့ရစဉ်။

**ကျော်စိုးမိုး (မင်္ဂလာတောင်ညွန့်)**

# ဟိုင်းကြီးကျွန်းတွင် ပင်လယ်ဒီရေ အတက်အကျ ပုံမှန်ပြန်ဖြစ်

**ဟိုင်းကြီးကျွန်း ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ဟိုင်းကြီးကျွန်းမြို့နှင့် အနီးပတ်ဝန်းကျင်ကျေးရွာများ၌ တစ်ခါတစ်ရံ လေပြင်းများတိုက်ခတ်ပြီး မိုးရွာသွန်းမှုများနေသော်လည်း ပင်လယ်ဒီရေ အတက်အကျမှာ ပုံမှန်အနေအထားသို့ ပြန်လည်ရောက်ရှိနေပြီဖြစ်သည်။

ပြီးခဲ့သည့် ဩဂုတ် ၁၂ ရက်နှင့် ၁၃ ရက်များတွင် ပင်လယ်ဒီရေတက်ချိန်၌ ပုံမှန်ထက် ပိုမိုမြင့်တက်ခဲ့သော်လည်း ဩဂုတ် ၁၄ ရက်တွင် အနည်းငယ်လျော့ကျလာပြီး ယနေ့တွင် ဒီရေအတက်အကျ ပုံမှန်ပြန်ဖြစ်သွားခြင်းဖြစ်သည်။

ဩဂုတ် ၁၃ ရက်က ဒီရေမြင့်တက်မှုကြောင့် KG မှ စတုတ္ထတန်းအထိ ယာယီပိတ်ထားသော အထက(ခွဲ)အဏ္ဏဝါကျောင်းမှာလည်း ပြန်လည်ဖွင့်လှစ်ကာ ကျောင်းသား ကျောင်းသူများ ကောင်းမွန်စွာ ပညာဆက်လက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**ကျော်သူဟိန်း(ပြန်/ဆက်)**

## ရခိုင်ပြည်နယ်၌ ၂၀၁၈ ခုနှစ် မေ ၂ ရက်မှ ဩဂုတ် ၁၃ ရက်အထိ ငွေကျပ်သိန်းပေါင်း ၁၂၅၇၇၃ ကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၅**

ရခိုင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် မေ ၁ ရက်အထိ စိတ်ကြွရူးသွပ်ဆေးပြား၊ စိတ်ကြွအကြေမှုန့်၊ ဆေးခြောက်၊ ဗျူပရီနော်ဖင်း၊ အယ်ပရာဇိုလမ်ဆေးပြား၊ ဒိုင်ရာဇီပမ်၊ ဒိုင်ရာဇီပမ်ထိုးဆေး၊ မော်ဖင်းထိုးဆေး၊ Lutigesic၊ Zoliuncarpa zolarn၊ ကတ်တမင်း၊ Fantanyl နှင့် အက်ဖီဒရင်း စသည့် မူးယစ်ဆေးဝါးမျိုးစုံ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၈၃၆၉၂၅ ဒသမ ၉၃၄ သိန်းဖိုး သိမ်းဆည်းရမိခဲ့ပြီး အမှုပေါင်း ၆၃၁ မှု ဖွင့်လှစ်အရေးယူနိုင်ခဲ့ကာ တရားခံ ၁၀၁၁ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

၂၀၁၈ ခုနှစ် မေ ၂ ရက်မှ ဩဂုတ် ၁၃ ရက်အထိ မူးယစ်ဆေးဝါးမျိုးစုံ သိမ်းဆည်းရမိမှုမှာ စိတ်ကြွရူးသွပ်ဆေးပြား ၄၁၉၁၄၁၀၊ စိတ်ကြွအကြေမှုန့် သုည ဒသမ ဝဝ၁၅ ကီလို၊ ဆေးခြောက် ၁၃ ဒသမ ၇၆၈၀၂ ကီလို စသည့် မူးယစ်ဆေးဝါး စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်း ၁၂၅၇၇၃ ဒသမ ၇၉၅ သိန်းဖိုးတို့ကို သိမ်းဆည်းရမိခဲ့ပြီး အမှုပေါင်း ၉၄ မှု ဖွင့်လှစ်အရေးယူနိုင်ခဲ့ကာ တရားခံ ၁၃၂ ဦးအား ထပ်မံဖမ်းဆီးရမိခဲ့သည်။

မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့နယ်များအတွင်း၌ ၂၀၁၈ ခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဩဂုတ် ၁၄ ရက်အထိ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၃၁၄၇၀၁ ပြား၊ စိတ်ကြွအကြေမှုန့် ၂ ဒသမ ၅၉၀၃ ကီလိုနှင့် ဆေးခြောက် သုည ဒသမ ၁၅၄၉ ကီလိုတို့ကို သိမ်းဆည်းရမိခဲ့ပြီး အမှုပေါင်း ၈၄ မှု ဖွင့်လှစ်အရေးယူနိုင်ခဲ့ကာ တရားခံ ၁၂၈ ဦးအား ဖမ်းဆီးရမိခဲ့သည်။

ရခိုင်ပြည်နယ်အတွင်း ၂၀၁၁ ခုနှစ်မှ ၂၀၁၈ ခုနှစ် ဩဂုတ် ၁၃ ရက်အထိ စိတ်ကြွရူးသွပ်ဆေးပြား၊ စိတ်ကြွအကြေမှုန့်၊ ဆေးခြောက်၊ ဗျူပရီနော်ဖင်း၊ အယ်ပရာဇိုလမ်ဆေးပြား၊ ဒိုင်ရာဇီပမ်၊ ဒိုင်ရာဇီပမ်ထိုးဆေး၊ မော်ဖင်းထိုးဆေး၊ Lutigesic၊ Zoliuncarpa zolarn၊ ကတ်တမင်း၊ Fantanyl နှင့် အက်ဖီဒရင်း စသည့် မူးယစ်ဆေးဝါးမျိုးစုံ စုစုပေါင်းတန်ဖိုး ငွေကျပ်သိန်းပေါင်း ၁၉၆၂၆၉၉ ဒသမ ၇၂၉ သိန်းဖိုး သိမ်းဆည်းရမိခဲ့ပြီး အဆိုပါမူးယစ်ဆေးဝါးများနှင့်ပတ်သက်၍ အမှုပေါင်း ၇၂၅ မှု ဖွင့်လှစ်အရေးယူနိုင်ခဲ့ကာ တရားခံ ၁၁၄၃ ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## အမာမြို့နယ်တွင် ထူးကဲဒီရေနှင့် လေတိုက်ခတ်မှုကြောင့် သုံးရက်အတွင်း လူနေအိမ် ၁၁၃ လုံး ပြိုကျပျက်စီး

**အမာ ဩဂုတ် ၁၅**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် အမာမြို့နယ်အတွင်းရှိ ပင်လယ်ကမ်းစပ်ကျေးရွာများတွင် ထူးကဲဒီရေတက်ချိန်တွင် မုတ်သုံလေအားကောင်းစွာ တိုက်ခတ်ခဲ့သောကြောင့် သုံးရက်အတွင်း ကျေးရွာ ၁၀ ရွာမှ လူနေအိမ် ၁၁၃ လုံး ပြိုကျပျက်စီးခဲ့ပြီး ၁၄၄ လုံး အခင်းအကာများပျက်စီးကာ ယိုင်နဲ့သွားကြောင်း သိရသည်။

ထူးကဲဒီရေတက်ခြင်းနှင့် မုတ်သုံလေတိုက်ခတ်ခြင်းကြောင့် ဩဂုတ် ၁၂ ရက်မှ ၁၄ ရက်အတွင်း မိသားစု ၁၃၂ စု၊ လူဦးရေ ၅၇၉ ဦး အိုးမဲ့အိမ်မဲ့ဖြစ်ခဲ့ကြောင်း အမာမြို့နယ်အုပ်ချုပ်ရေးမှူး ဦးရွှေစိုးဟန်ထံမှ သိရသည်။

အိမ်ပြိုပျက်ယိုင်နဲ့သွားသော မိသားစုများအား နီးစပ်ရာဆွေမျိုးများထံတွင် ယာယီနေထိုင်စေပြီး ကူညီရေးလုပ်ငန်းများနှင့် ကျန်ရှိနေသေးသော နေအိမ်များအား ဘေးလွတ်ရာရွှေ့ပြောင်းနေထိုင်ကြရန် အသိပညာပေးနှိုးဆော်လျက်ရှိကြောင်း၊ နေအိမ်ပြိုပျက်ခဲ့သော်လည်း လူနှင့်တိရစ္ဆာန်များ ထိခိုက်သေဆုံးမှုမရှိကြောင်း သိရသည်။ လူနေအိမ်အများစုမှာ ဓနိမိုး၊ ဓနိကာ ဝါးခင်းအိမ်များဖြစ်ကြောင်း သိရသည်။

**ဝင်းမြင့်အောင်**

## ရွှေကျင်မြစ်ရေ စိုးရိမ်ရေမှတ် ရောက်ရှိနိုင်

**နေပြည်တော် ဩဂုတ် ၁၅**

ယနေ့ မွန်းလွဲ ၁ နာရီခွဲအချိန် တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အောက် တစ်ပေခွဲခန့်တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သဖြင့် ရွှေကျင်မြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုထားသည်။

**မိုး/ဇလ**

# ကုန်သွယ်ရေးလုပ်ငန်းများဖြင့် တိုင်းပြည်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ကုန်သွယ်ဖွံ့ဖြိုးစီးပွားတိုး စီးပွားရေးစကားဝိုင်းဆွေးနွေးပွဲ ပြုလုပ်

**ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာပြီး နိုင်ငံတော်၏စီးပွားရေးမြင့်မားတိုးတက်စေရေးအတွက် အစိုးရ၊ ပုဂ္ဂလိကဘက်ပေါင်းစုံမှ ကြိုးစားဖော်ဆောင်လျက်ရှိရာ စီးပွားရေးအသိအမြင်များ ပိုမိုမြင့်မားလာစေရန်နှင့် ပူးပေါင်းအဖြေရှာခြင်းဖြင့် ကောင်းမွန်သည့်ရလဒ်များ ထွက်ပေါ်လာစေရန် ရည်ရွယ်ကျင်းပသည့် စီးပွားရေးစကားဝိုင်းတစ်ခုကို ဩဂုတ် ၉ ရက်က နေပြည်တော်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြုလုပ်ခဲ့သည်။**

**ကုန်သွယ်ဖွံ့ဖြိုး စီးပွားတိုးခေါင်းစဉ်ဖြင့် ကျင်းပသည့် စကားဝိုင်းဆွေးနွေးပွဲသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူး၊ ကုန်သွယ်ရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးရန်နိုင်ထွန်း၊ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့မှ ညွှန်ကြားရေးမှူးချုပ် ဦးအောင်စိုး၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ တွဲဖက်အထွေထွေအတွင်းရေးမှူး ဦးနေလင်းဇင်၊ ရန်ကုန်တိုင်းဒေသကြီး မြန်မာနိုင်ငံကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဘုရင့်နောင်ကုန်စည်ဒိုင်ဥက္ကဋ္ဌ ဦးခင်ဟန်တို့က စကားဝိုင်းတွင် ဝိုင်းဝန်းဆွေးနွေးပေးခဲ့ကြခြင်းဖြစ်ရာ စာဖတ်ပရိသတ်များသိရှိနိုင်စေရန် ပြန်လည်ဖော်ပြအပ်ပါသည်-**

ခင်ရတနာ
ဓာတ်ပုံ-မေဦးမိုး

**(ယမန်နေ့မှ အဆက်)**

**အစီအစဉ်မှူး။** ။ ဟုတ်ကဲ့ပါခင်ဗျာ။ ဆက်လက်ပြီးတော့ မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့က ညွှန်ကြားရေးမှူးချုပ်ကနေပြီး အထူးစီးပွားရေးဇုန်ဆိုင်ရာ ဗဟိုအဖွဲ့အစည်းအဝေးကို မကြာခင်က ကျင်းပခဲ့တဲ့အကြောင်းနဲ့ ကျောက်ဖြူအထူးစီးပွားရေးဇုန်နဲ့ပတ်သက်ပြီးတော့ရော ဘယ်လိုထူးခြားချက်တွေရှိသလဲဆိုတာနဲ့ပတ်သက်ပြီး ပြောကြားပေးစေလိုပါတယ်။

**ဦးအောင်စိုး။** ။ ကျွန်တော်တို့ဆီမှာ အထူးစီးပွားရေးဇုန်ဥပဒေရှိပြီး ၂၀၁၄ ခုနှစ်မှာ ပြန်လည်ပြင်ဆင်ထားတာဖြစ်ပါတယ်။ အထူး စီးပွားရေးဇုန်တွေကို အကောင်အထည်ဖော်ဖို့ ကော်မတီအဆင့်ဆင့် ဖွဲ့စည်းထားပြီး မြန်မာအထူး စီးပွားရေးဇုန်ဆိုင်ရာဗဟိုအဖွဲ့ကို ဒုတိယသမ္မတ (၂)က ဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါတယ်။ ကျွန်တော်တို့ဆီမှာ အထူးစီးပွားရေးဇုန်သုံးခုရှိပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်၊ ထားဝယ်အထူးစီးပွားရေးဇုန်နဲ့ ကျောက်ဖြူအထူး စီးပွားရေးဇုန်တွေဖြစ်ပါတယ်။ သီလဝါအထူးစီးပွားရေးဇုန်ကတော့ လည်ပတ်တဲ့ အဆင့်ဖြစ်ပြီး ထားဝယ်နဲ့ကျောက်ဖြူဇုန်တွေကတော့ ဖော်ဆောင်ဆဲအဆင့် ဖြစ်ပါတယ်။ ထားဝယ်ဇုန်ဆိုရင် အချို့စာချုပ်တွေ ချုပ်ဆိုထားတာရှိပါတယ်။ ထားဝယ်က ထိုင်းနိုင်ငံနဲ့ နီးစပ်တော့ ဇုန်ကနေ ထိုင်းနိုင်ငံနယ်စပ် ထီးခီးအထိ လမ်းဖောက်လုပ်မယ့်လုပ်ငန်းတွေ စလုပ်သွားဖို့ရှိပါတယ်။ ထိုင်းနိုင်ငံကနေ လမ်းတည်ဆောက်ဖို့ ချေးငွေရယူဖို့အစီအစဉ်တွေလည်းရှိပါတယ်။ လမ်းပြီး သွားရင် ဇုန်ရော၊ တနင်္သာရီဒေသပါ ဖွံ့ဖြိုးလာမှာဖြစ်တယ်လို့ ယုံကြည်ပါတယ်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်ကတော့ တရုတ်နိုင်ငံနဲ့ လမ်းကြောင်းသင့်တယ်လို့ ပြောနိုင်ပါတယ်။ အိန္ဒိယနဲ့လည်း နီးစပ်ပါတယ်။ အာဆီယံနဲ့လည်း ဆက်သွယ်လို့ရတဲ့ စကြ်ံဖြစ်တာကြောင့် အလားအလာကောင်းတဲ့ ဇုန်တစ်ခုလည်းဖြစ်ပါတယ်။ မြန်မာနိုင်ငံက ပို့ကုန်မြှင့်တင်ရေးကို ဦးစားပေးဆောင်ရွက်နေတဲ့အခါမှာ ဒေသအစဉ်အလာအရ ပို့ကုန်တွေတင်ပို့တာအပြင် စက်မှုထုတ်ကုန်တွေ တိုးတက်ထုတ်လုပ်နိုင်အောင် အထူးစီးပွားရေးဇုန်တွေကို တည်ဆောက်ပေးရတာဖြစ်ပါတယ်။ တစ်နိုင်ငံလုံးမှာ အခြေခံအဆောက်အအုံတွေကို မတည်ဆောက်ပေးနိုင်သေးတဲ့အတွက် အခုလိုတစ်နေရာတည်းမှာ လိုအပ်တဲ့ အခြေခံအဆာက်အအုံ ရေ၊ မီးစတာတွေ ဖြည့်ဆည်းပေးထားတဲ့ သဘောလည်းဖြစ်ပါတယ်။ ဒါကလည်း Export-led Growth ဖြစ်ပြီး ရေရှည်စီမံကိန်းတစ်ခုဖြစ်ပါတယ်။

အခုအချိန်မှာ ကျောက်ဖြူဇုန်ရဲ့အဆင့်က နိုင်ငံတကာအဆင့်မီ တင်ဒါခေါ်ယူထားခဲ့ပြီး အောင်မြင်တဲ့ကုမ္ပဏီနဲ့ ကျွန်တော်တို့ဘက်က ဖွဲ့စည်းထားတဲ့ စီမံခန့်ခွဲမှုကော်မတီတို့ပူးပေါင်းပြီး ညှိနှိုင်းဆွေးနွေးဆောင်ရွက်မှာပါ။ စီမံခန့်ခွဲမှုကော်မတီမှာတော့ ဒုတိယဝန်ကြီး ဦးဆက်အောင်က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ပြီး ဒေါက်တာစိုးဝင်းကလည်း ပူးတွဲဥက္ကဋ္ဌအဖြစ် တာဝန်ယူထားပါတယ်။ ကျောက်ဖြူဇုန်မှာ လုပ်ငန်းတွေ ဆက်လက်လုပ်ကိုင်ဖို့ မူဘောင်သဘောတူညီချက်တွေကို ညှိနှိုင်းဆောင်ရွက်လျက်ရှိပါတယ်။

ကျောက်ဖြူအထူးစီးပွားရေးဇုန်မှာ နှစ်ပိုင်းပါဝင်ပြီး တစ်ခုကတော့ Deep Sea Port ရေနက်ဆိပ်ကမ်းဖြစ်ပြီး နောက်တစ်ခုကတော့ စက်မှုဇုန်အပိုင်းဖြစ်ပါတယ်။ ရေနက်ဆိပ်ကမ်းအတွက် မူဘောင်သဘောတူညီမှုကို ဆွေးနွေးခဲ့ကြတာ ပြီးစီးသလောက်ဖြစ်နေပါပြီ။ ကျောက်ဖြူဒေသဟာ ရခိုင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အင်မတန် အရေးကြီးပါတယ်။ ဒ့ါအပြင် ပြည်သူတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ရရှိစေမယ့်အပြင် ကုန်သွယ်မှုမြှင့်တင်ရေးအတွက် အကျိုးကျေးဇူးများစေမှာပါ။ မူဘောင်သဘောတူညီချက်တွေ ရလာမယ်ဆိုရင်တော့ လုပ်ငန်းအပ်နှံတဲ့ သဘောတူစာချုပ်တွေ ချုပ်သွားမှာပါ။ ကျောက်ဖြူဇုန်ဟာ တရုတ်နိုင်ငံရဲ့ OBOR နဲ့လည်း ချိတ်ဆက်ထားတဲ့အတွက် ဆိပ်ကမ်းပြီးသွားရင် များစွာအကျိုးရှိမယ်လို့ ယူဆရပါတယ်။

> ❛ တိုးတက်မှုနှုန်းနဲ့ပတ်သက်လို့ စီးပွားရေးက တိုးတက်နေတယ်။ ဒါပေမယ့် တိုးတက်မှုဟာ အခြားနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေကို လိုက်မီအောင် တိုးတက်မှုနှုန်းက မြင့်မားရမှာဖြစ်ပါတယ်။ ဒါမှ လိုက်မီမှာဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးတိုးတက်မှုနှုန်းကိုတော့ မြန်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံမှုတွေ လိုပါတယ် ❜



ဒုတိယဝန်ကြီး ဦးအောင်ထူး



ဦးအောင်စိုး

အချို့က စိုးရိမ်ပူပန်ကြပါတယ်။ ကျောက်ဖြူအထူးစီးပွားရေးဇုန်ဟာ တန်ဖိုးကြီးတယ်။ အကြွေးများတယ်ဆိုတာလည်း မဟုတ်ပါဘူး။ အဆင့်လိုက်အဆင့်လိုက် တည်ဆောက်သွားမှာဖြစ်ပြီး လိုသလောက်ပဲ ရင်းနှီးမြှုပ်နှံမှာဖြစ်ပါတယ်။ အဆင့်တစ်ခု အောင်မြင်မှသာ နောက်တစ်ဆင့်ကို တက်လှမ်းသွားမှာဖြစ်ပြီး မလိုအပ်ဘဲနဲ့ နိုင်ငံကိုဝန်ထုပ်ဝန်ပိုးကြီးပိအောင်မဖြစ်ဖို့အတွက် သေသေချာချာ စိစစ်ညှိနှိုင်းဆောင်ရွက်နေသလို စီမံခန့်ခွဲမှုကော်မတီ၊ သက်ဆိုင်ရာ ကဏ္ဍအလိုက် ပညာရှင်တွေ၊ ဥပဒေပညာရှင်တွေ အားလုံးနဲ့ ပူးပေါင်းပြီး ဆောင်ရွက်နေတာဖြစ်ပါတယ်။ ဒါတင်မကသေးပါဘူး။ တိုင်းရင်းသားတွေနဲ့ ဖွဲ့စည်းထားပြီး ရခိုင်တိုင်းရင်းသားအများစုပါဝင်တဲ့ ကုမ္ပဏီတစ်ခုကိုလည်း ဖွဲ့စည်းထားပြီးဖြစ်လို့ အားလုံးဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်မှာလည်းဖြစ်ပါတယ်။ ဒါကြောင့် အများစိုးရိမ်သလို အကြွေးဝန်ထုပ်ပိမယ့် လုပ်ငန်းကြီးမဟုတ်ပါဘူး။ ဖြစ်သင့်ဖြစ်ထိုက်တဲ့အတိုင်း စီးပွားရေးမှာ ကိုယ်လည်းအကျိုးရှိ၊ စီးပွားရေးလည်း လုပ်ကိုင်နိုင်အောင် ပြင်ဆင်နေပါတယ်။ ပြီးရင်တော့ EIA တို့ SIA တို့စတဲ့ ဆန်းစစ်မှုတွေ လုပ်ဆောင်ပြီး လုပ်ငန်းအကောင်အထည်ဖော်မှာဖြစ်ပါတယ်။

**အစီအစဉ်မှူး။** ။ ဟုတ်ကဲ့ပါခင်ဗျာ။ အခုဆိုရင် ပရိသတ်အတွက် စီးပွားရေးဆိုင်ရာ အသိပညာတွေ၊ ဗဟုသုတတွေနဲ့ မရှင်းလင်းတဲ့အချက်အလက်တွေအတွက်လည်း အများကြီးသိရှိသွားရပြီလို့လည်း ထင်ပါတယ်။ နောက်ဆုံးအနေနဲ့ အရေးကြီးတဲ့အကြောင်းအရာတစ်ခုကို ဒုတိယဝန်ကြီးက ပြောကြားစေလိုပါတယ်။ အဲဒါကတော့ မြန်မာနိုင်ငံရဲ့စီးပွားရေးဟာ တက်သလား၊ ကျသလားဆိုတာနဲ့ မြန်မာ့စီးပွားရေး ယခုထက် ပိုမိုမြင့်မားအောင် ဘာတွေလုပ်သင့်သလဲဆိုတာကို ပြောပြပေးပါခင်ဗျာ။

**ဒုတိယဝန်ကြီး။** ။ ဒီမေးခွန်းက Social Media တွေ၊ စာစောင်တွေနဲ့ အသိုင်းအဝိုင်း အတော်များများမှာတွေ့ရတဲ့ ဝိဝါဒကွဲပြားတဲ့ မေးခွန်းဖြစ်ပါတယ်။ အစိုးရကတော့ စီးပွားရေးတက်နေတယ်၊ အောက်ခြေမှာတော့ စီးပွားရေးကျဆင်းနေတယ်ဆိုပြီး ပြောကြပါတယ်။ တကယ်တမ်းပြန်ကြည့်တဲ့အခါ မကျပါဘူး၊ တိုးတက်နေပါတယ်။

အာရှဖွံ့ဖြိုးရေးဘဏ်ရဲ့ ခန့်မှန်းချက်အရ မြန်မာနိုင်ငံရဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ ၂၀၁၈ ခုနှစ်မှာ ၆ ဒသမ ၈ ရာခိုင်နှုန်း တိုးတက်မယ်၊ ၂၀၁၉ ခုနှစ်မှာ ၇ ဒသမ ၃ ရာခိုင်နှုန်းအထိ တိုးလာမယ်လို့ခန့်မှန်းထားပါတယ်။ စီးပွားရေးသဘောတရားအရကတော့ Capital Output Ratio လို့ခေါ်တဲ့ မတည်အရင်းအနှီးထည့်ဝင်ငွေကနေ ကုန်ဘယ်လောက်ထွက်လာသလဲဆိုတာ အရင်တွက်ရတယ်။ အဲဒီအပေါ် မြန်မာနိုင်ငံမှာ တစ်နှစ်အတွင်း စုစုပေါင်းရင်းနှီးမြှုပ်နှံမှု ဘယ်လောက်ရှိသလဲ အဲဒီနှစ်ခုကို အခြေခံပြီးတွက်ကြတာဖြစ်ပါတယ်။ ဒါကြောင့် ADBဘဏ်၊ ကမ္ဘာ့ဘဏ်နဲ့ IMF တို့ရဲ့ ခန့်မှန်းချက်တွေဟာ တစ်ခုနဲ့တစ်ခု အများကြီးမကွာခြားပါဘူး။

စိတ်ဝင်စားစရာကောင်းတဲ့အချက်က အဖွဲ့အစည်းတွေတွက်ချက်ပေးကြတဲ့အခါ မြန်မာနိုင်ငံရဲ့ တစ်ဦးချင်းဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၁၄၀၀ ဝန်းကျင်လို့ တွက်ချက်အဖြေထုတ်ပါတယ်။ ဒါကတော့ စုစုပေါင်းဂျီဒီပီကို လူဦးရေနဲ့ စားလိုက်တာပါ။ တစ်ဦးချင်းဝင်ငွေကို တွက်တဲ့ နောက်ထပ်တွက်နည်းတစ်ခုလည်းရှိပါတယ်။ အဲဒါကတော့ phurchasing power parity ဆိုတဲ့ တွက်နည်းပါပဲ။ အဲဒါက ဝယ်နိုင်စွမ်းအားညီမျှတဲ့ တွက်နည်းဖြစ်ပါတယ်။

အဲဒီနည်းနဲ့တွက်တဲ့အခါ ADB ဘဏ်အပါအဝင် နိုင်ငံတကာအဖွဲ့အစည်းတွေ တွက်တဲ့အခါ မြန်မာနိုင်ငံရဲ့ တစ်ဦးချင်းဝင်ငွေဟာ တစ်နှစ်ကို အမေရိကန်ဒေါ်လာ ၆၀၀၀ ဖြစ်နေပါတယ်။ တရားဝင်နှုန်းနဲ့ PPP နဲ့ တွက်တဲ့နှုန်းဟာ လေးဆလောက်ကွာနေပါတယ်။ ဒါကို စီးပွားရေးပညာရှုထောင့်က ကြည့်မယ်ဆိုရင် အမှန်ဖြစ်နေတာနဲ့ စာရင်းကွာဟမှုရှိတယ်ဆိုတာကို ပြသနေပါတယ်။ ကျွန်တော်တို့ဆီမှာ Informal Sector လို့ခေါ်တဲ့ စာရင်းမဝင်တဲ့ကဏ္ဍဟာ အလွန်ကို ကြီးမားနေပါတယ်။ အချို့စီးပွားရေးလုပ်ငန်းတွေဟာ စာရင်းထဲမှာမပါဘူး။ အချို့လုပ်ငန်းတွေဟာ တရားမဝင်လုပ်ကိုင်ရာကနေရတဲ့ငွေတွေဖြစ်ပါတယ်။ ဂျီဒီပီစာရင်းတွေထဲမှာ မပါတဲ့ ထင်ရှားတဲ့အချက်က မြန်မာနိုင်ငံက အလုပ်သမားတွေ သုံးသန်းကနေ လေးသန်းကြားက ပြည်ပမှာသွားရောက်အလုပ်လုပ်ကိုင်နေကြပါတယ်။ ဒါပေမယ့် GDP ထဲမှာ သူတို့ကနေပြန်လည်ပေးပို့တဲ့စာရင်းတွေ အပြည့်အဝမပါဘူးလို့ ကျွန်တော်ထင်ပါတယ်။

ဒါကြောင့် ကျွန်တော်တို့မြန်မာနိုင်ငံရဲ့ GDP တွက်ချက်ပုံ၊ တိုင်းပြည်ဝင်ငွေတွက်ချက်ပုံဟာ စာရင်းတွေ ကွာဟမှုရှိနေပါတယ်။ စာရင်းမဝင်တဲ့ဝင်ငွေတွေအများကြီးရှိတယ်လို့ ကျွန်တော်ကတော့ သုံးသပ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံရဲ့ တစ်ဦးချင်းဝင်ငွေဟာ အမေရိကန်ဒေါ်လာ ၁၄၀၀ လောက်လို့ ပြောပေမယ့် ဒီထက်ပိုမယ်လို့ ကျွန်တော်ပြောချင်ပါတယ်။

တိုးတက်မှုနှုန်းနဲ့ပတ်သက်လို့ စီးပွားရေးက တိုးတက်နေတယ်။ ဒါပေမယ့် တိုးတက်မှုဟာ အခြားနိုင်ငံတွေ၊ အာဆီယံနိုင်ငံတွေ၊ အိမ်နီးချင်းနိုင်ငံတွေကို လိုက်မီအောင် တိုးတက်မှုနှုန်းက မြင့်မားရမှာဖြစ်ပါတယ်။ ဒါမှ လိုက်မီမှာဖြစ်ပါတယ်။ ဒါကြောင့် စီးပွားရေးတိုးတက်မှုနှုန်းကိုတော့ မြန်အောင် ဆောင်ရွက်ရမှာဖြစ်ပါတယ်။ ကျွန်တော်တို့က ရင်းနှီးမြှုပ်နှံမှုတွေလိုပါတယ်။ ပြည်ပကရရှိတဲ့ ODA ချေးငွေတွေ၊ အထောက်အပံ့တွေ၊ FDI လို့ ခေါ်တဲ့ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံတာတွေ လိုအပ်ပါတယ်။ အခုဆိုရင် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံတွေက မြန်မာနိုင်ငံအပေါ်မှာ ဝင်ရောက်ကူညီမယ်ဆိုတာ ကြားသိရပါတယ်။

ဥပမာ၊ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်က မြန်မာနိုင်ငံမှာ Country Program လို့ခေါ်တဲ့ နိုင်ငံအလိုက်အစီအစဉ်ကို လွန်ခဲ့တဲ့ နှစ် ၂၀ ကတည်းက ရပ်ဆိုင်းခဲ့တယ်။ ဒါပေမယ့် ဒီနှစ်ကစပြီး ဆွီဒင်နိုင်ငံရဲ့ ထောက်ပံ့မှု ဒေါ်လာ ၆ ဒသမ ၈ သန်းနဲ့ ပြန်စပါမယ်လို့ သိရပါတယ်။ ၂၀၁၈ ခုနှစ်ကနေ ၂၀၂၂ ခုနှစ်အထိ ကြာရှည်ပါမယ်။ အာရှဖွံ့ဖြိုးရေးဘဏ်ကလည်း နိုင်ငံအလိုက်အစီအစဉ်က ၂၀၁၇ ခုနှစ်မှစတာပါ။ ၂၀၂၀ ခုနှစ်အထိဖြစ်ပြီး အမေရိကန်ဒေါ်လာ နှစ်ဘီလီယံလောက် ဖြစ်ပါတယ်။

နောက်တစ်ခုက ကမ္ဘာ့ဘဏ်ကလည်း ငြိမ်းချမ်း၍ သာယာဝပြောသော အသိုက်အဝန်းများအစီအစဉ်ဆိုပြီး အမေရိကန်ဒေါ်လာ သန်း ၂၀ ကနေ သန်း ၂၅၀ အထိ ထောက်ပံ့မှာဖြစ်ပြီး စီးပွားရေးအခွင့်အလမ်း၊ အလုပ်အကိုင်၊ လမ်းပန်းဆက်သွယ်ရေးနဲ့ လူမှုဝန်ဆောင်မှုတွေတိုးတက်မှုအတွက် ဆောင်ရွက်ပေးမှာဖြစ်ပါတယ်။ ဒီလို နိုင်ငံတကာအဖွဲ့အစည်းတွေက မြန်မာနိုင်ငံကို ပြန်လည်ဂရုစိုက်လာခြင်းက မြန်မာ့စီးပွားရေးကို များစွာအလားအလာကောင်းစေပါတယ်။

လက်ရှိ မြန်မာ့စီးပွားရေးကိုပြန်ကြည့်မယ်ဆိုရင် အစိုးရသစ်လက်ထက်မှာ စီးပွားရေးတည်ငြိမ်မှုကို အရင်ဆောင်ရွက်ခဲ့ပါတယ်။ ပြည်တွင်းမှာ ကုန်ဈေးနှုန်းတွေ အလွန်မတက်အောင်၊ ပြည်ပ ငွေပေးငွေယူ ရှင်းတမ်းမှာ လိုငွေပြတာကို အရမ်းမဖြစ်အောင်နဲ့ ဘတ်ဂျက်လိုငွေကိုလည်း သတ်မှတ်ထားတဲ့ GDPရဲ့ အချိုးအစားတစ်ခုကိုပဲ လိုငွေကိုလက်ခံတဲ့ အခြေအနေမျိုးမှာလုပ်ခဲ့တာကြောင့် စီးပွားရေးကို တည်ငြိမ်စေခဲ့ပါတယ်။ ဒါကို Macroeconomic Stability လို့ခေါ်ပါတယ်။

အခုအချိန်ကတော့ တည်ငြိမ်မှုရသွားတဲ့အတွက် ဖွံ့ဖြိုးတိုးတက်ရေးကို အာရုံစိုက်ဖို့အတွက် လမ်းပန်းဆက်သွယ်ရေး အခြေခံအဆောက်အအုံတွေ လုပ်ဆောင်ဖို့ရှိသလို ကုန်ထုတ်စွမ်းအားတိုးတက်ရေးအတွက် ကျန်းမာရေးနဲ့ ပညာရေးကဏ္ဍမှာ ရင်းနှီးမြှုပ်နှံရမှာဖြစ်ပါတယ်။ လာမယ့် ဘတ်ဂျက်ကစပြီး အစိုးရက ပညာရေး၊ ကျန်းမာရေးနဲ့ အခြေခံအဆောက်အအုံ ထူထောင်ဖို့ကိစ္စတွေမှာ လိုငွေ ပိုများမှာဖြစ်ပေမယ့် ဒီလုပ်ငန်းတွေကို လုပ်ကိုင်နိုင်ဖို့ ခွင့်ပြုဖို့ စီစဉ်ထားပြီးဖြစ်ပါတယ်။ ပြောချင်တာက နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ တက်လာမယ်၊ နိုင်ငံတကာအထောက်အပံ့တွေ ပိုမိုတိုးတက်ရရှိလာမယ်ဆိုရင် အလားအလာကောင်းတွေဖြစ်လာပြီး မြန်မာနိုင်ငံရဲ့ စီးပွားရေးဟာ နိုင်ငံတကာအဖွဲ့အစည်းတွေ မျှော်မှန်းထားတဲ့ အခြေအနေထက်တောင် ပိုလာနိုင်ပါတယ်။

အဓိကပြောကြားချင်တာ ကျွန်တော်တို့နိုင်ငံရဲ့ စီးပွားရေးကို ယုံကြည်ပေးပါ။ စီးပွားရေးမှာ ယုံကြည်မှုများလာတာနဲ့အမျှ လက်ရှိလုပ်နေတဲ့ အရှိန်အဟုန်ထက်ကို ပိုမိုပြီးမြင့်မားလာနိုင်ပါတယ်လို့ ပြောကြားချင်ပါတယ်။

ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# စစ်တွေမြို့တွင် (၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် ဩဂုတ် ၁၅**

ရခိုင်ပြည်နယ် စစ်တွေမြို့ အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်တွင် ဩဂုတ် ၁၄ ရက် နံနက်ပိုင်းက အမှတ် ၄ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူးရုံး ကွပ်ကဲမှုအောက်ရှိ လုံခြုံရေးရဲတပ်ဖွဲ့ခွဲများနှင့် ရခိုင်ပြည်နယ်ရဲတပ်ဖွဲ့တို့ ပူးပေါင်း၍ (၅)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို ကျင်းပခဲ့ရာ အမှတ် ၄ လုံခြုံရေး ရဲကွပ်ကဲမှုအဖွဲ့မှူးရုံးမှ တပ်ဖွဲ့ဝင် ၁၈ ဦး၊ အမှတ်(၁၂/၃၆)လုံခြုံရေးရဲတပ်ဖွဲ့ခွဲများမှ တပ်ဖွဲ့ဝင် ၇၆ ဦး၊ ရခိုင်ပြည်နယ် ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင် ၁၈ ဦး စုစုပေါင်းတပ်ဖွဲ့ဝင် ၁၁၂ ဦးတို့က စုပေါင်းသွေးလှူဒါန်းခဲ့ကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲအခမ်းအနားသို့ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညီပု၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ အမှတ် ၄ လုံခြုံရေးရဲကွပ်ကဲမှုအဖွဲ့မှူး ရဲမှူးချုပ်မြဝင်း၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး အောင်မြတ်မိုး၊ ဆေးရုံအုပ်ကြီး ဒေါက်တာမိုးမြင့်ဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး သွေးလှူဒါန်းသည့်တပ်ဖွဲ့ဝင်များအား ရခိုင်ပြည်နယ်အစိုးရအဖွဲ့က ပုဆိုး၊ အင်္ကျီ၊ စားစရာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်းနှင့် ဆေးရုံအုပ်ကြီးမှ ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**ရဲပြန်ကြား**



## နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဩဂုတ် ၁၅**

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးဆက်လက်ပိုနေမည်။

**မိုး/ဇလ**

# ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် ARSA အကြမ်းဖက်မှုဖြစ်စဉ်အတွင်း သေဆုံးသွားသည့် ဟိန္ဒူဘာသာဝင် ၁၁၃ ဦးအတွက် ဘာသာရေးထုံးတမ်းစဉ်လာအရ နှစ်ပတ်လည်ဆုတောင်းပွဲ ကျင်းပ

**မောင်တော ဩဂုတ် ၁၅**

၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားခဲ့သည့် ARSA အကြမ်းဖက်မှုဖြစ်စဉ်အတွင်း သေဆုံးသွားသည့် မောင်တောမြို့နယ် ကျေးရွာအသီးသီးမှ ဟိန္ဒူဘာသာဝင် ၁၁၃ ဦးအတွက် ဘာသာရေးထုံးတမ်းအစဉ်အလာအရ နှစ်ပတ်လည် ဆုတောင်းပွဲကို ယနေ့နံနက်ပိုင်းတွင် မောင်တောမြို့ ဟိန္ဒူကယ်ဆယ်ရေးစခန်း၌ ကျင်းပသည်။ **(ယာပုံ)**



ရှေးဦးစွာ ဘာသာရေးအစဉ်အလာအရ ဟိန္ဒူဘာသာဝင်များက ဂိုက်သရီမန္တန်ကို သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကိုဖွင့်လှစ်ပြီး မောင်တောမြို့ ဟိန္ဒူဘာသာရေးခေါင်းဆောင် ဦးနီမောင်က ဆုတောင်းပွဲ ကျင်းပသည့် ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အကြမ်းဖက်မှုဖြစ်စဉ်အတွင်း သေဆုံးခဲ့ကြသူများအတွက် ဟိန္ဒူဘုန်းတော်ကြီးများနှင့် ကျန်ရစ်သူမိသားစုဝင်များက ဟိန္ဒူဘာသာရေးထုံးတမ်းအစဉ်အလာများဖြင့် မေတ္တာပို့ဆုတောင်းပေးကြပြီး ဟိန္ဒူဘာသာဝင်များက ရှန်သီး(ပတ်)ရွတ်ဆိုပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ဆုတောင်းပွဲကျင်းပခြင်းနှင့်စပ်လျဉ်း၍ မောင်တောမြို့ ဟိန္ဒူဘာသာရေးခေါင်းဆောင် ဦးနီမောင်က "ဒီပွဲကတော့ ၂၀၁၇ ခုနှစ် ဩဂုတ် ၂၅ ရက်က ဖြစ်ပွားတဲ့ အကြမ်းဖက်ဖြစ်စဉ်မှာ သေဆုံးသွားကြတဲ့ ကျွန်တော်တို့ ဟိန္ဒူဘာသာဝင်တွေအတွက် ဘာသာရေးထုံးတမ်းအစဉ်အလာအရ နှစ်ပတ်လည်ဆုတောင်းပေးတဲ့ပွဲဖြစ်ပါတယ်။ ဒီနေ့ဆုတောင်းပွဲမှာ စစ်တွေနဲ့ ဘူးသီးတောင်မြို့တွေက ဟိန္ဒူဘာသာဝင်တွေလည်း လာရောက်ဆုတောင်းပေးကြတယ်။ ပြီးတော့ မောင်တောမြို့ပေါ်မှာရှိတဲ့ ဟိန္ဒူဘာသာဝင်တွေ လာရောက်ဆုတောင်းပေးကြပါတယ်။ ဒီလို ဆုတောင်းပွဲကျင်းပနိုင်ဖို့အတွက်လည်း ဟိန္ဒူအဖွဲ့ချုပ်က အစစအရာရာ ကူညီပံ့ပိုးပေးပါတယ်။ ဒီလို ဆုတောင်းပွဲ ကျင်းပနိုင်အောင် ကူညီထောက်ပံ့ပေးတဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်"ဟု ပြောသည်။

ဆက်လက်၍ "ကျွန်တော်တို့ ဘိုးဘွားတွေကစပြီး ဒီနိုင်ငံမှာ အေးချမ်းစွာ နေထိုင်လာခဲ့ကြတာပါ။ ၂၀၁၇ ခုနှစ် ဩဂုတ်လအတွင်းက ဖြစ်စဉ်မှာ ကျွန်တော်တို့ ဘာသာဝင်တွေ အစုလိုက်အပြုံလိုက် သတ်ဖြတ်ခံရတဲ့အတွက်လည်း အခုအချိန်ထိ ဝမ်းနည်းပူဆွေးနေဆဲဖြစ်ပါတယ်။ ဒါကြောင့်လည်း ခုလိုနှစ်ပတ်လည်ဆုတောင်းပွဲကို ကျင်းပတာဖြစ်ပါတယ်"ဟု ၎င်းက ပြောသည်။

အဆိုပါ ဆုတောင်းပွဲအခမ်းအနားသို့ မောင်တောခရိုင်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်ဒုတိယအုပ်ချုပ်ရေးမှူး၊ ဟိန္ဒူဘုန်းတော်ကြီးများ၊ စစ်တွေမြို့၊ ဘူးသီးတောင်မြို့နှင့် မောင်တောမြို့များမှ လာရောက်ဆုတောင်းပေးကြသည့် ဟိန္ဒူဘာသာဝင်များ၊ ဖိတ်ကြားထားသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

**သတင်းနှင့်ဓာတ်ပုံ**
**ရာမညာ၊ မျိုးသူဟိန်း**

# မြန်မာနိုင်ငံ စာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော ဩဂုတ် ၈ ရက်မှ ၁၅ ရက်အထိ တစ်ပတ်အတွင်း ထွက်ရှိသောစာအုပ်စာရင်း

| စဉ် | စာအုပ်အမည် | စာရေးသူ | ဈေးနှုန်း | ထုတ်ဝေသူ |
|---|---|---|---|---|
| ၁။ | သမီးများသို့ (ပေါင်းချုပ်) | ကောင်းသန့် | ၆၀၀၀ | ကောင်းသန့် |
| ၂။ | စစ်တုရင်နိုင်ကွက်များ | ထိုက်ထိုက် | ၂၀၀၀ | ထိုက်ထိုက် |
| ၃။ | သတိရခြင်း မီးခိုးတန်းများ | ခွန်းညိုသွေး | ၁၅၀၀ | ကောင်းဆုသာ |
| ၄။ | Soup အရည်သောက်ဟင်း | ဥမ္မာသျှား | ၂၅၀၀ | Domestic |
| ၅။ | မဟာမင်္ဂလာ | ပါရဂူ | ၂၅၀၀ | အမေ့ဥယျာဉ် |
| ၆။ | ပန်းဈေးခင်း | တင်မိုး | ၄၀၀၀ | အမေ့ဥယျာဉ် |
| ၇။ | အရောင်မဲ့အဝါ | အိမ်မွန် | ၄၅၀၀ | Smart |
| ၈။ | အနုပညာဂုဏ်ရည် | လက်ဝဲမင်းညို | ၂၅၀၀ | စိတ်ကူးချိုချို |
| ၉။ | Everyday Idioms | ခင်မောင်တိုး (မိုးမိတ်) | ၄၀၀၀ | ပင်ဝါးရုံ |
| ၁၀။ | အမှု-၁၀၀ အတွေ့ | နတ်တလင်းချစ်လွင် | ၃၀၀၀ | ကောင်းသန့်စာပေ |
| ၁၁။ | ဂန္ထဝင်လူသားတို့၏ ပုံတူပန်းချီများနှင့် ကမ္ဘာကိုပြောင်းလဲစေသောစကားများ | ပန်းချီဝင်းဇော်အောင် | ၂၀၀၀ | Journalist |
| ၁၂။ | ဗေဒါလမ်း | ဇော်ဂျီ | ၃၅၀၀ | စာပေလောက |
| ၁၃။ | ဒဂုန်တာရာစာပေါင်းစုသစ် | ဒဂုန်တာရာ | ၆၀၀၀ | The Key |
| ၁၄။ | ဒဿနဓ၏ အရသာ | လှိုင်သင်း(မြန်မာပြန်) | ၁၀၀၀၀ | ဆန်းစသော်တာ |
| ၁၅။ | ညဏ်ပွင့်စေဖို့ | အရှင်ဥဇ္ဇယ | ၂၀၀၀ | ဓမ္မပန်းခင်း |
| ၁၆။ | ပုံတိုပတ်စ | ဆရာမကြီးဒေါ်သန်းတင် | ၂၀၀၀ | ဇွန်ပွင့် |
| ၁၇။ | ဝေးလေ-ဝေးလေ-နီးသူရေ-နီးလေ-နီးလေ-ဝေးသူရေ | သျှီ(အင်ကြင်း) | ၂၅၀၀ | ကောင်းကင်မေ |
| ၁၈။ | မုဆိုးကြီး ဂရာ့ချပ်စ်သေဆုံးခြင်းနှင့် အခြားဘာသာပြန်ဝတ္ထုတိုများ | The Key Collection | ၁၅၀၀ | The Key Collection |
| ၁၉။ | ၁၉၇၀ ရန်ကုန်တက္ကသိုလ်ရွှေရတုသဘင် ပြန်ပြောင်းသတိရချက် | နေဦးဝေ | ၃၀၀၀ | နှင်းဆီနီ |
| ၂၀။ | ညဏ်လမ်းခရီး | ဒေါက်တာသစ်လွင် | ၂၅၀၀ | လူငယ်တစ်ယောက် |
| ၂၁။ | ၂၁ ရှမ်းပုံပြင် | ဦးဖိုးလှ | ၂၀၀၀ | The Key Collection |
| ၂၂။ | စစ်ပြီးခေတ် ဒစ်ဂျစ်တယ်ရေဒီယို | ကြည်ဇော်အေး | ၁၅၀၀ | နှစ်ကာလများ |
| ၂၃။ | ပါစီဂျက်ဆန်နှင့်အိုလံပစ်နတ်ဘုရားများကမ္ဘာဦးကျိန်စာ | ကောင်းမြတ်လွန်းသော် | ၅၀၀၀ | Phoneix Kingdom |
| ၂၄။ | Going Swimming လေ့ကျင့်ရန် Level-1 | - | ၂၀၀၀ | စာပေလောက |
| ၂၅။ | Topsy and Tim Go to 200 (Level -1) | - | ၂၀၀၀ | စာပေလောက |
| ၂၆။ | လန်ဒန်-ရောမ-ဥရောပ | မသီတာ(စမ်းချောင်း) | ၅၀၀၀ | စာနဒီ |
| ၂၇။ | ရွှေနိုင်ငံကရွှေပွဲတော်ကလေးကဗျာများ | ခင်မော်သက်(ပညာရေး) | ၁၅၀၀ | ဆိပ်ကမ်းသာ |
| ၂၈။ | လွယ်ကူလေ့လာရန် LDM (Learning Design Model) | စောကယ်ရီဝင်း | ၃၀၀၀ | Global Piece Group |
| ၂၉။ | ကိုယ်ပိုင်လွတ်လပ်ခွင့်၊ ခေတ်သစ်ဒီမိုကရေစီနှင့် အတွေးအခေါ်ပညာရှင်များ | စိုးသန်းမောင် | ၅၀၀၀ | မျိုးဆက်သစ် |
| ၃၀။ | ဆိုင်ဂုံမှလွတ်မြောက်ခြင်း | တင့်ဇော် | ၃၀၀၀ | အိပ်မက်သစ် |
| ၃၁။ | ချစ်ရပါသောအိုမန်နီ | ငြိမ်းအိအိထွေး | ၂၈၀၀ | ဧပြီဦး |
| ၃၂။ | လမ်း(၇)ကဗျာဆရာများကပြောသော ထင်းရှူးပင်ရိပ် | ကလောင်စုံ | ၅၀၀၀ | ကျော်မွေး |
| ၃၃။ | ထိုင်ဝမ်သားများပြောတဲ့ ရှီကျင့်ဖိန် | မန်းပိုးအေး(ဝါးခယ်မ) | ၆၅၀၀ | အဖြူရောင် |
| ၃၄။ | ခုနစ်ရက်တစ်သီတင်း မဂ္ဂဇင်းဝတ္ထုရှည်များ | ဆူးငှက် | ၃၅၀၀ | လင်းလွန်းခင် |
| ၃၅။ | အိုရှီုးဘဝနှင့် ဓမ္မခရီး | ရဲနောင်ထွဋ် | ၅၀၀၀ | ပန်းဆက်လမ်း |
| ၃၆။ | ကိုလိုနီခေတ်အလုပ်သမားလှုပ်ရှားမှုများ လေ့လာချက် | ထွန်းဇော်ဌေး | ၁၅၀၀ | ယဉ်မျိုး |
| ၃၇။ | ၁၉၇၄ ခုနှစ် အလုပ်သမားဆန္ဒပြမှု စုံစမ်းရေးကော်မရှင်၏ အစီရင်ခံစာ | - | ၃၅၀၀ | ယဉ်မျိုး |
| ၃၈။ | သင့်ကလေးနဲ့အတူ ပျော်ပျော်ရွှင်ရွှင်ကြီးပြင်းပါ | ဒေါက်တာသိန်းလွင် | ၂၀၀၀ | ခဝါလှေမွန် |
| ၃၉။ | နိမ့်ကျတဲ့ပညာရေးမှာ ကျွန်တော်တို့ရော တာဝန် ကျေခဲ့ကြရဲ့လား | ဒေါက်တာမောင်သင်း | ၂၅၀၀ | ခဝါလှေမွန် |
| ၄၀။ | မုဒိတာခရီးသည်ကြီးရုပ်ရှင်ထဲက ရုပ်ပုံလွှာများ | ဗကျော်(နေပြည်တော်) | ၃၀၀၀ | အမေ့ဥယျာဉ် |

အသစ်ထွက်ရှိသော စာအုပ်စာရင်းများကို အင်းဝစာအုပ်ဆိုင်မှ အချက်အလက်များစုဆောင်းပြီး ဖော်ပြပေးခြင်းဖြစ်ပါသည်။ ပိုမိုတိကျစွာ ထည့်သွင်းဖော်ပြစေလိုပါက မိမိတို့ထုတ်ဝေထားသော အသစ်ထွက်ရှိသော စာအုပ်အား မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်း ရုံးအဖွဲ့မှူး အမှတ်-၂၆၃၊ သိမ်ဖြူလမ်း၊ YMCAအဆောက်အအုံ၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း ၀၉-၃၀၀၀၂၃၁၁ သို့ ဆက်သွယ်ထည့်သွင်းနိုင်ပါသည်။

# မွန်ဂိုလီးယားနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရသူ ဦးရေ ၂၆၄ ဦးထိ မြင့်တက်

**အူလန်ဘာတာ ဩဂုတ် ၁၅**
လွန်ခဲ့သည့်လအတွင်းက မွန်ဂိုလီးယားနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသည့် လူနာသစ်နှစ်ဦးအား မှတ်ပုံတင်နိုင်ခဲ့ပြီးနောက် အဆိုပါနိုင်ငံတွင် အိတ်ချ်အိုင်ဗွီပိုးကူးစက်သူဦးရေမှာ ၂၆၄ ဦးထိ မြင့်တက်လာခဲ့ကြောင်း အမျိုးသားစာရင်းအင်းဆိုင်ရာရုံးက ဩဂုတ် ၁၅ ရက်တွင် ထုတ်ပြန်သည့် အစီရင်ခံစာတွင် ဖော်ပြသည်။

**၉၉ ရာခိုင်နှုန်း**

အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူဦးရေ၏ ထက်ဝက်ကျော်မှာ အသက် ၂၀ နှင့် ၄၄ နှစ်ကြားရှိသူများဖြစ်ပြီး အိတ်ချ်အိုင်ဗွီပိုးကူးစက်ခံရသူများ၏ ၉၉ ရာခိုင်နှုန်းမှာ လိင်ဆက်ဆံမှုများမှတစ်ဆင့် ကူးစက်ခြင်းဖြစ်ကြောင်း ယင်းအစီရင်ခံစာတွင် ဖော်ပြသည်။

မွန်ဂိုလီးယားနိုင်ငံတွင် ပထမဆုံး အိတ်ချ်အိုင်ဗွီပိုး ကူးစက်ခံရမှုသည် ၁၉၉၂ ခုနှစ်တွင် ဖြစ်ပွားခဲ့ကြောင်း မှတ်တမ်းတင်ထားသည်။ လူဦးရေ သုံးသန်းကျော်သာရှိသည့် အရှေ့အာရှဒေသမှ မွန်ဂိုလီးယားနိုင်ငံတွင် ၁၉၉၂ ခုနှစ်ကတည်းမှစ၍ ခုခံအားကျဆင်းမှု(အေအိုင်ဒီအက်စ်)ရောဂါဖြင့် သေဆုံးသူဦးရေ ၄၀ ရှိခဲ့ကြောင်း သတင်းတွင် ဖော်ပြသည်။ ယခုနှစ်ပထမခုနစ်လအတွင်း မွန်ဂိုလီးယားနိုင်ငံတွင် ကူးစက်တတ်သောရောဂါများ ဖြစ်ပွားသူ ဦးရေ ၂၄၉၂၈ ဦးရှိကြောင်း အစီရင်ခံစာတွင် ဖော်ပြပြီး ယင်းပမာဏမှာ ယမန်နှစ်အလားတူကာလနှင့် နှိုင်းယှဉ်ပါက ဖြစ်ပွားမှုနှုန်း ၁၂ ဒသမ ၈ ရာခိုင်နှုန်းကျဆင်းခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြသည်။

**ဆင်ဟွာ**






# အာရှနိုင်ငံများထံ ရေနံနှင့် ဓာတ်ငွေ့ကို လျှော့ဈေးပေးရောင်းချရန် အီရန်အဆိုပြု

**တီဟီရန် ဩဂုတ် ၁၅**
အမေရိကန်ပြည်ထောင်စု၏ စီးပွားရေးပိတ်ဆို့မှုများကို တန်ပြန်နိုင်စေရန် အီရန်နိုင်ငံက ယင်း၏ အာရှဖောက်သည်နိုင်ငံများထံ ရေနံနှင့် ဓာတ်ငွေ့တင်ပို့ရောင်းချရာတွင် ဈေးလျှော့ပေးသည့်စနစ်ဖြင့် ရောင်းချပေးမည်ဟု ကမ်းလှမ်းလိုက်ကြောင်း နိုင်ငံပိုင်အိုင်အာရ်အင်န်အေ သတင်းဌာနက ဩဂုတ် ၁၅ ရက်တွင် သတင်းထုတ်ပြန်သည်။

အမေရိကန်ပြည်ထောင်စုသည် နိုဝင်ဘာ ၅ ရက်မှစ၍ အီရန်နိုင်ငံ၏ စွမ်းအင်လုပ်ငန်းကဏ္ဍအား အရေးယူပိတ်ဆို့ရန် စီစဉ်ထားသည်။ ၂၀၁၅ ခုနှစ် နိုင်ငံတကာ နျူကလီးယားသဘော တူညီချက်မှ အမေရိကန်ပြည်ထောင်စုနုတ်ထွက်ခဲ့ပြီးနောက် နှစ်နိုင်ငံဆက်ဆံရေး တင်းမာလာခဲ့ပြီး အမေရိကန်က အီရန်နိုင်ငံအပေါ် စီးပွားရေးပိတ်ဆို့မှု စတင်ပြုလုပ်ခဲ့သည်။ စီးပွားရေးပိတ်ဆို့ရေး အစီအစဉ်၏ ဒုတိယအဆင့်မှာ နိုဝင်ဘာ ၅ ရက်တွင် စတင်မည်ဆို၏။

အီရန်နိုင်ငံ၏ အဓိကဖောက်သည်နိုင်ငံများမှာ တရုတ်နှင့် အိန္ဒိယတို့ဖြစ်ကြသည်။ ယင်းနိုင်ငံများသည် အီရန်နိုင်ငံက တင်ပို့ရောင်းချသော ရေနံနှင့်ဓာတ်ငွေ့ပမာဏ၏ထက်ဝက်ခန့်ကို ပုံမှန်ဝယ်ယူလျက်ရှိကြသည်။

အမေရိကန်က အီရန်အပေါ် စီးပွားရေးပိတ်ဆို့သည့်တိုင်အောင် မိမိတို့အနေဖြင့် ယင်းနိုင်ငံထံမှ ရေနံနှင့် ဓာတ်ငွေ့ဝယ်ယူမှုကို သိသိသာသာလျှော့ချရန် ဆန္ဒမရှိကြောင်း တရုတ်နှင့် အိန္ဒိယနိုင်ငံတို့က ပြောကြားခဲ့ကြသည်။

အီရန်အပေါ် စီးပွားရေးပိတ်ဆို့ခြင်းကို ဥရောပသမဂ္ဂ(အီးယူ)ကလည်း ဆန့်ကျင်သည်။ သို့ရာတွင် စီးပွားရေးပိတ်ဆို့မှုအစီအစဉ်ကြောင့် အထိနာနိုင်သော ဥရောပကုမ္ပဏီကြီးအချို့မှာ အီရန်နိုင်ငံနှင့် စီးပွားရေးဆက်ဆံမှုပြုလုပ်ခြင်းကို လျှော့ချလျက်ရှိကြသည်။

**အေအက်ဖ်ပီ**

# အိုင်အက်စ်တိုက်ခိုက်ရေးသမား ၂၀၀၀၀ မှ ၃၀၀၀၀ ထိ အီရတ်နှင့် ဆီးရီးယားနိုင်ငံများတွင် ရှိနေဟု ဆို

**ကုလသမဂ္ဂ ဩဂုတ် ၁၅**
အစ္စလာမ္မစ် နိုင်ငံတော် ထူထောင်ရေး (အိုင်အက်စ်)စစ်သွေးကြွများသည် အရှုံးများနှင့် ကြုံတွေ့နေရပြီး ၎င်းတို့ထံသို့ နိုင်ငံရပ်ခြားမှ စစ်သွေးကြွများ လာရောက်ပူးပေါင်းမှုကို ဟန့်တားထားသော်လည်း အိုင်အက်စ်စစ်သွေးကြွ တိုက်ခိုက်ရေးသမားဦးရေ ၂၀၀၀၀ မှ ၃၀၀၀၀ ခန့်သည် အီရတ်နှင့် ဆီးရီးယားနိုင်ငံများအတွင်း ကျန်ရှိနေကြောင်း ကုလသမဂ္ဂမှ ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

အစွန်းရောက်အုပ်စုဝင်အချို့သည် အရေးပါသော လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အာဖဂန်နစ္စတန်နိုင်ငံသို့ နေရာဒေသပြောင်းရွှေ့သွားစဉ်မှာပင် လစ်ဗျားနိုင်ငံအတွင်း၌ ဂျီဟတ်ဝါဒီ အိုင်အက်စ်ဦးရေမှာ ၃၀၀၀ မှ ၄၀၀၀ အထိ အခြေစိုက်လျက်ရှိကြောင်း ကုလသမဂ္ဂ အရေးယူပိတ်ဆို့မှုဆိုင်ရာ စောင့်ကြည့်လေ့လာသူများ၏ အစီရင်ခံစာတွင် ဖော်ပြသည်။

**အညီအမျှရှိနေ**

၂၀၀၀၀ မှ ၃၀၀၀၀ အကြားရှိသော အိုင်အက်စ်စစ်သွေးကြွ တပ်ဖွဲ့ဝင်များသည် အီရတ်နှင့် ဆီးရီးယားနှစ်နိုင်ငံအကြားတွင် အကြမ်းအားဖြင့် အညီအမျှရှိနေကြသည်ဟု အဆိုပါအဖွဲ့က ပြောကြားသည်။

ကုလသမဂ္ဂအရေးယူပိတ်ဆို့မှုများဆိုင်ရာ စောင့်ကြည့်လေ့လာရေးအဖွဲ့သည် ကုလသမဂ္ဂက အကြမ်းဖက်အဖွဲ့အစည်းများအဖြစ် အမည်ပျက်စာရင်းသွင်းထားသည့် အစ္စလာမ္မစ်နိုင်ငံတော်ထူထောင်ရေးအဖွဲ့(အိုင်အက်စ်)နှင့် အယ်လ်ကေဒါအဖွဲ့တို့နှင့် ပတ်သက်၍ လွတ်လပ်သော အစီရင်ခံစာကို ကုလသမဂ္ဂလုံခြုံရေးကောင်စီသို့ ခြောက်လတစ်ကြိမ် တင်သွင်းရသည်။

အစ္စလာမ္မစ် နိုင်ငံတော် ထူထောင်ရေးအဖွဲ့(အိုင်အက်စ်) စစ်သွေးကြွများသည် တစ်ချိန်က အီရတ်နှင့် ဆီးရီးယားနှစ်နိုင်ငံပိုင်နက် တစ်ခွင်တစ်ပြင်၌ ကြီးမားသော နယ်မြေများကို ထိန်းချုပ်ထားနိုင်ခဲ့သည်။ သို့သော် ယမန်နှစ်အတွင်းက ၎င်းတို့အား ဆွန်နီအစွန်းရောက်အုပ်စုများ၏ အင်အားတောင့်တင်းရာ အမြွာဒေသဖြစ်သည့် မိုဆူးလ်နှင့် ရက်ကာမြို့များမှ တိုက်ခိုက်မောင်းထုတ်ခဲ့သည်။

**အေအက်ဖ်ပီ**

# ဘူလ်ဂေးရီးယားနိုင်ငံအနီး နစ်မြုပ်လျက်ရှိသော သင်္ဘောတစ်စင်းမှ စက်သုံးဆီ ယိုဖိတ်မှုဖြစ်ပွား

**ဆိုဖီယာ ဩဂုတ် ၁၅**
ဘူလ်ဂေးရီးယားနိုင်ငံအနီး၌ ၁၉၂၁ ခုနှစ်က နစ်မြုပ်သွားခဲ့သော အမေရိကန်သင်္ဘောတစ်စင်းမှ စက်သုံးဆီ ယိုဖိတ်မှုဖြစ်ပွားလျက်ရှိကြောင်း တာဝန်ရှိသူများက ပြောကြားကြသည်။

ဘူလ်ဂေးရီးယားနိုင်ငံရှိ ဆိုဇိုပိုလ်ပင်လယ်ကမ်းရိုးတန်း အပန်းဖြေစခန်းမြို့မှ ၁၀ ကီလိုမီတာခန့်ကွာဝေးသော ပင်လယ်နက် ရေပြင်အတွင်း နစ်မြုပ်နေသော အမေရိကန်သင်္ဘောမှ စက်သုံးဆီယိုဖိတ်မှုဖြစ်ပွားလျက်ရှိကြောင်း၊ လတ်တလောတွင် စက်သုံးဆီယိုဖိတ်မှု ပမာဏမှာ ကြီးမားခြင်းမရှိသဖြင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းနှင့် ဂေဟစနစ်တို့ အပေါ် ထိခိုက်မှုမရှိသေးကြောင်း ဘူလ်ဂေးရီးယားသယ်ယူပို့ဆောင်ရေး၊ သတင်းအချက်အလက်နည်းပညာနှင့် ဆက်သွယ်ရေးဝန်ကြီး အီဗေလိုမိုစကိုစကီးက ပြောကြားသည်။


ပင်လယ်နက်ရေပြင်အတွင်း ယိုဖိတ်နေသော စက်သုံးဆီကို ဖယ်ရှားရှင်းလင်းနိုင်ရန် ဥရောပပင်လယ်ရေကြောင်း လုံခြုံရေးအေဂျင်စီက စီစဉ်ဆောင်ရွက်လျက်ရှိသည်။

နစ်မြုပ်နေသော သင်္ဘော၏လောင်စာကန်များမှ လောင်စာဆီကို စက်ဖြင့် စုပ်ယူနိုင်ရန်လည်း လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဘူလ်ဂေးရီးယားဝန်ကြီးက ပြောကြားသည်။

နစ်မြုပ်နေသော သင်္ဘောပေါ်ရှိ လောင်စာသိုလှောင်ကန်အတွင်း စက်သုံးဆီ တန်ချိန် ၁၀၀ မှ ၁၅၀ အထိ ရှိနိုင်သည်ဟု ကျွမ်းကျင်သူပညာရှင်များက ခန့်မှန်းထားသည်။

မကြာသေးမီက လေမုန်တိုင်းတိုက်ခတ်ခြင်းနှင့် ပင်လယ်ရေအောက် ရေစီးကြောင်းများ ဝဲကတော့ထိုးခြင်းတို့ကြောင့် စက်သုံးဆီယိုဖိတ်မှုဖြစ်ပွားရသည်ဟု ယူဆရသည်။

**ဆင်ဟွာ**



# ခရစ္စတယ်ပဲလေ့ တောင်ပံကစားသမား ဇာဟာ ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆို

ခရစ္စတယ်ပဲလေ့အသင်း၏ တောင်ပံကစားသမား ဇာဟာသည် ငါးနှစ်သက်တမ်းရှိ စာချုပ်သစ်တစ်ရပ် ထပ်တိုးချုပ်ဆိုလိုက်ပြီဖြစ်ရာ တစ်ပတ်ပေါင် ၁၃၀၀၀၀ ရရှိမည်ဖြစ်သည်။

အသက် ၂၅ နှစ်အရွယ်ရှိ အိုင်ဗရီကို့စ် ကစားသမား ဇာဟာသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက စပါးအသင်းသို့မဟုတ် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ကစားရန် ချိတ်ဆက်မှုများရှိခဲ့သူဖြစ်သည်။

လက်ရှိတွင် တောင်ပံကစားသမား ဇာဟာသည် ငါးနှစ်သက်တမ်းရှိစာချုပ်သစ် တစ်ရပ် ထပ်တိုးချုပ်ဆိုခဲ့ခြင်းကြောင့် ခရစ္စတယ်ပဲလေ့အသင်းတွင် ၂၀၂၂-၂၀၂၃ အထိ ဆက်ရှိနေမည်ဖြစ်ကြောင်းလည်းသိရသည်။

တောင်ပံကစားသမားဇာဟာသည် ၎င်း၏ ကစားသမားဘဝကို ခရစ္စတယ်ပဲလေ့အသင်းနှင့်အတူ စတင်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် မန်ယူအသင်းသို့ ပြောင်းရွှေ့ခဲ့သည်။

ထို့နောက် ၂၀၁၄ ခုနှစ်တွင် ခရစ္စတယ်ပဲလေ့အသင်းသို့ အငှားချထားခြင်းခံခဲ့ရသူဖြစ်ပြီး ၂၀၁၅ ခုနှစ်တွင် ခရစ္စတယ်ပဲလေ့အသင်းသို့ အမြဲတမ်းစာချုပ်ဖြင့် ပြောင်းရွှေ့သွားခဲ့သည်။

ငွေကြယ် - ရေးသားသည်





# လာမည့်နွေရာသီအပြောင်းအရွှေ့တွင် မန်ယူမှ ထွက်ခွာဖြစ်ခဲ့ပါက အသင်းဟောင်း ဗလင်စီယာသို့ ပြန်မည်ဟု မာတာ ပြောကြား

မန်ယူကွင်းလယ်ကစားသမား ဂျူအန်မာတာသည် လာမည့်နွေရာသီအပြောင်းအရွှေ့ကာလတွင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ရာ ယင်းသို့စာချုပ်သက်တမ်းကုန်ဆုံး၍ အသင်းမှ ထွက်ခွာဖြစ်ခဲ့ပါက အသင်းဟောင်းဗလင်စီယာသို့ ပြန်လည်ကစားမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။

စပိန်ကွင်းလယ်ကစားသမား မာတာသည် စပိန်လာလီဂါကလပ် ဗလင်စီယာအသင်းတွင် လေးရာသီကြာကစားခဲ့ရာတွင် ပြိုင်ပွဲအရပ်ရပ်၌ ၁၇၄ ပွဲပါဝင်ကစားခွင့်ရရှိခဲ့ပြီး ၂၀၁၁ ခုနှစ်တွင် ပရီမီယာလိဂ် ကလပ် ချယ်လ်ဆီးအသင်းသို့ ပြောင်းရွှေ့ခဲ့သူဖြစ်သည်။

ထို့နောက် ချယ်လ်ဆီးအသင်းမှ မန်ယူအသင်းသို့ ပြောင်းရွှေ့လာခဲ့ပြီး လက်ရှိတွင် မန်ယူအသင်းနှင့် စာချုပ်သက်တမ်းမှာ ရာသီကုန်တွင် ကုန်ဆုံးမည်ဖြစ်သောကြောင့် ကစားသမားကိုယ်တိုင်က အသင်းဟောင်းဗလင်စီယာအသင်းသို့ ပြန်လိုသည့်အပြင် ဗလင်စီယာအသင်းကလည်း ကွင်းလယ်ကစားသမား မာတာကို ပြန်လည်ခေါ်ယူရန် ပစ်မှတ် ထားလျက်ရှိကြောင်း သိရသည်။

ကွင်းလယ်ကစားသမား မာတာ၏ အပြောင်းအရွှေ့ကို တစ်ပတ်ပေါင် ၁၃၀၀၀၀ တောင်းဆိုထားသော်လည်း ဗလင်စီယာအသင်းကမူ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူရန် ဆန္ဒရှိနေကြောင်းသိရသည်။

ကွင်းလယ်ကစားသမား မာတာသည် ၂၀၁၇-၂၀၁၈ ဘောလုံးရာသီက မန်ယူအသင်းနှင့်အတူ ပွဲပေါင်း ၄၀ ပါဝင်ကစားပေးခဲ့ရာတွင် သွင်းဂိုးသုံးဂိုးသွင်းယူနိုင်ခဲ့ပြီး ဂိုးဖန်တီးပေးနိုင်မှု ခုနစ်ကြိမ်ပြုလုပ်ထားနိုင်ခဲ့သူဖြစ်သည်။

မာတာသည် ချယ်လ်ဆီးအသင်းနှင့်အတူ ယူရိုပါလိဂ်ဖလား တစ်ကြိမ်နှင့် မန်ယူအသင်းနှင့်အတူ ယူရိုပါလိဂ်ဖလားတစ်ကြိမ်ရရှိထားခဲ့သူဖြစ်ပြီး အက်ဖ်အေဖလားချန်ပီယံအဖြစ်လည်း နှစ်သင်းစလုံးနှင့် အောင်ပွဲခံနိုင်ခဲ့သူဖြစ်သည်။

# အဖွင့်ပွဲစဉ်မှာ နိုင်ပွဲယူမယ့် စီရိုနယ်လ်ဒို ဦးဆောင်တဲ့ ဂျူဗင်တပ်

ရှိုင်းမင်းမင်း

## ၂၀၁၈-၂၀၁၉ စီးရီးအေရင်ခုန်သံ - ၁

လာမယ့် ဩဂုတ် ၁၈၊ ၁၉၊ ၂၀၊ ၂၁ ရက်တွေမှာတော့ ၂၀၁၈-၂၀၁၉ စီးရီးအေရာသီသစ်ကို စတင်တော့မှာဖြစ်ပါတယ်။ ဒီနှစ်စီးရီးအေဟာ စီရိုနယ်လ်ဒိုလိုကစားသမားမျိုးရောက်ရှိလာတာကြောင့် စိတ်ဝင်စားဖို့ ကောင်းနေကာ ဒီအဖွင့်ပွဲစဉ် ၁ မှာလည်း လာဇီယိုနဲ့ နာပိုလီတို့လို အသင်းကောင်းတွေ ဆုံတွေ့နေပါတယ်။

### ချီယေဗို - ဂျူဗင်တပ် (ည ၁၀း၃၀၊ ၁၈-၈-၁၈)

ဒီနှစ်ရာသီမှာ ဂျူဗင်တပ်ရဲ့အားဖြည့်မှုက အတော်လေးကောင်းမွန်မှုရှိပါတယ်။ စီရိုနယ်လ်ဒိုအပါအဝင် ကစားသမားကောင်းတွေ အများအပြားခေါ်ယူထားသလို အဖွင့်ပွဲစဉ်မှာလည်း နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ချီယေဗိုကတော့ မနှစ်က ဘောလုံးရာသီမှာ ခြေစွမ်းပိုင်းအရ အားနည်းမှုတွေရှိခဲ့သလို ဒီနှစ် နွေရာသီမှာလည်းထိမိတဲ့ အားဖြည့်မှုတွေ မလုပ်ထားနိုင်တာကြောင့် ခြေစွမ်းပိုင်းတိုးတက်ဖို့ ခက်ပါတယ်။ ဂျူဗင်တပ်ပဲ အနိုင်ရမယ်။

### လာဇီယို - နာပိုလီ (နံနက် ၁း၀၀၊ ၁၉-၈-၁၈)

နာပိုလီက ဂျော်ဂျင်ဟိုကို ဆုံးရှုံးထားရပေမယ့် ဆီမွန်ဗာဒီနဲ့ ဖာဘီယန်ရုဇ်တို့ကို ပြန်လည်ခေါ်ယူထားနိုင်တာကြောင့် ကစားသမားအင်အားပိုင်းတော့ အားနည်းသွားခြင်းမရှိပါဘူး။ ဒါပေမယ့် ဆာရီ ထွက်ခွာသွားပြီး အန်ဆယ်လော့တီနဲ့ အစားထိုးတာကြောင့် အသင်းရဲ့ ဟန်ချက်ကတော့ အထိုင်ကျဖို့ အချိန်လိုအပ်နေပါသေးတယ်။ လာဇီယိုကလည်း အိမ်ကွင်းဖြစ်နေတာကြောင့် နိုင်ပွဲရဖို့ အားစိုက်ကစားလာမယ့်အပြင် ဒီရာသီမှာလည်း အသင်းရဲ့အဓိကကစားသမားတွေကို ဆက်ထိန်းထားနိုင်တာ တွေ့ရပါတယ်။ နာပိုလီ သရေလောက်ပဲရမယ်။

### တိုရီနို - ရိုးမား (ည ၁၀း၃၀၊ ၁၉-၈-၁၈)

တိုရီနိုက မနှစ်ကရာသီမှာလည်း ခြေစွမ်းပိုင်းမဆိုးခဲ့ပါဘူး။ ဒီနှစ်မှာဆိုရင်လည်း မနှစ်က အထိုင်ကိုဆက်ထိန်းထားနိုင်တာကြောင့် ခြေစွမ်းပိုင်းတည်ငြိမ်လာနိုင်ပါတယ်။ ရိုးမားကတော့ ဒီနှစ်နွေရာသီမှာ အသင်းကို အများအပြား အားဖြည့်ထားတာကြောင့် အသင်းလိုက် ဟန်ချက်ထိခိုက်မှုရှိနေတာကို ခြေစမ်းပွဲတွေမှာ တွေ့မြင်ခဲ့ရပါတယ်။ ပတ်စတိုရီ၊ ကလွိုက်ဗက်တို့အပါအဝင် ကစားသမားကောင်းတွေ ရှိနေပေမယ့်လည်း ရိုးမားတို့ ဂိုးပြတ်နိုင်ဖို့ ခက်တယ်။

### ဘိုလော့နာ - SPAL (နံနက် ၁း၀၀၊ ၂၀-၈-၁၈)

SPAL က မနှစ်ကရာသီမှ စီးရီးအေကို တက်ရောက်လာနိုင်ခဲ့တာဖြစ်ပေမယ့် တန်းမဆင်းရအောင်တော့ စွမ်းဆောင်နိုင်ခဲ့ပါတယ်။ ဒါပေမယ့် ဒီနှစ်မှာတော့ အားဖြည့်မှုမထိရောက်လို့ ခြေစွမ်းပိုင်းတိုးတက်လာဖို့တော့ ခက်ခဲပါတယ်။ ဘိုလော့နာကလည်း မနှစ်က အထိုင်ကိုသာ အခြေပြုပွဲထွက်လာမှာ ဖြစ်ပေမယ့်လည်း အိမ်ကွင်းမှာ ကစားရမှာဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အတွက် အားစိုက်လာမှာပါ။ ခြေစွမ်းပိုင်းကွာဟမှု သိပ်မရှိပေမယ့်လည်း ဘိုလော့နာပဲ ကပ်နိုင်မယ်။

### အမ်ပိုလီ - ကယ်ဂလီယာရီ (နံနက် ၁း၀၀၊ ၂၀-၈-၁၈)

အမ်ပိုလီက တန်းတက်အသင်းဖြစ်ပေမယ့် စီးရီးအေအဖွင့်ပွဲဖြစ်တဲ့အပြင် အိမ်ကွင်းမှာ ကစားရမှာဖြစ်နေတာကြောင့် အမှတ်ရယူနိုင်ဖို့ အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ဒ့ါအပြင် ကယ်ဂလီယာရီကလည်း ခြေစမ်းပွဲတွေမှာ ခြေစွမ်းသာမန်သာရှိခဲ့ပြီး အားဖြည့်မှုလည်း မထိရောက်တာကြောင့် ဒီပွဲမှာ ကယ်ဂလီယာရီတို့ သရေလောက်ပဲကစားနိုင်ဖို့ရှိပါတယ်။

### မီလန် - ဂျီနိုအာ (နံနက် ၁း၀၀၊ ၂၀-၈-၁၈)

မီလန်က ဟီဂွါယင်၊ ကာလီနစ်၊ စထရီနစ်တို့လို ကစားသမားကောင်းတွေကို ခေါ်ယူထားတာကြောင့် မနှစ်ကထက်တောင် ကစားသမားအင်အားပိုင်း ပိုမိုတောင့်တင်းလာပါတယ်။ အိမ်ကွင်းလည်းဖြစ်လို့ တိုက်စစ်ဖွင့်ကစားလာဖို့ရှိနေပါတယ်။ ဂျီနိုအာကတော့ အားဖြည့်မှု မထိရောက်တာကြောင့် ခြေစွမ်းပိုင်း တိုးတက်လာဖို့ခက်ပါတယ်။ မီလန်တို့ အထိုင်ကျမှုအားနည်းနိုင်ပေမယ့်လည်း အိမ်ကွင်းမှာ နိုင်ပွဲရယူသွားနိုင်မှာပါ။

### ပါးမား - အူဒီးနီးစ် (နံနက် ၁း၀၀၊ ၂၀-၈-၁၈)

ပါးမားက တန်းတက်အသင်းဖြစ်ပေမယ့် စီးရီးအေအတွေ့အကြုံ ပြည့်ဝတဲ့အသင်းဖြစ်ပါတယ်။ အိမ်ကွင်းဖြစ်နေတာကြောင့်လည်း အဖွင့်ပွဲမှာ ပါးမားတို့ အမှတ်ရယူနိုင်အောင် အားစိုက်ကစားလာမှာ သေချာနေပါတယ်။ ကစားသမားအားဖြည့်မှုနည်းပါးပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်ကောင်းမွန်တာကြောင့် အူဒီးနီးစ်ကိုထိန်းချုပ်နိုင်မှာပါ။ အူဒီးနီးစ်က မနှစ်က ခြေစွမ်းသာမန်သာရှိခဲ့သလို ဒီနှစ်လည်း အားဖြည့်မှုနည်းပါးတာကြောင့် ခြေစွမ်းပိုင်းတိုးတက်လာဖို့ခက်ပါတယ်။ ပါးမားသရေ မျှော်လင့်နိုင်ခြေရှိတယ်။

### ဆမ်ဒိုးရီးယား - ဖီအိုရင်တီးနား (နံနက် ၁း၀၀၊ ၂၀-၈-၁၈)

ဆမ်ဒိုးရီးယားက ကစားသမားကောင်းအချို့ကို ဆုံးရှုံးထားရပေမယ့် အသင်းလိုက်စွမ်းဆောင်ရည်ကိုသာ အားပြုကစားတတ်တဲ့အသင်း ဖြစ်နေပါတယ်။ အဖွင့်ပွဲစဉ်မှာ အမှတ်ရအောင် အားစိုက်ကစားမယ့်အပြင် အိမ်ကွင်းလည်း ဖြစ်နေသလို ဆမ်ဒိုးရီးယားဟာ အိမ်ကွင်းကစားပုံကောင်းမွန်တတ်တဲ့ အစဉ်အလာလည်းရှိပါတယ်။ ဖီအိုရင်တီးနားကတော့ ထိရောက်တဲ့အားဖြည့်မှု ပြုလုပ်ထားနိုင်ခြင်းမရှိတဲ့အပြင် ပီဂျာကာကိုပါ ဆုံးရှုံးထားရတာကြောင့် မနှစ်ကခြေစွမ်းထက် တိုးတက်လာဖို့ခက်ပါတယ်။ ဆမ်ဒိုးရီးယားတို့ သရေ မျှော်လင့်နိုင်မယ်။

### ဆာစူအိုလို - အင်တာ (နံနက် ၁း၀၀၊ ၂၀-၈-၁၈)

ဆာစူအိုလိုက အသင်းလိုက်စွမ်းဆောင်ရည်ကိုအဓိကထားတဲ့ အသင်းဖြစ်သလို အိမ်ကွင်းကစားပုံလည်း တည်ငြိမ်မှုရှိတတ်တဲ့ အသင်းဖြစ်ပေမယ့် အင်တာကိုတော့ ထိန်းချုပ်နိုင်ဖို့ခက်ခဲပါတယ်။ အင်တာက အသင်းရဲ့အဓိကကစားသမားတွေကို ဆက်ထိန်းထားနိုင်တဲ့အပြင် နိုင်ဂိုလန်လိုကစားသမားမျိုးကိုပါ ထပ်မံအားဖြည့်ထားနိုင်တာကြောင့် ခြေစွမ်းပိုင်းက မနှစ်ကထက် ပိုမိုတိုးတက်လာနိုင်ပါတယ်။ အဖွင့်ပွဲဖြစ်နေတာကြောင့်လည်း အင်တာတို့ အားစိုက်ကစားလာမှာဖြစ်သလို နိုင်ပွဲလည်း ရယူသွားနိုင်ဖို့ရှိနေပါတယ်။

### အတ္တလန္တာ - ဖရိုစီနိုနီ (နံနက် ၁း၀၀၊ ၂၁-၈-၁၈)

ဒီနှစ်နွေရာသီမှာ အတ္တလန္တာတို့ အသင်းကိုထိရောက်တဲ့အားဖြည့်မှုတွေ ပြုလုပ်ထားနိုင်ခြင်းမရှိပေမယ့်လည်း အသင်းရဲ့အဓိကကစားသမားတွေကိုတော့ ဆက်ထိန်းထားနိုင်တာကြောင့် မနှစ်က ရရှိခဲ့တဲ့ ခြေစွမ်းကောင်းကို ပြန်လည်ရရှိနိုင်ပါတယ်။ ဒ့ါအပြင် အတ္တလန္တာက အိမ်ကွင်းပွဲတွေမှာ ခြေစွမ်းပိုင်းပိုမိုပြီး ကောင်းမွန်တတ်တဲ့အသင်းလည်းဖြစ်ပါတယ်။ ဖရိုစီနိုနီကတော့ တန်းတက်အသင်းတွေအထဲမှာ အားအနည်းဆုံးပါ။ အတ္တလန္တာကပဲ အိမ်ကွင်း နိုင်ပွဲရမယ်။

# ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ငွေကျပ်သိန်းလေးရာကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၅**

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ယမန်နေ့ ည ၁၀ နာရီခွဲခန့်က မလေးရှားနိုင်ငံသို့ ထွက်ခွာမည့်လေယာဉ်တွင် လိုက်ပါစီးနင်းမည့်ခရီးသည်ထံမှ ခရီးဆောင်အိတ်ကို စစ်ဆေးရာ အိတ်အတွင်းရှိ အမျိုးသမီး ဖိနပ်များတွင် လျှို့ဝှက်ယူဆောင်လာသည့် ငွေကျပ်သိန်းလေးရာကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် မူးယစ်တပ်ဖွဲ့စု(၄၅)မှ ရဲအုပ်ဝင်းလှိုင်နှင့်အဖွဲ့၊ လေကြောင်းရဲတပ်ဖွဲ့(ရန်ကုန်)မှ ဒုတိယရဲမှူးသိန်းသန်းထွန်းတို့အဖွဲ့သည် Yangon Aerodrome Company Limited မှ လက်ထောက်မန်နေဂျာ ဦးရဲလင်းအောင်၊ X - Ray စက်မောင်းတာဝန်ခံ ဦးဟန်မင်းဇော်တို့နှင့်အတူ ပြည်ပထွက်ခွာဆောင် Terminal - 1 Inline Reject X - Ray စက်တွင် စစ်ဆေးရေးတာဝန်ထမ်းဆောင်စဉ် မလေးရှားနိုင်ငံသို့ ထွက်ခွာမည့် မလေးရှားလေကြောင်းခရီးစဉ်အမှတ် OD - 553 ဖြင့် လိုက်ပါမည့် ခရီးသည်၏ခရီးဆောင်အိတ်များကို စစ်ဆေးနေစဉ် ယင်းအိတ်အတွင်းမှ မသင်္ကာဖွယ်ပုံရိပ်တွေ့ရှိခဲ့ခြင်းဖြစ်သည်။

အဆိုပါအိတ်ကို စစ်ဆေးရာ အိတ်တွင် အောင်မျိုးမင်းအမည်ပါ Baggage Tag ပါရှိသဖြင့် ၎င်းခရီးသည်ကိုရှာဖွေ၍ ခေါ်ဆောင်မေးမြန်းရာ အောင်မျိုးမင်းက ယင်းအိတ်ပိုင်ရှင်မှာ ဒေါ်မြမြဝင်းဖြစ်ပြီး ထိုအိတ်အား မခင်မာလာ(ခ)မော်လီက လူကြုံယူသွားပေးရန် ပြည်ပထွက်ခွာဆောင်သို့ လာရောက်ပေးသဖြင့် ယူဆောင်လာသည့်အိတ်ဖြစ်ကြောင်း သိရသဖြင့် ခရီးဆောင်အိတ်အား သက်သေများရှေ့တွင် ဖွင့်ဖောက်စစ်ဆေးရာ အိတ်အတွင်း၌ အမျိုးသမီးကတ္တီပါဖိနပ်(အရောင်စုံ)အရန်လေးဆယ်ရှိသည့်အနက် ၁၁ ရန်တွင် အံဝှက်ပြုလုပ်ကာ တိပ်ဖြင့်ပတ်ထားသည့် အထုပ် ၆၆ ထုပ်အတွင်းမှ WY နှင့် R စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြားတစ်ထုပ်လျှင် အပြား ၂၀၀ နှင့် စုစုပေါင်းဆေးပြား ၁၃၂၀၀ ပါရှိပြီး ငွေကျပ် ၄၆၂၀၀၀၀၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးများ သိမ်းဆည်းရမိကြောင်း သိရသည်။



အဆိုပါမူးယစ်ဆေးဝါးသိမ်းဆည်းရမှုနှင့်ပတ်သက်၍ ယနေ့နံနက် ၄ နာရီခွဲတွင် ရွှေပြည်သာမြို့နယ် ကုန်သည်(၈) ရပ်ကွက်တွင် နေထိုင်သည့် မြမြဝင်း၊ မင်္ဂလာဒုံမြို့နယ် ကြံခင်းစုရပ်ကွက်နေ ခင်မာလာ(ခ)မော်လီနှင့် တန့်ဆည်မြို့ ခရမ်းခြံကျေးရွာနေ အောင်မျိုးမင်းတို့ကို မင်္ဂလာဒုံ မြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**ဇာနည်မောင်**

# ချမ်းမြသာစည်မြို့နယ်နှင့် သာစည်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၅**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး (တောင်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၄ ရက် ညနေ ၅ နာရီက ချမ်းမြသာစည်မြို့နယ် ထွန်းတုံးရပ်ကွက် အောင်စေတနာလမ်း ၄၉ လမ်းနှင့် လမ်း ၅၀ ကြား နန်းထိုက်ပန် အအေးခန်းဧည့်ရိပ်မွန် အခန်းအမှတ်-၂၀၅ ကို ရှာဖွေရာ ရဲမင်းသိန်း(ခ)ရသ၊ မျိုးတင့်နှင့် မခေမီ(ခ)မဗျာတားမီးတို့အား တွေ့ရှိရပြီး အိပ်ရာခုတင်ဘေး စားပွဲခုံပေါ်နှင့် ရေချိုးခန်းမှန်တင်ခုံပေါ်တို့မှ ပလတ်စတစ်ကပ်ခွာအိတ်များဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၁၆၅၅ ပြားနှင့် လက်ကိုင်ဖုန်း သုံးလုံးတို့ကိုလည်းကောင်း၊ အလားတူ ည ၁၁ နာရီခန့်က သာစည်မြို့နယ် ကျွဲတပ်ဆိုကျေးရွာ သော်တာဝင်းတိုးဂိတ်အနီးတွင် အောင်လံမိုး မော်တော်ယာဉ်အသင်း ခရီးသည်တင်ယာဉ်ကို ရှာဖွေရာ ခရီးသည် သန်းမင်းထွန်း(ခ) သန်းမင်း၏ ဆာလာအိတ်ထဲရှိ ဆီတို့ဟူးများအတွင်း အပြာရောင် ကပ်ခွာအိတ်များဖြင့် ထည့်လျက် စိတ်ကြွရူးသွပ်ဆေးပြား ၈၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ရဲမင်းသိန်း(ခ)ရသ၊ မျိုးတင့်၊ မခေမီ(ခ) မဗျာတားမီးနှင့် သန်းမင်းထွန်း(ခ) သန်းမင်းတို့ကို မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။





မျိုးတင့်၊ ရဲမင်းသိန်း(ခ)ရသ၊ မခေမီ(ခ)မဗျာတားမီးနှင့် သန်းမင်းထွန်း(ခ)သန်းမင်းတို့ကို သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

# ရေပူစစ်ဆေးရေးစခန်းတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေး ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဩဂုတ် ၁၅**

တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ် မတ် ၁ ရက်တွင် စတင်ဖွင့်လှစ် ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၁၄ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၅၈ စီး၊ သွင်းကုန်အစီး ၆၃၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ် ပို့ကုန် ၄၄ စီး၊ သွင်းကုန် ၁၇၇ စီးတို့ဖြင့် ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဩဂုတ် ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုလေးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄ ဒသမ ၁၄၈ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှု ခြောက်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၄ ဒသမ ၀၇၀ သန်းခန့်) စုစုပေါင်း တားဆီးမှု ၁၀ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈ ဒသမ ၂၁၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဩဂုတ် ၁၄ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းပူးပေါင်းစစ်ဆေးရေးအဖွဲ့က Toyota Crown (Royal Extra) ယာဉ်တစ်စီးနှင့် Mitsubishi Grandis ယာဉ်တစ်စီးတို့ကို ရှောင်တခင်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် သို့ဝှက်သယ်ဆောင်လာသည့် တရားမဝင် ပိတောက်ခားရွေ့ သုည ဒသမ ၁၉၉၆ တန်၊ ကျောက်စိမ်းဖြတ်စဆိုဒ်စုံ ၈၅၇ တုံးနှင့် အဆိုပါပစ္စည်းများ သယ်ဆောင်သည့် ယာဉ်နှစ်စီး (စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၅၄ ဒသမ ၁၄၈ သန်းခန့်)အား စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



# မြဝတီမြို့တွင် မော်တော်ယာဉ် ၁၈ စီး ဖမ်းဆီးအရေးယူ

**မြဝတီ ဩဂုတ် ၁၅**

ကရင်ပြည်နယ် မြဝတီမြို့တွင် စည်းကမ်းပျက်ယာဉ် ၁၈ စီးကို အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။

မြဝတီမြို့ပေါ်ရပ်ကွက်များတွင် စည်းကမ်းပျက်ယာဉ်များကို မြဝတီမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်သူရည် ဦးစီး၍ အမှတ် ၇၃ ယာဉ်ထိန်း တပ်ဖွဲ့စုမှူးရုံးက ဩဂုတ် ၁၃ ရက်မှ စတင်ပြီး ရှင်းလင်းအရေးယူဆောင်ရွက်လျက်ရှိရာ စည်းကမ်းပျက်မော်တော်ယာဉ် ၁၈ စီးကို အမှုဖွင့်အရေးယူဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မင်းသူ(ဘားအံ)**

## မြန်မာ့ရုပ်မြင်သံကြား

**၁၆-၈-၂၀၁၈ (ကြာသပတေးနေ့)**

**နံနက်ပိုင်း**

- ၆း၀၀ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၇း၃၅ NRC အစီအစဉ် "ကန်ပက်လက်မြို့နယ် ညီအစ်ကိုများ၏ ရိုးရာပလွေဂီတ"
- ၈း၃၅ စီးပွားရေးစကားဝိုင်း "ပုဂ္ဂလိကစွမ်းအား ပြည်ထွန်းကား"(ပထမပိုင်း)
- ၉း၁၅ လှပစုံလင်အာဆီယံအစီအစဉ်
- ၉း၄၀ ASEAN Spolight (39)
- ၁၀း၃၀ အလုပ်သမားရေးရာ အစီအစဉ်
- ၁၁း၃၅ ဘဝထဲကဝတ္ထု ဝတ္ထုထဲကဘဝ "မေတ္တာပရဝဏ်" (ကောင်းဟိန်း၊ ခရစ္စတီးနား၊ ပန်သုမြင့်မိုရ်၊ ဒေါ်ခင်ခင်ကြီး) [(ဒါရိုက်တာသိမ်းစိုး (သီဟရတနာ)]
- ၁၂း၃၀ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၄) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာအောင်ဩဘာ)
- ၁၄း၃၅ "မြန်မာနိုင်ငံရှိ လူကုန်ကူးခံရသူများအတွက် အခွင့်အရေးနှင့် ပြစ်မှုတရားစီရင်ရေး လုပ်ထုံးလုပ်နည်းများ"

**ညပိုင်း**

- ၁၆း၃၅ "အဖြူရောင်ရေခွက်ကလေးရဲ့ ဒိုင်ယာရီ"(မင်းသူ၊ ထူးခန့်ကျော်၊ ခင်ဖြူဖြူသန့်၊ သီရိဖြူစင်) (ဒါရိုက်တာစေတနာမောင်)
- ၁၇း၀၅ "အသုံးဝင်လို့ ထာဝစဉ်ပြန်လည်စိုက်ပျိုးစေချင် ပဒေသာထန်းပင်"
- ၁၇း၁၅ NHK အစီအစဉ် "ချိန်ခွင်များ"
- ၁၇း၃၅ လူမှုစီးပွားမြင်ကွင်းများ
- ၁၈း၂၅ မျက်မှောက်ရေးရာအဖြာဖြာ
- ၁၈း၅၀ "CHOICE" (အပိုင်း-၇၇)
- ၁၉း၁၅ မြန်မာဇာတ်လမ်းတွဲ "ဇနီးချောများကွန်ရက်" (အပိုင်း-၂၅) (ဖိုးသောကြာ၊ မေဘရဏီသော်၊ စိုးပြည့်သဇင်၊ ကျော်ကျော်၊ မြနှင်းရည်လွင်၊ ခင်သဇင်၊ နေယံ၊ ဇေယျ) (ဒါရိုက်တာအောင်ဩဘာ)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ စီးပွားရေးစကားဝိုင်း "ပုဂ္ဂလိကစွမ်းအား ပြည်ထွန်းကား"(ဒုတိယပိုင်း) -Britain's Cot Talent (11) -မှတ်မှတ်ထင်ထင် မြန်မာ့ရုပ်ရှင်(အပိုင်း-၂) (ဒါရိုက်တာကြည်စိုးထွန်း၊ ခင်မောင်ချင်း) -အစီအစဉ်ပြီး၏။

# စိတ်ကြွရူးသွပ်ဆေးပြားများနှင့် လက်နက်၊ ခဲယမ်းများ သိမ်းဆည်းရမိ

**နေပြည်တော် ဩဂုတ် ၁၅**

**သံဖြူဇရပ်မြို့**

သံဖြူဇရပ်မြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဩဂုတ် ၁၄ ရက် မွန်းလွဲ ၂ နာရီက သံဖြူဇရပ်မြို့နယ် ဝဲကလိကျေးရွာအုပ်စု ဘုရားလေးဆူကျေးရွာ ရေပူလမ်းနေ ထွန်းသန်း(ခ) သားငယ်၏နေအိမ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၇၈၇ ပြား၊ တရုတ်နိုင်ငံထုတ် PARYAR အမျိုးအစား ပစ္စတိုတစ်လက်နှင့် ကျည် ၁၇ တောင့်တို့ကို သိမ်းဆည်းရမိသည်။

**တောင်ကြီးမြို့**

အလားတူ ညနေ ၆ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၅ တောင်ကြီးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့အဝင် လေးမိုင် ပူးပေါင်းစစ်ဆေးရေးဂိတ်တွင် ခရီးသည်တင်မော်တော်ယာဉ်နောက်ခန်း၌ လိုက်ပါလာသည့် ကျော်ကျော်ဆင့်နှင့် ဝင်းဟိန်းတို့ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၃၀ နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့သည်။

**နောင်ချိုမြို့**

ထို့အတူ ဩဂုတ် ၁၃ ရက် ညနေ ၄ နာရီခွဲက မူးယစ်တပ်ဖွဲ့စု ၂၄ လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် နောင်ချိုမြို့အဝင် မိုင်တိုင် ၈၀/၄ အနီး၊ မူဆယ်-မန္တလေးသွားကားလမ်းတွင် မင်းသိမ်းကျော် မောင်းနှင်လာသည့် MARK II အမျိုးအစား မော်တော်ယာဉ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀၊ ဘိန်းဖြူ ၁၀ ဂရမ်နှင့် လက်ကိုင်ဖုန်းတစ်လုံးတို့ကို သိမ်းဆည်းရမိခဲ့၍ ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# လှိုင်သာယာမြို့နယ်တွင် ယာဉ်တိုက်မှုကြောင့် တစ်ဦးသေဆုံး၊ တစ်ဦးဒဏ်ရာရ

**လှိုင်သာယာ ဩဂုတ် ၁၅**

လှိုင်သာယာမြို့နယ် ရန်ကုန်-ပုသိမ်လမ်း စက်မှုဇုန်-၂ မီးပွိုင့်အနီးတွင် ဩဂုတ် ၁၅ ရက် နံနက် ၆ နာရီခွဲခန့်က ပုသိမ်မှမောင်းနှင်လာသော ယာဉ်မောင်း(စိစစ်ဆဲ)၏ ယာဉ်သည် အရှိန်မထိန်းနိုင်ဘဲ ရန်ကုန်-ပုသိမ်လမ်းတွင် မောင်းနှင်လာသည့် ဆိုင်ကယ်ကို တိုက်မိခဲ့ပြီး ထိုမှတစ်ဆင့် လမ်းဘေးရှိ အိမ်တစ်လုံးကို ဆက်လက်တိုက်မိခဲ့ကာ ရေမြောင်းအတွင်း ထိုးကျခဲ့ကြောင်း သိရသည်။

အဆိုပါ ယာဉ်တိုက်မှုကြောင့် အိမ်အတွင်း၌ရှိနေသော ဦးရာဇာဦးမှာ နေရာတွင်ပင် သေဆုံးခဲ့ပြီး သမီးဖြစ်သူ မဟေမာန်ဦးမှာ ထိခိုက်ဒဏ်ရာများ ရရှိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ယာဉ်မောင်း(စိစစ်ဆဲ)အား အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့် ရေကြီးရေလျှံမှုနှင့်ပတ်သက်၍ ကျေးရွာများ၏လိုအပ်ချက်များအား ဖြည့်ဆည်းဆောင်ရွက်ပေး

**ဘားအံ ဩဂုတ် ၁၅**

ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ် ဒေါ်နန်းခင်ထွေးမြင့်သည် အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့်အတူ ဩဂုတ် ၁၅ ရက် နံနက်ပိုင်းက ဘားအံမြို့နယ် စုပေါင်းရုံး ပြည်သူ့ဝန်ဆောင်မှုရုံးခန်းမ၌ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်နယ်ဝန်ကြီးချုပ်က ရေကြီးရေလျှံမှုများဖြစ်ပွားခဲ့သည်မှာ ရက်သတ္တပတ်သုံးပတ်ကျော်လာခဲ့ပြီဖြစ်ကြောင်း၊ ရှာဖွေကယ်ဆယ်ရေး၊ ကူညီထောက်ပံ့ရေးလုပ်ငန်းများ ဆောင်ရွက်ကြရသည့်အတွက် အားလုံး ပင်ပန်းနေကြပြီဖြစ်ကြောင်း၊ ရက်ကြာလာပါက ကျန်းမာရေးကို ထိခိုက်လာနိုင်ကြောင်း၊ ကူညီပံ့ပိုးသူများရှိ၍ ပြန်လည်ဖြည့်ဆည်းပေးနိုင်ခဲ့ပြီး ရာနှုန်းပြည့်မဟုတ်သော်လည်းအထိုက်အလျောက် အကောင်းဆုံးဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ရေကြီးခဲ့သောကျေးရွာများအနေဖြင့် ကူညီထောက်ပံ့မှုများမရသေးပါက တင်ပြကြစေလိုပြီး ကျေးရွာများအထိ ရောက်အောင်ပို့ပေးချင်ပါကြောင်း၊ မြို့ပေါ်ရပ်ကွက်များအချင်းချင်းပူးပေါင်းကူညီပေးကြရန်လိုကြောင်း၊ ကျန်းမာရေးကို ဂရုပြုကြစေလိုပြီး ကူးစက်ရောဂါတစ်ခုခုဖြစ်ပွားလာပါက အန္တရာယ်ကြီးပါကြောင်း၊ အထူးသဖြင့် လူအများစုပေါင်းနေထိုင်ကြသည့် ဘားအံမြို့ပေါ် ရေဘေးကယ်ဆယ်ရေးစခန်းများတွင် ပို၍စိုးရိမ်မိပါကြောင်း၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ အနေဖြင့် ကျေးရွာများတွင် အမှန်တကယ်ရေကြီးနစ်မြုပ်ခဲ့ပြီး ပြန်လည်ထူထောင်ရေးတွင် အစိုးရအဖွဲ့၌ ရှိသည့် အင်အားအပေါ်မူတည်၍ အကောင်းဆုံးထောက်ပံ့ပေးမည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့သည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၉၁ အုပ်စု အနက်မှ တက်ရောက်လာသည့် ကျေးရွာအုပ်စု ၈၄ အုပ်စုမှ အုပ်ချုပ်ရေးမှူးများနှင့် စာရေးဝန်ထမ်းများအား ရေကြီးရေလျှံမှုများနှင့် ပတ်သက်၍ လိုအပ်ချက်များအား တစ်ဦးချင်းမေးမြန်း၍ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**



# ပဲခူးတိုင်းဒေသကြီးရေဘေးကယ်ဆယ်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့လာရောက်လှူဒါန်း

**ပဲခူး ဩဂုတ် ၁၅**

ပဲခူးမြို့ ဗုဒ္ဓအသံဓမ္မဗိမာန်၌ ဖွင့်လှစ်ထားသော ပဲခူးတိုင်းဒေသကြီး ရေဘေးကယ်ဆယ်ရေးကွပ်ကဲမှုရုံးသို့ တိုင်းဒေသကြီးအတွင်း ရေဘေးသင့်ပြည်သူများအတွက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့က ဩဂုတ် ၁၅ ရက် နံနက် ၁၀ နာရီခွဲတွင် လာရောက်လှူဒါန်းခဲ့ကြသည်။

ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက ရေဘေးသင့်ပြည်သူများအတွက် လာရောက်လှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်းက လာရောက်လှူဒါန်းခြင်းနှင့်ပတ်သက်၍ ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ကွပ်ကဲရေးမှူးရုံးအဖွဲ့တာဝန်ခံ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေက ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်နှင့် လွှတ်တော်ကိုယ်စားလှယ်များက ပဲခူးတိုင်းဒေသကြီးအတွင်းရှိ ရေဘေးသင့်ပြည်သူများအတွက် တိုင်းဒေသကြီးဝန်ကြီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဝန်ကြီးများထံ အလှူငွေကျပ်သိန်း ၅၀၊ ရွှေပြည်သာမြို့နယ် လွှတ်တော်ကိုယ်စားလှယ်နှင့် ချင်းတိုင်းရင်းသားမိသားစုများက ငွေကျပ် ၁၁၀၀၀၀ ကျပ်၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ကတိကဝတ် အာမခံချက်နှင့် လွှတ်တော်အခွင့်အရေးကော်မတီမှ ခေါက်ဆွဲခြောက် ၂၅ ဖာ တန်ဖိုးငွေကျပ် ၁၂၀၀၀၀ တို့အား ပေးအပ်လှူဒါန်းပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့သည်။

ထို့အတူ ရိုးမဘဏ်(ပဲခူးဘဏ်ခွဲ)မိသားစုတို့ကလည်း ငွေကျပ်သိန်း ၁၂၀၊ ရန်ကုန်မြို့ United M.K.T Group Co.,Ltd နှင့် ရွှေဆိုင်းကန်သာကုမ္ပဏီ၊ Jolica မိသားစုများစုပေါင်း၍ ဗလာစာအုပ်ဒါဇင် ၁၅၀၊ ဆီဘူး ၅၀၀၊ ငါးသေတ္တာ ၄၈ ဘူးပါ ငါးဖာ၊ ခေါက်ဆွဲခြောက်ငါးဖာ၊ ဆန် ၈၅ အိတ်တို့အား လွှတ်တော်ဥက္ကဋ္ဌ ဦးခင်မောင်ရင်၊ ဒုတိယဥက္ကဋ္ဌ ဦးကြည်ဇင်၊ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီး ဦးညွန့်ရွှေ၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဒေါ်နော်ပွယ်စေးတို့ထံ လာရောက်လှူဒါန်းသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း ရေကြီးနစ်မြုပ်မှုများကြောင့် မြို့နယ်အသီးသီးတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားရှိခဲ့ရာ ဩဂုတ် ၁၅ ရက်ထိ ရွှေကျင်မြို့နယ်တွင် ကယ်ဆယ်ရေးစခန်းနှစ်ခု၊ အိမ်ထောင်စု ၁၂၉ စု၊ လူဦးရေ ၇၃၂ ဦး၊ ရွှေတောင်မြို့နယ်တွင် စခန်းတစ်ခု၊ အိမ်ထောင်စု ၂၀ စု၊ လူဦးရေ ၈၄ ဦး စုစုပေါင်း ကယ်ဆယ်ရေးစခန်းသုံးခုတွင် အိမ်ထောင်စု ၁၅၀ လူဦးရေ ၈၁၆ ဦးသာ ကျန်ရှိတော့ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**




# အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှု ဖွင့်ပွဲ မြစ်ကြီးနားတွင် ကျင်းပ

**မြစ်ကြီးနား ဩဂုတ် ၁၅**

ကချင်ပြည်နယ် အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် လှုပ်ရှားမှုဖွင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက မြစ်ကြီးနားမြို့ ရောရပ်ကွက်ရှိကချင်ပြည်နယ်အစိုးရအဖွဲ့ရုံးဝင်းအတွင်း ဆမားဒူဝါ ဆင်ဝါးနော်ခန်းမ၌ ပြုလုပ်ခဲ့သည်။

ကချင်ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာသင်းလွင်က ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများ၌ လူအများစုသည် အာဟာရချို့တဲ့ခြင်း၊ အာဟာရလွန်ကဲခြင်းပြဿနာများနှင့် ရင်ဆိုင်နေရပါကြောင်း၊ ငယ်စဉ်မှစ၍ အာဟာရအသိပညာဗဟုသုတနည်းပါးခြင်း၊ ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များသည် လွဲမှားသည့် ရှေးရိုးအယူဝါဒကို လွှမ်းမိုးလျက်ရှိကာ အစားအစာစားသုံးမှုများရှိနေခြင်း၊ အစားအစာများအား အာဟာရပြည့်ဝမျှတစွာ ပြင်ဆင်ချက်ပြုတ်တတ်မှု အားနည်းခြင်းများကို တွေ့ရှိရမှာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအတွင်း Demographic Health Survey 2016 အရ ကြာရှည်စွာ အာဟာရချို့တဲ့သဖြင့် အသက်ငါးနှစ်အောက်ကလေး အရပ်ပုနှုန်းထား ၂၉ ဒသမ ၁ ရာနှုန်းရှိကာ ကချင်ပြည်နယ်တွင် ၃၆ဒသမ ၁ ရာနှုန်းရှိပါကြောင်း၊ နောက်ဆက်တွဲဆိုးကျိုးများအနေဖြင့် ငါးနှစ်အောက်ကလေးများတွင် သွေးအားနည်းရောဂါဖြစ်ပွားမှု ၅၈ ရာခိုင်နှုန်း၊ အသက် ၁၅ နှစ်မှ ၅၀ နှစ်အကြား ၄၇ ရာခိုင်နှုန်းဖြစ်ပွားလျက်ရှိပြီး နိုင်ငံသားများအနေဖြင့် အာဟာရတိုးတက် မြင့်မားမှသာလျှင် ငါးနှစ်အောက်ကလေးသေဆုံးမှုကို ထိရောက်စွာ လျှော့ချနိုင်မှာဖြစ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကချင်ပြည်နယ် ဝန်ကြီးချုပ်၏ဇနီး ဒေါက်တာဂျကော့ဘူနှင့် တာဝန်ရှိသူများက အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု မိခင်နို့တိုက်ကျွေးမှု စံပြမိခင်ပြိုင်ပွဲတွင် ဆုရရှိသည့် နို့တိုက်မိခင်များအား ဆုများပေးအပ်ချီးမြှင့်ပြီး ၂၀၁၈ ခုနှစ် အာဟာရဖွံ့ဖြိုးမှု ရက်သတ္တပတ်လှုပ်ရှားမှု ပြခန်းငယ်အား လှည့်လည်ကြည့်ရှုပြီး တက်ရောက်လာသည့် အသက်ငါးနှစ်အောက်ကလေးများအား ဗီတာမင်(အေ) ဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်များအား ဘီတာမင်ဘီဝမ်းဆေးပြားနှင့် သံဓာတ်အားဆေးများ ဝေငှပေးခြင်း၊ အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးခြင်းတို့ကိုလှည့်လည်ကြည့်ရှုခဲ့ကြသည်။

အဆိုပါ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်လှုပ်ရှားမှု ဖွင့်ပွဲသို့ ကချင်ပြည်နယ် လူမှုရေးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ဝင်များ၊ ဆုရစံပြမိခင်များ အင်အား ၂၅၀ ခန့် တက်ရောက်ကြောင်း သိရသည်။

**ဦးလေးကြီး**

# ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်ခြင်းဆိုင်ရာနည်းဥပဒေ ၂၀၁၈ ပြုစုရေးဆွေးနွေး

**ထားဝယ် ဩဂုတ် ၁၅**

ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၀၁၈ ပြင်ဆင်ပြုစုရေးအတွက် အကျိုးသက်ဆိုင်သူများ၏ အကြံပြုချက်များရယူခြင်းဆိုင်ရာ ဆွေးနွေးပွဲကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



တိုင်းဒေသကြီး သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်က အဖွင့်အမှာစကားပြောကြားပြီး Federal Firearms License (FFL) မှ Co Facilitator ဦးနေမျိုးရွှေက နည်းဥပဒေ ပြင်ဆင်ပြုစုခြင်းဆိုင်ရာ၊ အကျိုးသက်ဆိုင်သူများချပြခြင်း လုပ်ငန်းစဉ်များနှင့် ဆွေးနွေးပွဲလုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြား၍ ဌာနေတိုင်းရင်းသားများကွန်ရက်အဖွဲ့ဝင် ဦးစောဖရန်ကီက ဇီဝမျိုးစုံမျိုးကွဲနှင့် သဘာဝထိန်းသိမ်းရေးနယ်မြေများ ကာကွယ်စောင့်ရှောက်ခြင်းဆိုင်ရာ ဥပဒေ ဆန်းစစ်လေ့လာမှုကို ရှင်းလင်းတင်ပြကာ လူထုအခြေပြု ရေရှည်တည်တံ့ရေးနှင့် ဖွံ့ဖြိုးရေးကော်မတီ (CSLD)မှ ဦးစောခိုက က မိုးသွေးဒေသရှိ ရပ်ရွာမှ ဦးဆောင်သည့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်း လုပ်ငန်းနမူနာများ တင်ပြရှင်းလင်းသည်။

ထို့နောက် သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးလှမျိုးအောင်က နည်းဥပဒေပြင်ဆင်ပြုစုခြင်းဆိုင်ရာ အဓိကအကြောင်းအရာများဖြစ်သည့် သဘာဝထိန်းသိမ်းရေးနယ်မြေတည်ထောင်စီမံအုပ်ချုပ်ခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းခြင်း၊ ထိန်းသိမ်းရေးလုပ်ငန်းများတွင် မိရိုးဖလာ မြေယာပိုင်ဆိုင်မှုများနှင့် သဘာဝသယံဇာတအသုံးပြုမှုများကို အသိအမှတ်ပြုစေရန်ဆောင်ရွက်ခြင်း၊ ဒေသခံပြည်သူများ၏ လိုအပ်ချက်များနှင့် ပူးပေါင်းပါဝင်မှုများ မြှင့်တင်ပေးခြင်းစသည့်အကြောင်းအရာများကို ရှင်းလင်းပြောကြားပြီး World Wildlife Fund မှ Lead Facilitator ဒေါ်ခင်ညိုလင်းက နည်းဥပဒေပြင်ဆင်ပြုစုခြင်းဆိုင်ရာ အဓိကအကြောင်းအရာများကို တက်ရောက်လာသူများနှင့် အပြန်အလှန် ရှင်းလင်းဆွေးနွေးကာ အုပ်စုများခွဲ၍ ခေါင်းစဉ်ရွေးချယ်ခြင်းနှင့် စည်းကမ်းချက်များ အများသဘောတူသတ်မှတ်ခြင်းများ ပြုလုပ်ခဲ့ကြသည်။

အခမ်းအနားသို့ တိုင်းဒေသကြီး သယံဇာတနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီး ဦးမြင့်မောင်၊ ကရင်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး ဦးစောလုကာ၊ သက်ဆိုင်ရာဌာနဆိုင်ရာများ၊ အရပ်ဘက်အဖွဲ့အစည်းများ၊ ဌာနေတိုင်းရင်းသားများနှင့်သက်ဆိုင်ရာဒေသခံ အစုအဖွဲ့ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# မွန်ပြည်နယ်တွင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီညှိနှိုင်းစည်းဝေး

**မော်လမြိုင် ဩဂုတ် ၁၅**
မွန်ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီ၏ (၂/၂၀၁၈) လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၁၄ ရက် နံနက် ၉ နာရီက မော်လမြိုင်မြို့ ရာမညဟိုတယ်၌ ကျင်းပသည်။

ပြည်နယ် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ပအိုဝ်းတိုင်းရင်းသား လူမျိုးရေးရာဝန်ကြီး ဒေါ်စံဝင့်ခိုင်က "ကလေးသူငယ်တွေရဲ့ အခွင့်အရေးဖြစ်တဲ့ အသက်ရှင်သန်ခွင့်၊ ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခွင့်နဲ့ ပါဝင်ဆောင်ရွက်ခွင့်တွေ အပြည့်အဝရရှိစေဖို့ ဥပဒေ၊ နည်းဥပဒေတွေ ပြဋ္ဌာန်းပြီး မူဝါဒနဲ့ လုပ်ငန်းစဉ်တွေ ချမှတ်ကာ လုပ်ငန်းကော်မတီအဆင့်ဆင့်ဖွဲ့စည်းပြီး အကောင်အထည်ဖော်လျက်ရှိပါတယ်"ဟု ပြောကြားသည်။

ထို့နောက် ပြည်နယ်ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီအတွင်းရေးမှူး ဦးကိုကိုနိုင်က ၂၀၁၈ ခုနှစ်အတွင်းဖြစ်ပွားခဲ့သော ကလေးသူငယ် ပြစ်မှုကျူးလွန်ခံရမှု အခြေအနေများကို ရှင်းလင်းတင်ပြပြီး World Vision (Myanmar) အဖွဲ့ မွန်၊ ကရင်ဇုန် ကလေးသူငယ်ကာကွယ်စောင့်ရှောက်ရေး နည်းပညာပံ့ပိုးသူ ဒေါ်ခေတ္တာအောင်က ၂၀၁၈ ခုနှစ်အတွင်းပြုလုပ်ခဲ့သော ကလေးသူငယ်ကာကွယ်စောင့်ရှောက်မှုနှင့်ပတ်သက်ပြီး ဆောင်ရွက်ရာတွင် ကြုံတွေ့ခဲ့ရသော လိုအပ်ချက်များကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေကျွန်းသာ လူမှုကွန်ရက်စီမံချက် ညှိနှိုင်းရေးမှူး ဒေါ်ယဉ်မင်းထွေးအောင်က မွန်ပြည်နယ် ကလေးသူငယ်တွေ့ဆုံပွဲ ရလဒ်များကို ဆွေးနွေးတင်ပြပြီး တက်ရောက်လာကြသော ကော်မတီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များက ဝိုင်းဝန်းအကြံပြု ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **(ပြန်/ဆက်)**

# ငဝန်မြစ်ရေ စိုးရိမ်ရေမှတ်သို့ရောက်ရှိ၊ သတိပေးချက်များ ထုတ်ပြန်

**ငါးသိုင်းချောင်း ဩဂုတ် ၁၅**
ပုသိမ်ခရိုင် ရေကြည်မြို့နယ်၊ ငါးသိုင်းချောင်းမြို့ ငဝန်မြစ်ရေသည် ဩဂုတ်၁၅ ရက် နံနက် ၆ နာရီတွင် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာန၏ တိုင်းထွာချက်အရ ၁၁၆၁ စင်တီမီတာ စိုးရိမ်ရေမှတ်အထက် တစ်စင်တီမီတာတွင် ရောက်ရှိနေပြီး မြို့နယ်ဆည်/ရေဦးစီးဌာန ငဝန်ရေကာတာ၏ စိုးရိမ်ရေမှတ်မှာ ၂၇ ပေဖြစ်ပြီး ယနေ့နံနက်တွင် ၂၈ ဒသမ ၃၀ ပေ ရေကာတာစိုးရိမ်ရေမှတ်အထက် တစ်ပေခွဲခန့် ကျော်လွန်ရောက်ရှိလျက်ရှိသည်။

ငါးသိုင်းချောင်းမြို့၌ ငဝန်ရေကာတာ ရေဘေးကာကွယ်မှု ဧရိယာအတွင်းရပ်ကွက်နှင့်ကျေးရွာအုပ်စု ၁၁ စုနှင့် ငဝန်မြစ်၏အနောက်ဘက်ကမ်း ရေကာတာ၏ ရေဘေးကာကွယ်မှုဧရိယာပြင်ပ ငဝန်မြစ်ကမ်းဘေး၌ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ၂၇ စု စုစုပေါင်း ၃၈ အုပ်စုဖြင့်ဖွဲ့စည်းထားသည်။ မြစ်ကမ်းဘေးရပ်ကွက်ကျေးရွာအုပ်စုများတွင်လည်း လက်ရှိမြစ်ရေအခြေအနေ၌ ဒေသခံများ ပုံမှန်ဆက်သွယ် သွားလာလျက်ရှိနေပြီး ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် တိုင်းဒေသကြီးခွင့်ပြု ရန်ပုံငွေဖြင့် မြို့နယ်အတွင်းရှိ ငဝန်ရေကာတာ၊ငါးသိုင်းချောင်းမြို့တွင်း ရေကာတာအပါအဝင် တာမိုင်စုစုပေါင်း ၂၂ မိုင်၌ ယခုနှစ်မိုးရာသီကာလမတိုင်မီ ရေကာတာပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ အချိန်မီပြီးစီးခဲ့ရာ ရေကာတာကြံ့ခိုင်မှုအခြေအနေမှာလည်း ကောင်းမွန်လျက်ရှိသည်။

ရေကာတာများ၌ သက်ဆိုင်ရာဆည်/ရေဌာနမှ ဌာနရေကင်းများဖွင့်လှစ်ခြင်း၊အရေးပေါ်ရေဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ စုဆောင်းခြင်းနှင့် ရေကာတာပြင်/ထိန်းလုပ်ငန်းများ ပုံမှန်လုပ်ဆောင်လျက်ရှိပြီး သက်ဆိုင်ရာဌာနအသီးသီးမှ မြစ်ရေအခြေအနေသတိပေးချက်များကို ဒေသခံပြည်သူများသို့ အဆက်မပြတ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများအားလုံး ပုံမှန်ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းအတွက် ဘက်စုံအသုံးပြုနိုင်ရန် ဩဂုတ် ၁၄ ရက် ညနေ ၃ နာရီက ရဟန်း၊ ကျောင်း ဒါယိကာမကြီး အလှူရှင် ဒေါ်ငြိမ်းက ငွေကျပ်သိန်း ၂၀ လှူဒါန်းရာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းရွေ့လျားစာကြည့်တိုက် မန္တလေးတာဝန်ခံ ဦးထွန်းလှစိုးက ဂုဏ်ပြုမှတ်တမ်းလွှာပြန်လည် ပေးအပ်စဉ်။ **သန်းဇော်မင်း(ပြန်/ဆက်)**

# သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လုပ်ငန်းညှိနှိုင်း

**တာချီလိတ် ဩဂုတ် ၁၅**
ရှမ်းပြည်နယ်(အရှေ့ပိုင်း)တာချီလိတ်မြို့တွင် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး လူထုလှုပ်ရှားမှုအသွင်ဖြင့် အပတ်စဉ် ဆောင်ရွက်လျက်ရှိရာ တတိယပတ်ထိ လုပ်ငန်းများဆောင်ရွက်ပြီးစီးမှုအပေါ် အားနည်းချက်၊ အားသာချက်များ ညှိနှိုင်းသည့် အစည်းအဝေးကို ယနေ့နံနက် ၉ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်နိုင်က အဖွင့်အမှာစကား ပြောကြားသည်။

ထို့နောက် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ခရိုင်ဆေးရုံအုပ်ကြီး ဒေါက်တာရွှေဝင်းက မြို့နယ်အတွင်း သွေးလွန်တုပ်ကွေးရောဂါ ဖြစ်ပွားမှုနှုန်း အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ထို့နောက် တက်ရောက်လာသည့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများက ကြိုတင်ကာကွယ်ရေးလုပ်ငန်း အားနည်းချက်၊ အားသာချက်များကို ရှင်းလင်းတင်ပြကြကြောင်း သိရသည်။ **မော်မော်(ပြန်/ဆက်)**

# သောက်သုံးရေအခက်ကြုံနေသည့်စာသင်ကျောင်းသို့ သောက်သုံးရေ သွားရောက်လှူဒါန်း

**ညောင်ဦး ဩဂုတ် ၁၅**
မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ် ညောင်လှကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေရှားပါးမှု အခက်အခဲများကြုံတွေ့နေရသဖြင့် ယနေ့နံနက်ပိုင်းက ပုဂံမြို့ မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းက သောက်သုံးရေများ သွားရောက်လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

ဆရာတော် ဦးသာဂရ ဦးစီးတည်ထောင်ထားသည့် မြင်းကပါကျေးရွာ ဖြူစင်မေတ္တာ ပရဟိတရေလှူအသင်းအနေဖြင့် မြို့နယ်အတွင်း သောက်သုံးရေရှားပါးသည့်ကျေးရွာများ၊ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများအား သောက်သုံးရေအဆင်ပြေစေရေး အချိန်နှင့်တစ်ပြေးညီ သွားရောက်ကူညီလှူဒါန်းပေးနေကြောင်း သိရသည်။ သောက်သုံးရေ အခက်အခဲဖြစ်နေသည့် ညောင်ဦးမြို့နယ် ညောင်လှကျေးရွာ အခြေခံပညာမူလတန်းကျောင်းမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေဖူလုံစွာသုံးစွဲနိုင်ရေး ရေဂါလန် ၁၅၀၀ ဆံ့ ရေသယ်ယာဉ်တစ်စီးဖြင့် သွားရောက်ထောက်ပံ့လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

# စစ်ကိုင်းတိုင်းဒေသကြီး၌ ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်မှုများဆောင်ရွက်

**ကနီ ဩဂုတ် ၁၅**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ် သမင်ခြံကျေးရွာတွင် ဝက်နားရွက်ပြာရောဂါဖြစ်ပွားမှုအခြေအနေများကို ဇူလိုင် ၂၈ ရက်မှစတင်၍ ရောဂါဖြစ်ပွားမှုနှင့်ပတ်သက်ပြီး လူထုပညာပေးဟောပြောခြင်း၊ လက်ကမ်းစာစောင်များဖြန့်ဝေခြင်း၊ ဇီဝလုံခြုံမှုတိုးမြှင့်ဆောင်ရွက်ခြင်းများနှင့် ဆေးကုသခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့ နံနက် ၁၁ နာရီက ယင်းမာပင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမက်အောင်နှင့်အဖွဲ့က ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

"ကျွန်တော်တို့ ဌာနအနေနဲ့ သမင်ခြံကျေးရွာမှာ ဝက်တွေသေဆုံးမှုဖြစ်ပွားတဲ့ ဇူလိုင် ၂၈ ရက်မှစပြီး ရောဂါဖြစ်ပွားတဲ့ကာလအတွင်း ဌာနရဲ့ ညွှန်ကြားထားတဲ့ ဝက်နားရွက်ပြာရောဂါ ကာကွယ်ထိန်းချုပ်ရေး ညွှန်ကြားချက်တွေနဲ့အညီ ရောဂါကာကွယ်ထိန်းချုပ်ခြင်းလုပ်ငန်းတွေနဲ့ ရောဂါစူးစမ်းထောက်လှမ်းရေးလုပ်ငန်းတွေကို ဆက်တိုက်ဆောင်ရွက်ခဲ့ပါတယ်။ အခုဆိုရင် ဒီနေ့အထိ ဝက်အကောင် ၂၀၀ ကို ရောဂါကာကွယ်ဆေးထိုးပေးနိုင်ခဲ့ပြီး ဝက်ခြံပေါင်း ၂၂၃ ခြံကိုလည်း ပိုးသတ်ဆေးဖျန်းခြင်း ဆောင်ရွက်နိုင်ခဲ့တဲ့အတွက် ဒီကျေးရွာနဲ့ သတ်မှတ်ထားတဲ့ ဧရိယာအတွင်းမှာ ရောဂါဖြစ်ပွားမှုကို ကာကွယ်ထိန်းချုပ်နိုင်ပြီး ပတ်ဝန်းကျင်ကျေးရွာတွေမှာလည်း ဝက်နားရွက်ပြာရောဂါ ကူးဆက်မှုတွေ မရှိတော့ပါဘူး"ဟု ယင်းမာပင်ခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာမက်အောင်က ပြောသည်။

"ကျွန်တော်တို့ကျေးရွာမှာ ဝက်နားရွက်ပြာရောဂါကြောင့် သေဆုံးမှုဖြစ်ပွားချိန်မှ ဒီနေ့ထိဆိုရင် အကောင်၂၀ လောက်အထိ သေဆုံးခဲ့ပါတယ်။ တိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးမှူးနဲ့အဖွဲ့ကလည်း အသိပညာပေးခြင်းနဲ့ အသေကောင်တွေကို ဓာတ်ဆီလောင်း၊ ပိုးသတ်ဆေးဖျန်းကာ စနစ်တကျ မြေမြှုပ်လိုက်နာဆောင်ရွက်မှုတွေကြောင့် အခုဆိုရင် အသေအပျောက်နည်းသွားပြီး ရောဂါဆက်လက်ဖြစ်တဲ့ဝက် မရှိသလောက်နည်းသွားပြီဖြစ်ပါတယ်"ဟု သမင်ခြံကျေးရွာမှ ဝက်မွေးမြူသူတစ်ဦးက ပြောပြသည်။ **သန်းငွေအောင်(ကနီ)**

## တိုတိုထွာထွာဖတ်စရာ

### အိမ်မဲ၌ ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေးပြုလုပ်

**အိမ်မဲ**
ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ် အခြေခံပညာအထက်တန်းကျောင်း အထက(၁) ရွှေညီလာခန်းမ၌ ဩဂုတ် ၁၃ ရက် နံနက် ၁၀ နာရီက ကျောင်းကျန်းမာရေး အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှု ပြုလုပ်သည်။

ငါးနှစ်အောက်ကလေးများအား တာဝန်ရှိသူများက သန်ချဆေးနှင့် ဗီတာမင်အေဆေးများ တိုက်ကျွေးခဲ့ပြီး ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများက အိုင်အိုဒင်းချို့တဲ့ရောဂါများပပျောက်စေရန် အိုင်အိုဒင်းဆားစစ်ဆေးမှုသရုပ်ပြခြင်းနှင့် နည်းစနစ်မှန် လက်ဆေးနည်းတို့ကို ကျောင်းသားကျောင်းသူများအား သရုပ်ပြခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### ဒီမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာများသို့လေ့လာ

**ဒီမော့ဆို**
ကယားပြည်နယ် ဒီမော့ဆိုမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ အကောင်အထည်ဖော်ဆောင်ရွက်သော လုပ်ငန်းများနှင့်ပတ်သက်၍ ရမည်းသင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာကော်မတီဝင်များက ဩဂုတ် ၁၄ ရက်တွင် လာရောက်လေ့လာသည်။

ရမည်းသင်းမြို့နယ် လူထုဗဟိုပြုစီမံကိန်းမှ ကျေးရွာကော်မတီဝင် ၂၂ ဦးပါဝင်ပြီး ဒီမော့ဆိုမြို့နယ်အတွင်း လူထုဗဟိုပြုစီမံကိန်းဆောင်ရွက်သော ကျေးရွာ ၁၂ ရွာအား အဖွဲ့နှစ်ဖွဲ့ခွဲ၍ သွားရောက်လေ့လာမည်ဖြစ်ကြောင်း သိရသည်။ **ရီရယ်(ဒီမော့ဆို)**

### သဘာဝဘေးအန္တရာယ်နှင့် မူခင်းဆိုင်ရာ အသိပညာပေးဟောပြော

**ဝါးခယ်မ**
ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကျုံစိန်ကျေးရွာ၌ သဘာဝဘေးအန္တရာယ်နှင့် မူခင်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့သည်။

မြို့နယ်မိခင်နှင့်ကလေး၊ အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်မင်းမေသဲဝါအေးက သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများနှင့်ဝါးခယ်မမြို့မရဲစခန်းမှ နယ်ထိန်းခေါင်းဆောင် တူးကိုကိုက သက်ငယ်မုဒိမ်းမှုဖြစ်ပွားမှုနှင့် အသိပညာများကို ပြောကြားခဲ့ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

### မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်

**မောင်တော**
ရခိုင်ပြည်နယ် မောင်တောမြို့နယ်တွင် မီးသတ်တပ်ဖွဲ့ဝင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ထပ်ဆင့်ပေးအပ်ချီးမြှင့်ပွဲကို ဩဂုတ် ၁၄ ရက် မွန်းတည့် ၁၂ နာရီက မြို့နယ်မီးသတ်ဦးစီးမှူးရုံး၌ ကျင်းပသည်။

အဆိုပါ ဂုဏ်ပြုမှတ်တမ်းလွှာများအား မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က မောင်တောခရိုင် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင် ၂၁ ဦးအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ချီးမြှင့်ခြင်းဖြစ်ပြီးမောင်တောခရိုင်မီးသတ်ဦးစီးမှူး လက်ထောက် ညွှန်ကြားရေးမှူး ဦးသန့်ဇင်က တပ်ဖွဲ့ဝင်တစ်ဦးချင်းစီအား ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

### ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ရန်ပုံငွေဖြင့် စာကြည့်တိုက်ပန္နက်တင်

**ရန်ကုန်**
ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ဘုရားကုန်းကျေးရွာအုပ်စု နတ်စင်ကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းရန်ပုံငွေဖြင့် တည်ဆောက်မည့် ကျေးရွာစာကြည့်တိုက် ပန္နက်တင်အခမ်းအနားကို ဩဂုတ် ၁၅ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက်မြေနေရာ၌ ကျင်းပခဲ့ပြီး ကျေးရွာစာကြည့်တိုက်မှာ အလျား ပေ ၄၀၊ အနံ ၁၀ ပေ၊ အမြင့် ၁၀ ပေ အာရ်စီ တစ်ထပ်တိုက်ဖြစ်ကြောင်း သိရသည်။ **သက်နိုင်(ပြန်/ဆက်)**

### သုံးခွမြို့နယ်တွင် မူခင်းအသိပညာပေးဟောပြော

**ရန်ကုန်**
ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် လက်ပန်ကျိုးကျေးရွာရှိ စိတ္တာသုခ ဘုန်းကြီးကျောင်းဓမ္မာရုံတွင် သုံးခွမြို့နယ် နယ်ထိန်းအရာရှိ ရဲအုပ်အောင်ဇော်မိုးသည် ဩဂုတ် ၁၃ ရက် မွန်းလွဲ ၁ နာရီတွင် သက်ငယ်မုဒိမ်းမှု၊ လူကုန်ကူးမှု၊ မူးယစ်ဆေးဝါးပညာပေးဟောပြောမှုပြုလုပ်ခဲ့ကြောင်း သိရသည်။ **၁၁၈**



**လှိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ဝင်း ဩဂုတ် ၁၃ ရက်က သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာနမှ ဝန်ထမ်း ၃၈ ဦးအား လုံခြုံရေးသဘောတရားများနှင့် မူခင်းကျဆင်းရေး အကြောင်းအရာများကို ဟောပြောဆွေးနွေးစဉ်။** မီးမီး(လှိုင်)




# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

မော်ကွန်း

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## ကောသလမင်းကြီး၏မဟာအိပ်မက်(၁၆)ချက်




သမ္မတ္တိခေတ်ကောင်းကာလမှ ဝိပတ္တိခေတ်ဆိုးကာလ လျှော့ကျဆုတ်ယုတ်တတ်ပုံအကြောင်းကို စာရေးသူ ဦးကျော်ဇေယျ စီစဉ်ရေးသားသည့် ကောသလမင်းကြီး၏ မဟာအိပ်မက် (၁၆) ချက် စာအုပ်ထွက်ရှိလာသည်။

လောဘ၊ ဒေါသ၊ မောဟဟူသည့် မကောင်းမှုတရားများ အားကြီးလာပါက မေတ္တာ၊ ကရုဏာ၊ မုဒိတာ စသည့် ကောင်းမှုကုသိုလ်တရားများ ရွေ့လျားဆုတ်ယုတ်တတ်ပုံကို အိပ်မက်ပုံရိပ်များဖြင့် ဖော်ပြထားသည်။ သမ္မတ္တိခေတ်ကောင်းကို မယုတ်လျော့စေဘဲ လောဘ၊ ဒေါသ၊ မောဟတရားများကို နည်းပါးသည်ထက် နည်းပါးလာစေရန် မေတ္တာ၊ ကရုဏာ၊ မုဒိတာ စသည့် ဖြဟ္မစိုရ်တရားများ ထွန်းကားသည်ထက် ပိုမိုထွန်းကားလာစေရန် ဒါန၊ သီလ၊ ဘာဝနာ စသည့် ကောင်းမှုကုသိုလ်တရားများ တိုးတက်ပွားများကာ သံဝေဂဉာဏ် လက်ကိုင်ထားကြစေရန် ရည်ရွယ်၍ ရေးသားထားသည်။

**စာအုပ်ကို မယ်နှင့်မောင်စာပေတိုက်၊ အမှတ်-၁၂၄၊ အခန်း-၁၀၊ ပထမထပ်၊ ဆူးလေဘုရားလမ်း၊ ရန်ကုန်မြို့မှ ဖုန်း-၀၉-၅၁၅၃၆၄၀ မှ ဖြန့်ချိသည်။**

## သောင်းပြောင်းထွေလာ ချစ်သမီးသို့ပေးစာနှင့် ဗိုလ်ချုပ်တို့ဘဝဇာတ်ခုံကကြပုံ





စာရေးသူ ဘုန်းဝေဉာဏ်(မြစ်သား) စီစဉ်ရေးသားသည့် သောင်းပြောင်းထွေလာချစ်သမီးသို့ပေးစာနှင့် ဗိုလ်ချုပ်တို့ ဘဝဇာတ်ခုံကကြပုံစာအုပ် ထွက်ရှိလာသည်။

သူရသတ္တိနှင့်ပြည့်စုံသည့်ဂုဏ်သည် တစ်ခုခုကို ဖန်တီးပြုပြင်ပေးရမည်၊ အများအကျိုးဖြစ်ထွန်းစေရမည်၊ ထိုသို့ပြုလုပ်သည့်အခါတွင် ပင်ပန်းဆင်းရဲခြင်းဒုက္ခကိုခံစားရန် အသင့်ရှိရမည်၊ စွန့်စားသင့်သမျှစွန့်စားပြီး အနစ်နာခံသင့်သမျှခံနိုင်ရမည်ဖြစ်သည်။ သူရသတ္တိနှင့်ပြည့်စုံသည်ဆိုသည့် စစ်သည်တော်များသည် မိမိနိုင်ငံနှင့်လူမျိုးအပေါ်တွင် မတရားကျူးကျော်စော်ကားမှု၊ တော်လှန်မှုကို အကြောင်းပြုကာ စွန့်စားခြင်း၊ ရဲရင့်ခြင်းတို့ကို ထူးချွန်စွာပြုပြီး တိုက်ခိုက်သည့်သူမျိုးကို သူရဲကောင်းဟုခေါ်ဆိုနိုင်သည်။ စည်းရုံးမှု၊ ကူညီရိုင်းပင်းဆောင်ရွက်မှုရှိသော လူမျိုးသည် ကိုယ့်နိုင်ငံကို ဝင်ရောက်တိုက်ခိုက်မည့် ရန်သူများအား ခုခံနိုင်စွမ်းရှိမည်ဖြစ်ကြောင်း ရေးသားထားသည်။

**စာအုပ်ကို ရွှက်စိမ်းစာပေ၊ အမှတ်(၄၃/အေ)မြေညီထပ်၊ ၄-လမ်း၊ ၁-ရပ်ကွက်၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့မှ ဖြန့်ချိသည်။**

## အမှု ၁၀၀ အတွေ့





ဥပဒေသမားများ၊ ဥပဒေနှင့်မလွတ်ကင်းနိုင်သူများ၊ ဥပဒေဘောင်အတွင်းနေထိုင်သူများအတွက် စာရေးသူ နတ်တလင်းချစ်လွင် စီစဉ်သည့် အမှု ၁၀၀ အတွေ့ စာအုပ် ထွက်ရှိလာသည်။

လူ့ဘဝတွင် အသက် ၁၀၀ မနေရသော်လည်း အမှု ၁၀၀ ကြုံရတတ်သည်ဟု ဆိုထားရာ အမှုသည်တို့မည်သည် မည်မျှပင် ကိုယ့်ဘက်က မတရား လွန်လွန်မှားမှားပြုနေကြသော်လည်း အတ္တသမားများပီပီ ကိုယ့်ဘက်ကမှန်သည်၊ မလွန်မမှားဟုခံယူတတ်ကြသည်။ အမှုသည်နှစ်ဦးသည် ကိုယ့်ကိုယ်ကိုယ် အမှန်ဘက်တော်သားချည်းသာဖြစ်သည်ဟု ခံယူတတ်ကြသည်။ ထို့ကြောင့် တရားရုံးများသည် အမှုသည်တို့အတွက် အမှန်တရား ရှာဖွေပေးသောနေရာတစ်ခုလည်း ဖြစ်လာသည်။ ထို့အတူ ရှေ့နေတို့သည်လည်း တရားလို၊ တရားခံ မိမိလိုက်ပါဆောင်ရွက်ရသည့် အမှုသည်တို့ဘက်မှ ရပ်တည်၍ မိမိအမှုသည်သာ အမှန်ဟုရပ်တည်လာကြပြီး မိမိအမှုသည်အတွက် အတတ်နိုင်ဆုံးအမှုနိုင်အောင် လုပ်ဆောင်ပေးရမည့် တာဝန်ဖြစ်သည်။

**စာအုပ်ကို ကောင်းသန့်စာပေ၊ အမှတ်-၂၀၉၊ ပထမထပ်/ယာ၊ ၃၈-လမ်း (အထက်)၊ ရန်ကုန်မြို့ ဖုန်း-၀၁ ၃၈၃၄၂၃ မှ ဖြန့်ချိသည်။**


## Microsoft Office Power Point 2016




ကွန်ပျူတာပညာကို လေ့လာလိုက်စားလိုသူများအတွက် စာရေးသူ Aung Myint (M.E.,Australia) စီစဉ်ရေးသားသည့် Microsoft Office Power Point 2016 စာအုပ် ထွက်ရှိလာသည်။

Power Point 2016 သည် Microsoft မှ စဉ်ဆက် develop လုပ်လာသည့် slide show presentation program တစ်ခုဖြစ်သည်။ Slide-based format အသုံးပြုသည့် presentation မျိုးများကို လုပ်မည်ဆိုပါက Power Point 2016 သည် အလွန်အသုံးဝင်သည်။ ထို့ကြောင့် လူသုံးအများဆုံးဖြစ်သော presentation program များထဲတွင် Power Point က တစ်ခုအပါအဝင် ဖြစ်နေခြင်းဖြစ်သည်။ အဆိုပါ စာအုပ်တွင် presentation အမျိုးမျိုးကို shape,text,picture,audio စသည်တို့ကိုအသုံးပြုပြီး simple presentation,enginering essentials presentation, graphics presentation တို့ကို Animated presentation များဖြစ်အောင် create လုပ်ပြထားသောကြောင့် လေ့လာသင့်သော စာအုပ်တစ်အုပ်ဖြစ်သည်။

**စာအုပ်ကို အောင်မြင်စာပေ၊ အမှတ်(၁) အောင်ဘာလေလမ်း၊ ကျောက်မြောင်း၊ ရန်ကုန်မြို့ ဖုန်း-၀၁-၅၄၁၇၄၅ နှင့် ၀၁-၅၅၂၁၀၃ တို့မှ ဖြန့်ချိသည်။**




## နယူးယော့ခ်မှာ ပျော်ပျော်ရွှင်ရွှင်တွေ့ခဲ့ရတဲ့ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်န်

ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း နယူးယော့ခ်ရဲ့ လမ်းတွေပေါ်မှာ အတူငိုခဲ့ကြတဲ့ ကြယ်ပွင့်စုံတွဲ ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်န်တို့ကို လတ်တလောမှာတော့ ပျော်ရွှင်ရယ်မောကာ အသင့်စား အစားအစာတွေ ရောင်းချတဲ့ ဆိုင်ထဲမှာ တွေ့ခဲ့ရတာဖြစ်တယ်လို့ အီးအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။ ဩဂုတ် ၁၃ ရက်မှာ တေးသံရှင် ဂျက်စတင်ဘီဘာနဲ့ ဟေးလေးဘော်ဝင်န်တို့ဟာ ဟေးလေးဘော်ဝင်န်နေထိုင်ရာ တိုက်ခန်းအနီးမှာ နှစ်ဦးအတူ အလည်အပတ်ထွက်ကြရင်း ယခုလို မုန့်ဆိုင်ကို ဝင်ခဲ့ကြတာဖြစ်ပါတယ်။ သူတို့နှစ်ဦးဟာ မကြာခဏဆိုသလို ယခုလို အလည်အပတ်ထွက်လေ့ရှိတာကိုလည်း တွေ့ရပါတယ်။

## စေ့စပ်လက်စွပ်ကို ပထမဆုံးအကြိမ် ဖော်ပြခဲ့တဲ့ ပရီယင်ကာချိုပရာ

ဟောလိဝုဒ်ကြယ်ပွင့် ပရီယင်ကာချိုပရာဟာ ပြီးခဲ့တဲ့လအတွင်း ချစ်သူဖြစ်တဲ့ တေးသံရှင် နစ်ခ်ဂျိုးနက်စ်နဲ့ စေ့စပ်လိုက်ပြီဖြစ်ကြောင်း သတင်းတွေပေါ်ထွက်ခဲ့ပြီးနောက် လတ်တလောမှာတော့ ပရီယင်ကာချိုပရာက စေ့စပ်လက်စွပ် ဝတ်ဆင်ရိုက်ကူးထားတဲ့ ဓာတ်ပုံတစ်ပုံကို သူ့ရဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာ ဖော်ပြခဲ့တာ ဖြစ်ပါတယ်။ ဒီဓာတ်ပုံမှာတော့ စေ့စပ်လက်စွပ်ကို သေသေချာချာတွေ့မြင်နိုင်ပြီး ဒီလို စေ့စပ်လက်စွပ်ကို မြင်သာတဲ့ဓာတ်ပုံကို ထုတ်ဖော်ပြသခဲ့တာ ပထမဆုံးအကြိမ် ဖြစ်တယ်လို့လည်း သိရပါတယ်။



**အေးပြည့်-ရေးသားသည်**

## ဂျက်စတင်ဘီဘာရဲ့ စံချိန်ကို ကျော်လွန်ခဲ့တဲ့ BTS



တောင်ကိုရီးယားရဲ့ ကမ္ဘာကျော်အမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "BTS"ဟာ လတ်တလောမှာတော့ ဂီတလောကမှာ မှတ်တိုင်သစ်တစ်ခုထပ်မံစိုက်ထူနိုင်ခဲ့ပြီဖြစ်ပါတယ်။ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ "BTS" ဟာ ဘေဘုတ်ရဲ့ "Social 50"စာရင်းမှာ နံပါတ်တစ်နေရာကို ဆက်လက်ရယူထားနိုင်ခဲ့ပါတယ်။ ဒီလို နံပါတ်တစ်နေရာ ရယူထားနိုင်ခဲ့တာဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်းမှာတော့ သီတင်းပတ် ၅၇ ပတ်ဆက်တိုက် ရပ်တည်နိုင်ခဲ့တာဖြစ်ပြီး ယခင်က အချိန်အကြာဆုံး ရပ်တည်နိုင်ခဲ့သူအဖြစ် စံချိန်တင်ထားခဲ့တဲ့ ကနေဒါလူမျိုးပေ့ါပ်ကြယ်ပွင့် ဂျက်စတင်ဘီဘာရဲ့ စံချိန်ကို ကျော်လွန်ခဲ့ပြီဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဒါကြောင့် လတ်တလောမှာတော့ "BTS"ဟာ "Social 50"စာရင်းမှာ အချိန်အကြာဆုံးရပ်တည်နိုင်ခဲ့တဲ့ တေးသံရှင်တွေအဖြစ် မှတ်တိုင်သစ်စိုက်ထူနိုင်ခဲ့ပြီ ဖြစ်ပါတယ်။ ယခင်က စံချိန်တင်ထားခဲ့တဲ့ ဂျက်စတင်ဘီဘာကတော့ သီတင်းပတ် ၅၆ ပတ်ဆက်တိုက် နေရာရခဲ့တာဖြစ်တယ်လို့လည်း သိရပါတယ်။ အဖွဲ့ရဲ့ ပရိသတ်တွေဖြစ်ကြတဲ့ "ARMYs"တွေအတွက်လည်း "BTS"ရဲ့ အောင်မြင်မှုအတွက် ဂုဏ်ပြုပွဲကျင်းပဖို့ရာ နောက်ထပ်အကြောင်းအရာတစ်ခု တိုးလာခဲ့ပြီဖြစ်တယ်လို့လည်း ဆိုရမှာဖြစ်ပါတယ်။

ဂျက်စတင်ဘီဘာကတော့ အဆိုပါစာရင်းမှာ ဒုတိယမြောက်အချိန်အကြာဆုံးရပ်တည်နိုင်ခဲ့တဲ့ တေးသံရှင်ဖြစ်လာခဲ့ပြီး တတိယနေရာမှာတော့ သီတင်းပတ် ၂၈ ပတ်ဆက်တိုက် ရပ်တည်နိုင်ခဲ့တဲ့ အမေရိကန်ပေ့ါပ်ကြယ်ပွင့် တေလာဆွစ်က ရပ်တည်နေပါတယ်။ သူ့ရဲ့နောက်မှာတော့ အခြားသောပေ့ါပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ရီဟားနားက နေရာရနေတာဖြစ်တယ်လို့ သိရပါတယ်။

# အထူးဂုဏ်ယူဂုဏ်ပြုဝမ်းမြောက်ကြောင်း

မုတ္တမပဟိုးဒင်းလ် လီမိတက်အနေဖြင့် စတုတ္ထ အကြိမ်မြောက် မြန်မာအိမ်ခြံမြေ ဆုပေးပွဲ ၂၀၁၈ တွင် အကောင်းဆုံး ဆောက်လုပ်သူဆု (Best Developer)နှင့် ဒီဇိုင်းနှင့်ဆောက်လုပ်ရေးဆိုင်ရာ အသိအမှတ်ပြုထူးချွန်ဆု (Special Recognition in Design and Construction) တို့ကို Mottama Development Group Company ကလည်းကောင်း၊ အကောင်းဆုံး ရုံးခန်းဆောက်လုပ်မှုဆု (Best Office Development) နှင့် အကောင်းဆုံး တစ်ကမ္ဘာလုံးဆိုင်ရာ ဒီဇိုင်းဆု (Best Universal Design Development) ကို M Tower ကလည်းကောင်း ရရှိခဲ့သည့်အပြင် မုတ္တမ၏ တည်ထောင်သူနှင့် ဥက္ကဋ္ဌ ဦးရန်ဟော် အနေဖြင့်လည်း အထူးဆုဖြစ်သည့် တစ်နှစ်တာအတွင်း အိမ်ခြံမြေကဏ္ဍ၏ အထင်ရှားဆုံး ပုဂ္ဂိုလ်ဆု (Real Estate Personality of the Year) ကိုရရှိခဲ့သည့်အတွက် အထူးပဲဝမ်းမြောက် ဂုဏ်ယူမိပါသည်။ ဆက်လက်၍လည်း မြန်မာ့ဆောက်လုပ်ရေးနှင့် အိမ်ခြံမြေကဏ္ဍတွင် နိုင်ငံတကာစံချိန်စံညွှန်းနှင့် ကိုက်ညီပြီး အရည်အသွေး ပြည့်မီသည့် အဆောက်အဦး များကို ဆတက်ထမ်းပိုးတိုး၍ အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ပါစေရန် ဆုမွန်ကောင်း တောင်းလိုက်ရပါသည်။

MYANMAR STEEL ASSOCIATION
(မြန်မာနိုင်ငံ သံမဏိလုပ်ငန်းရှင်များအသင်း)

MSA PUBLIC CO.,LTD.
(အမ်ဆာ အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)

### မိခင်အမည်မှန်

နောင်ချိုမြို့ အထက ဒသမတန်းမှ မဆုမွန်ကျော်၏ မိခင်အမည်မှန်မှာ ဒေါ်သီသီခိုင် [၁၃/နခတ(နိုင်)၀၆၃၃၁၂] ဖြစ်ပါကြောင်း။

**ဒေါ်သီသီခိုင်**

### ဖခင်အမည်မှန်

နောင်ချိုမြို့နယ်၊ ကျောက်တောကျေးရွာနေ အဖဦးကျော်စိုးမင်း၏သမီး အထက ဒသမတန်းမှ မရည်မွန်ဖြိုး၏ အမည်မှန်မှာ မယဉ်မွန်ဖြိုး ဖြစ်ပါကြောင်း။

**မယဉ်မွန်ဖြိုး**

### အမည်မှန်

နောင်ချိုမြို့နယ်၊ ကျောက်တောကျေးရွာနေ အဖဦးသိန်းဝင်း၏ သမီး အထက ဒသမတန်းမှ မချိုရည်မွန်၏ အမည်မှန်မှာ မချိုယဉ်မွန်ဖြစ်ပါကြောင်း။

**မချိုယဉ်မွန်**

### မိခင်အမည်မှန်

နောင်ချိုမြို့၊ အထက ဒသမတန်းမှ မဝင်းအိဖြိုး၏ မိခင်အမည်မှန်မှာ ဒေါ်စောရင် [၉/ကပတ(နိုင်)၀၉၃၇၇၈] ဖြစ်ပါကြောင်း။

**ဒေါ်စောရင်**

### ပျောက်ဆုံးကြောင်း

ကျွန်တော်မောင်မင်းဇော်ဦး [၁၂/မဂတ(နိုင်)၁၀၅၄၉၇]၏ certificate number:unique /RFP 29-25/2017 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိကအကြောင်းကြားပေးပါ။

**ဖုန်း-၀၉-၅၀၈၃၁၀၈**

### ခြံမြေအမြန်ရောင်းမည်

ပြင်ဦးလွင်ရပ်ကွက်ကြီး(၁၃) ဆင်ခေါင်းလေး ကန်တော်ကြီးဥယျာဉ်အနီး၊ မြို့ရှောင်လမ်းအနီး (၀. ၂)ဧက၊ သိန်း (၂၅၀)ညှိနှိုင်း။ ခြံခတ်ပြီး၊ မြေပြင်ညီနေရာကောင်း။

**ဖုန်း-၀၉-၉၇၈၀၅၀၉၉၉၊ ၀၉-၂၆၀၉၆၉၃၂၂**





ရ တ နာ သစ် တော ပြည့် သွေး ကြော သစ် တော ရ တ နာ ထိန်း သိမ်း ပါ

STI MYANMAR UNIVERSITY

ကမ္ဘာ့အဆင့်မီဘွဲ့ ရယူလိုက်ပါ။

## FACULTY OF EDUCATION & LINGUISTICS

# MA Applied Linguistics (TEFL)



University of Bedfordshire, UK မှ ချီးမြှင့်သော MA Applied Linguistics (TEFL) မဟာဘွဲ့သင်တန်း၏ September 2018 Intake လျှောက်ထားလိုသူများအတွက်

- Special Grant အနေနှင့် USD 3,000 သက်သာခွင့် ရရှိမည်ဖြစ်ပါသည်။
- အထက်အရာရှိ (သို့မဟုတ်) ဆရာ၊ ဆရာမများ၏ Recommendation နှင့်အတူ လျှောက်ထားရပါမည်။
- သက်ဆိုင်ရာ ဘွဲ့တစ်ခုခုရရှိပြီး IELTS 6.5 ရရှိထားရပါမည်။
- Part Time (Sat, Sun) Programme ဖြစ်ပြီး 2 နှစ် မှ 3 နှစ် အထိကြာမြင့်မည်ဖြစ်ပါသည်။
- STI မှ Diploma in TESOL အောင်မြင်ပြီးသူများ အတွက်ဘာသာရပ်ဆိုင်ရာကင်းလွတ်ခွင့်ရရှိနိုင်ပါသည်။
- ကျောင်းလခကိုလည်း လစဉ် အရစ်ကျ 18 ကြိမ်အထိ ပေးသွင်းနိုင်ပါသည်။

**WORLD CLASS DEGREE IN PARTNERSHIP WITH**

University of Bedfordshire

Admissions Open
Apply Today

- Building-10, MICT Park, University Hlaing Campus, Hlaing Township, Yangon. Tel: 09955 1234 48 ~ 49
- No.377,387/397, Upper Shwe Bon Thar St., Pabedan Township, Yangon. Tel: 09420 1831 55, 09420 1317 30
- B-15/16, Corner of 66th & Thazin Street, Chan Mya Tharzi Township, Mandalay. Tel: 09783 8000 62~64

https://www.facebook.com/STIMyanmarUni www.stiedu.net

ဆန်းသစ်တဲ့
MAB Mobile App ရဲ့
အတွေ့အကြုံသစ်

MAB MOBILE BANK

Available on the App Store
GET IT ON Google Play




MAB Mobile App ၏ ထူးခြားသော Digital ဝန်ဆောင်မှုများ

Finger Print
MMK 9,999,999 Slide to Peek
Peek Balance
QR Pay
Instant Opening of wallet Account
Bill Payment
Prepaid Topup
P2P QR transfer

မိုဘိုင်းဖုန်းထဲက ကျွန်ုပ်ဘဏ်

Call Centre
+95 (1) 861 0612

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

### ဦးအုန်းဟန် (ပုတီးကုန်း)

**အသက် (၈၉) နှစ်**

ဦးခင်မောင်လှ-ဒေါ်ဌေးဌေးဦး (လက်ထောက်ညွှန်ကြားရေးမှူး-မြို့ပြ၊ လမ်းဦးစီးဌာန၊ ရန်ကုန်တောင်ပိုင်းခရိုင်)တို့၏ ကျေးဇူးရှင်ဖခင်ကြီး ဦးအုန်းဟန် အသက်(၈၉)နှစ်သည် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) ည ၁၀း၄၅ နာရီတွင် ပုတီးကုန်းမြို့၌ ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့်**
**အမြဲတမ်းအတွင်းဝန်**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

## ဝမ်းနည်းကြေကွဲခြင်း

### ဒေါ်လဖိုင်ရှဒန်ဂျာဖန်

**မြန်မာနိုင်ငံအမျိုးသမီးအားကစားအဖွဲ့ချုပ်(ဘဏ္ဍာရေးမှူးဟောင်း)**

**မြစ်ကြီးနားရာသက်ပန်အသင်းဝင်**

**အသက် (၅၉) နှစ်**

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ သီတာရပ်ကွက်၊ သီတာလမ်းသွယ်(၄)၊ အမှတ်(၁၃၅)နေ ဗိုလ်မှူးနော်တောင်(ငြိမ်း၊ တေဇ-၅၊ ဒုတိယညွှန်ကြားရေးမှူးချုပ်-ငြိမ်း၊ အား/ကာဦးစီးဌာန)၏ ချစ်လှစွာသောဇနီးသည် ၁၃-၈-၂၀၁၈ ရက် ညနေ ၅း၁၅ နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်နှင့်**
**အရာထမ်း၊ အမှုထမ်းများ**
**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

## အထူးဝမ်းနည်းကြေကွဲခြင်း

### ဦးတင်ထွန်းဦး(BE.Civil-၁၉၈၂)

**အင်ဂျင်နီယာချုပ်(အဆောက်အဦဦးစီးဌာန)၊**
**ဆောက်လုပ်ရေးဝန်ကြီးဌာန**

**အသက် (၅၉) နှစ်**

ဒေါ်ရီရီရှိန်၏ ချစ်လှစွာသောခင်ပွန်း ဦးတင်ထွန်းဦးသည် ၁၂-၈-၂၀၁၈ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**Senior One ဗဟိုဝန်ထမ်းတက္ကသိုလ်(အောက်မြန်မာပြည်)**
**သင်တန်းဆင်းများ**

### ဦးကျော်ထူး(မြိတ်)

**အသက် (၉၀)**

ရန်ကုန်မြို့၊ စမ်းချောင်းမြို့နယ်၊ ဟသ်ာတလမ်း၊ အမှတ်(၄၂/င)နေ (ဒေါ်တင်ရွှေ)၏ခင်ပွန်း၊ ဦးသိန်းငယ်-ဒေါ်နုနုစိန်၊ ဒေါ်ခေမာနန္ဒီ(မော်ဘီ၊ အောင်ပြည့်လျှံကျောင်းတိုက်)၊ ဦးကြည်ဝင်း-ဒေါ်စိန်ပို၊ ဦးကျော်ဆန်း-ဒေါ်သန်းသန်းဆင့်၊ ဦးကျော်မိုး-ဒေါ်အေးအေးသန်း၊ ဦးမြင့်စိုး-ဒေါ်နီနီ၊ ဦးမောင်မောင်စိုး-ဒေါ်တင်တင်ဝင်းတို့၏ဖခင်သည် ၁၅-၈-၂၀၁၈ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၈ (သောကြာနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ရီရီဆွေ(ထားဝယ်)

**အသက် (၆၈)နှစ်**

ထားဝယ်မြို့နေ (ဦးဘသိန်းစိန်-ဒေါ်စိန်မြိုင်)တို့၏သမီး၊ ရန်ကုန်မြို့၊ ရွှေပေါက်ကံ၊ (၂၀)ရပ်ကွက်၊ မင်းရဲကျော်စွာလမ်း၊ အမှတ်(၄၂၃)နေ ဦးစံမြ၏ချစ်လှစွာသောဇနီး၊ ဦးသက်ဆွေ-ဒေါ်လဲ့လဲ့မိုး၊ ဒေါ်နွယ်နွယ်လှိုင်၊ ဦးမျိုးနွယ်-ဒေါ်အိအိခင်(ရွှေငါးမုန့်အရောင်းဆိုင်)တို့၏ချစ်လှစွာသောမိခင်၊ မောင်ထူးအောင်စွမ်း၊ မဟန်ယဉ်ယဉ်မွန်၊ မောင်ခန့်မင်းထူး၊ မောင်ခန့်ညီထူးတို့၏ အဘွားသည် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) ညနေ ၄း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၅နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးအောင်ရင်(ခနောင်တို)

**အသက် (၉၇)နှစ်**

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ (၃) ရပ်ကွက်၊ မာန်ပြေ(၁၄)လမ်း၊ အမှတ်(၇၄၈)နေ (ဦးဘိုးနှစ်-ဒေါ်ရွှေငို)တို့၏ သား၊ (ဒေါ်လှခင်)၏ခင်ပွန်း၊ ဒေါ်စောစော၊ ဦးဇော်ဝင်း-ဒေါ်စန်းစန်းကြည်၊ (ဒေါ်အေးအေး)၊ ဦးထွန်းမြင့်-ဒေါ်မြင့်မြင့်စိုး၊ ဦးခင်မောင်အုန်း-ဒေါ်သန်းသန်းတို့၏မွေးသဖခင်ကျေးဇူးရှင်၊ မြေးငါးယောက်၊ မြစ်သုံးယောက်တို့၏ အဘိုးသည် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၂း၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၈ (သောကြာနေ့) မွန်းလွဲ ၂နာရီတွင် တောင်ဒဂုံ၊ ကျိုစုသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

### ဦးထွန်းထွန်းဦး(ခ)အင်းလေး

**အသက် (၄၅) နှစ်**

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ဝါးတန်းလမ်း၊ အမှတ် (၇၉၇)နေ ဦးကျော်ဦး-(ဒေါ်ကျင်တင်)တို့၏သား၊ ဦးထိန်လင်း-ဒေါ်ခင်သန်းရီ၊ ဦးဝင်းလျှံ-Dr.ဒေါ်ခင်သန်းဝင်း၊ ဦးသန့်ဇင်ဦးတို့၏ အစ်ကို၊ ဒေါ်စန်းစန်းဖြူ၏ ခင်ပွန်း၊ ယွန်းအိမ်စံ၊ သွန်းအိမ်ဟန်၊ လဝန်းဖြူ (အထက-၂၊ လသာ)တို့၏ ဖခင်သည် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) ညနေ ၆း၁၅ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ ရက် နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုး မိတ်သင်္ဂဟအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၈ (တနင်္လာနေ့) နံနက်တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ နယ်လှည့်သစ္စာမိဋ္ဌာန်စတုဒိသာပင်မအလှူရှင် ဒါယိကာမကြီး**

### ဒေါ်အုန်းမြင့်(ခ)ဒေါ်အုန်း(Ohn Gas)

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၅/ဠ)၊ ဦးဘအိုလမ်းနေ ဦးတင်သောင်း(ငြိမ်း) (ဓာတ်ငွေ့စက်ရုံ)၏ဇနီး၊ ဦးဗညား-ဒေါ်မိုးမိုးအေးတို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အုန်းမြင့်(ခ) ဒေါ်အုန်းသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**မဟာသဒ္ဓမ္မဇောတိကဓဇ၊ အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ**
**ဒေါက်တာစိုးသိန်းနှင့် ဇနီး**
**အဂ္ဂမဟာသီရိသုဓမ္မသီဂီ ဒေါ်ခင်ချိုအုန်း**
**(ညွှန်ကြားရေးမှူးချုပ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး)**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ရဟန်း၊သိမ်၊ကျောင်း၊ နယ်လှည့်သစ္စာမိဋ္ဌာန်စတုဒိသာပင်မအလှူရှင် ဒါယိကာမကြီး**

### ဒေါ်အုန်းမြင့်(ခ)ဒေါ်အုန်း(Ohn Gas)

**အသက် (၇၃) နှစ်**

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ အမှတ်(၅/ဠ)၊ ဦးဘအိုလမ်းနေ ဦးတင်သောင်း(ငြိမ်း)(ဓာတ်ငွေ့စက်ရုံ)၏ဇနီး၊ ဦးဗညား-ဒေါ်မိုးမိုးအေး တို့၏ ကျေးဇူးရှင်မိခင်ကြီး ဒေါ်အုန်းမြင့် (ခ) ဒေါ်အုန်းသည် ၁၂-၈-၂၀၁၈ (တနင်္ဂနွေနေ့) မွန်းလွဲ ၂း၃၀ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

**ပဋ္ဌာနမိသမ္ဘာရအသင်း**

### ဦးတင်မြင့်

**အသက် (၉၆) နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်မြို့နေ (ဦးဘသင်-ဒေါ်စိန်မေ)တို့၏သား၊ (ဦးကျော်သန်း)-ဒေါ်ကလေးမ၊ (ဦးတင်ညွှန့်-ဒေါ်အေးတင်)၊ (ဦးကျော်ရင်-ဒေါ်ခင်သန်း)၊ (ဦးအုန်းသွင်)-ဒေါ်ခင်ညွှန့်တို့၏အစ်ကို၊ လှိုင်မြို့နယ်၊ (၁၃) ရပ်ကွက်၊ ရန်ကုန်-အင်းစိန်လမ်း၊ အမှတ်(၁၁)နေ (ဒေါ်ယဉ်စိန်)၏ခင်ပွန်း၊ ဦးစိုးလွင် (MD. Panorama Global Tours)-ဒေါ်နီနီဝင်း(အိချောကုန်မာ)တို့၏ဖခင်၊ မအိကေဇင်၏အဘိုးသည် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) မွန်းလွဲ ၁နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၈ (တနင်္လာ နေ့) နံနက်တွင် အမှတ်(၁၁)၊ ရန်ကုန်-အင်းစိန်လမ်း၊ (၁၃)ရပ်ကွက်နေအိမ်သို့ ရက်လည်ဆွမ်းကျွေး တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးမျိုးသန့်(ခ)အော်ကုလား

**(ပွဲနွယ်ကုန်း)**

**M.P.P.E-ငြိမ်း**

**အသက် (၈၉) နှစ်**

ရန်ကုန်မြို့၊ သယ်န်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း (က)ရပ်ကွက်၊ အမှတ်(၃၅)၊ သရဖီလမ်းနေ (ဦးစံဦး-ဒေါ်စော်ဖွား)တို့၏သား၊ (ဒေါ်အေးအေး)၏ ခင်ပွန်း၊ ဒေါ်လှလှမြင့်(မကေ)၊ ဦးလှမြင့်-ဒေါ်မြင့်မြင့်သန်း(မပန်)၊ ဦးမြင့်ဆွေ-ဒေါ်အေးအေးခိုင်၊ ဦးကျော်ကျော်ရွှေ (ကိုဖိုးကျော်)၊ ဒေါ်ဝင်းဝင်းသန်း၊ ဒေါ်ချိုချိုသန့်တို့၏မွေးသဖခင်ကျေးဇူးရှင်၊ မခင်ချောစုသန့်၊ မဝင်းလဲ့မိုး၊ မောင်ထက်နိုင်ဦးတို့၏ အဘိုးသည် ၁၅-၈-၂၀၁၈(ဗုဒ္ဓဟူးနေ့) နံနက် ၇း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၈(သောကြာနေ့) မွန်းတည့် ၁၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၈ (အင်္ဂါနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည် ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်မြင့် (မိုးညှင်း)

**မြစ်ကြီးနားအသင်း**

**အသက် (၈၀)**

ရန်ကုန်မြို့၊ သုဝဏ္ဏ(၂၉)ရပ်ကွက်၊ ခွန်နီ(၁)လမ်း၊ အမှတ်(၈၅)နေ (ဦးနီ-ဒေါ်ထွေး)တို့၏သမီး၊ (ဦးတင့်ဆွေ)၏ချစ်လှစွာသောဇနီး၊ ဦးအေးကြိုင်-ဒေါ်ရီရီမြင့်(ဒုညွှန်မှူး-ငြိမ်း၊ ကြေးမြေ)၊ ဦးစိုးမြင့်လှိုင်-ဒေါ်နွယ်နီဝင်း၊ ဦးသက်ထွန်း(မန္တလာမင်း-နေပြည်တော်)-ဒေါ်သင်းသင်းဆွေတို့၏ ချစ်လှစွာသောဖခင်၊ မရွှေရည်ဝင်းကြိုင်၊ ဒေါက်တာမေဖူးပွင့်ကြိုင်၊ မောင်သုန္ဒရ၊ မေစန္ဒီသက်ထွန်း၊ မကဥ္စနလှိုင်တို့၏အဘွား ဒေါ်ခင်မြင့်သည် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၈ နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအားရည်စူး၍ ၂၁-၈-၂၀၁၈ (အင်္ဂါနေ့)တွင် နံနက် ၇ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်းဒါယိကာမကြီး**

### ဒေါ်မြမြဆွေ(ခရမ်းမြို့)

**အသက် (၇၁) နှစ်**

ခရမ်းမြို့၊ (၇)ရပ်ကွက်နေ (ဦးထွန်းညွှန့်-ဒေါ်သန်းနှစ်)တို့၏သမီး၊ (၃) လမ်းနေ (I.B.P)ကိုယ်စားလှယ်ဟောင်း(ဦးစိန်ဟန်-ဒေါ်ကျင်နု)တို့၏ သမီးချွေးမ၊ ဦးငြိမ်း-ဒေါ်စောနွဲ့၊ [ဦးမြင့်သိန်း(ရေနံမန်နေဂျာကြီး)]-ဒေါ်ကျင်သိန်း၊ ကျောင်းအုပ်ဆရာမကြီး ဒေါ်ရှုကြည် (ထ-၂၊ ခရမ်း၊ ငြိမ်း)တို့၏ ညီမ၊ ပြည်တော်သာအရှေ့ မင်းလမ်းနေ ဦးအောင်ကျော်ဦး-ဒေါ်ဝင်းဝင်းမော်တို့၏ အဒေါ်၊ အောင်မင်္ဂလာရပ်ကွက်၊ သီတာအေးပတ်လမ်းနေ (ဦးအောင်မြင့်ဦး-ဒေါ်တင့်တင့်လွင်)၊ ဦးညီညီလွင်-ဒေါ်အေးအေးဟန်၊ ဒေါ်မြင့်မြင့်ဟန်၊ ဦးဟန်ဝင်းနိုင်-ဒေါ်နုနုဟန်(နီကွန်ဆေးဆိုင်)၊ ဒေါ်ထွေးထွေးဟန်တို့၏ ချစ်လှစွာသောမိခင်၊ မောင်ဟန်ဗိုလ်ဗိုလ်သိန်း(အလုပ်သင်ဆရာဝန်)၊ ဒေါက်တာရွှန်းနိုနိုဟန်၊ မောင်ဟန်ဂိုဇင်သိန်း၊ မခန့်ဇူးငုံ၊ မောင်စွမ်းလရောင်နိုင်၊ မဆောင်းယုယဟန်တို့၏ အဘွား၊ (ဦးစိန်မောင်)၏ ချစ်လှစွာသောဇနီးသည် ၁၃-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၁၀း၄၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၀ နာရီတွင် ကုသိနာရုံသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။ [ကွယ်လွန်သူအားရည်စူး၍ ၁၉-၈-၂၀၁၈ (တနင်္ဂနွေနေ့) နံနက် ၇ နာရီတွင် သီတာအေးပတ်လမ်း(ဦးစိန်မောင်-ဒေါ်မြမြဆွေ)တို့၏နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## အနိစ္စ

### ဒေါ်ကြည်(မြိုင်)

**အသက် (၈၄) နှစ်**

မကွေးတိုင်းဒေသကြီး၊ မြိုင်မြို့နေ [ကုန်သည်ကြီးဦးအောင်ဘ-ဒေါ်ကြာ(ကျောင်းဆရာမကြီး-ငြိမ်း)]တို့၏သမီး၊ (ဦးချင်-ဒေါ်မှတ်)တို့၏ သမီးချွေးမ၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ (၁)ရပ်ကွက်၊ သုမိတ္တာ(၇)လမ်း၊ အမှတ်(၂၂၉)နေ ဦးစိုးတင့် (လက်ထောက်အထွေထွေမန်နေဂျာ-ငြိမ်း၊ ဟိုတယ်/ခရီး)၏ဇနီး၊ (ဦးစိုးမောင်)၊ ပခုက္ကူမြို့နေ ဦးစိုးသိမ်း(ဦးစီးမှူး-ငြိမ်း၊ သမဦးစီး)-ဒေါ်ခင်မမ(ကျောင်းဆရာမ-ငြိမ်း)၊ ရန်ကုန်မြို့၊ ဘောက်ထော်နေ ဦးစိုးပိုင် (တရားလွှတ်တော်ရှေ့နေ)-ဒေါ်မိုမို အောင်(ဒုညွှန်မှူး-ငြိမ်း၊ ရှေ့နေချုပ်ရုံး)၊ မြိုင်မြို့နယ်၊ ရွာသစ်ရွာနေ ဦးစိုးမြိုင် (ကျောင်းဆရာ)-ဒေါ်ခင်သန်းဝင်း (ကျန်းမာရေးဆရာမ-ငြိမ်း)တို့၏ အစ်မကြီး၊ မြောက်ဥက္ကလာပမြို့နယ်နေ မသီတာသက်ထူးတင့်၊ ကိုဇေယျာဉာဏ်ထူးတင့်၊ ဒေါက်တာရည်မွန်ကြည်ထူးတင့်(လက်ထောက်ဆရာဝန်၊ မြောက်ဥက္ကလာပဆေးရုံကြီး)တို့၏ မွေးသမိခင် ဒေါ်ကြည်သည် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁း၅၂ နာရီတွင် ရွှေလမင်းဆေးရုံ(မြောက်ဥက္ကလာပ)၌ ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၉း၄၅ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်စျာနဝတီ (ခ) ဒေါ်ခင်စမ်းရီ(ယုဝတီ)

**အသက် (၇၈) နှစ်**

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဗိုလ်မင်းရောင်လမ်း၊ အမှတ် (၁၄၄)၊ တတိယလွှာနေ [ဦးကိုကိုကြီး-ဒေါ်သန်း(မေပုလဲအလှကုန်ထုတ်လုပ်ရေး)]တို့၏သမီးကြီး၊ (ဦးသန်းမြင့်)၏ ဇနီး၊ ဦးအောင်ကျော်မြင့်(ဒု-မြို့နယ်ပညာရေးမှူး-ငြိမ်း၊ ရှမ်းပြည်နယ်မြောက်ပိုင်း၊ သီပေါမြို့နယ်)၊ ဒေါ်ယဉ်ယဉ်မြင့်-ဦးခင်မောင်မြင့်၊ ဦးမောင်မောင်မြင့်-ဒေါ်လှရွှေ၊ ဒေါ်မေစမ်းမြင့်-ဦးမြင့်သန်းအောင်၊ ဒေါ်သီတာထွေးမြင့်(ရုပ်ရှင်သရုပ်ဆောင်-တုတ်တုတ်)တို့၏ ချစ်လှစွာသောမိခင်၊ မြေး ၁၀ ယောက်၊ မြစ် ၁၁ယောက်တို့၏အဘွား၊ ဦးမျိုးညွန့်ကြီး-ဒေါ်ခင်ယောမေ၊ [ဗိုလ်ကြီးမျိုးသန့်ကြီး(သနက-၆၊ သူရဲကောင်းမှတ်တမ်းဝင်)]-ဒေါ်နန်းမိုးအေး၊ [ရှင်ဝေပုလ္လ(ခ)ဦးမျိုးဝင်းကြီး]-ဒေါ်ခင်ခင်မြင့်၊ ဒေါ်ခင်စမ်းယဉ်-ဦးတင်ထူး၊ ဒေါ်ခင်စမ်းအေး-ဦးစိုးမြင့်တို့၏အစ်မကြီး (ကွမ်းခြံကုန်းမြို့နယ် အသင်းဝင်)သည် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး အဆုတ်ဆောင်၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ဆန္ဒအရ ရန်ကုန်(ဆေး-၁)သို့ ခန္ဓာကိုယ်ကို လှူဒါန်းပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

### ဒေါ်ခင်တင့်

**အသက် (၆၉) နှစ်**

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ညောင်ဝင်းကျေးရွာနေ (ဦးစံခင်-ဒေါ်ခင်သိန်း)တို့၏သမီး၊ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမြို့နယ်၊ လေးတဲရွာနေ (ဦးမြ-ဒေါ်မြညွန့်)တို့၏ သမီးချွေးမ၊ ဦးသောင်းတင်၊ ဦးထွန်းကြည်၊ (ဦးခလေးကြီး)-ဒေါ်စိန်စိန်၊ ဒေါ်မြမြစိန်၊ ဦးဖိုးဖြူတို့၏ညီမ၊ ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က+ခ) ရပ်ကွက်၊ ခ(၁၀)လမ်းနေ ဦးမင်းလွင်၊ (ဦးဇော်ဖုန်း)၊ မအေးသီတာ၊ ဦးအောင်ကိုဦး-မမူမူမြင့်၊ မဇင်မာသိမ့်၊ ဦးသန်းထွန်းတို့၏မွေးသမိခင်ကျေးဇူးရှင်၊ (ဦးကြီးရွှေ)၏ဇနီးသည် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၀-၈-၂၀၁၈ (တနင်္လာနေ့) နံနက် ၅ နာရီတွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဒေါ်ချစ်စိန်

**အသက် (၉၉) နှစ်**

မုံရွာမြို့၊ အေးသာယာရပ်၊ ညောင်တပင်လမ်းနေ (ဦးမြမောင်)၏ဇနီး၊ ရန်ကုန်မြို့၊ ဝေဇယန္တာဉယျာဉ်အိမ်ရာ၊ လမ်းသွယ် (၃)၊ အမှတ် (၁၂၇)နေ ဦးသောင်းငွေ (အင်ဂျင်နီယာမှူးကြီး-ငြိမ်း)-ဒေါ်ဥမ္မာကြည်၊ မုံရွာမြို့၊ အေးသာယာရပ်၊ ညောင်တပင်လမ်းနေ ဦးသောင်းဝင်း (M.D, Art of Stone Co.,Ltd)-ဒေါ်ရွှေရွှေတို့၏မိခင်၊ မြေးခုနစ်ယောက်၊ မြစ်ခြောက်ယောက်တို့၏ အဘွား ဒေါ်ချစ်စိန်သည် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၉း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၃ နာရီတွင် မြို့မသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးသင်္ဂဟအပေါင်းအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ ကျောင်းဒါယကာကြီး**

### ဦးမောင်အေးနု (စစ်တွေ၊ မင်းပြား) (၈၈)နှစ်

**ကျန်းမာရေးမှူး (ငြိမ်း)၊**

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ရှုပမြောက်ရပ်ကွက်၊ ပန်းခြံလမ်း**

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းလမ်း၊ အမှတ်(၈၆/၄)၊ (အေ)နေ (ဦးမောင်ပု-ဒေါ်ဝင်းသာနု)တို့၏သား၊ (ဦးနှောင်းဘော်-ဒေါ်ဒါလှ)တို့၏သားသမက်၊ ဒေါ်သိန်းတင်(လယ်ပြ/ငြိမ်း)၏ခင်ပွန်း၊ ဒေါ်စန်းစန်းအေး (လယ်/ပြ၊ လ-၁၀၊ လှိုင်သာယာ)-ဦးအောင်သိန်းထွန်း (အင်/ယာ၊ MSc Co., Ltd)၊ ဒေါ်မြင့်မြင့်အေး(ညွှန်မှူး၊ ကရင်ပြည်နယ်စာရင်းစစ်ချုပ်ရုံး)၊ ဒေါ်နုနုအေး(အင်/ယာ၊ YCDC-ရေသန့်)၊ ဒေါ်မိုးသူဇာအေး-ဒေါက်တာပေါ်ထွန်း (ဂျမေကာ)၊ ဦးခင်ဇော်သိန်း(ဦးစီးအရာရှိ၊ ရခိုင်ပြည်နယ်စီမံကိန်းရုံး)၊ ဦးညီညီလှ(EO)-ဒေါ်သန်းနုရွှေတို့၏ကျေးဇူးရှင်ဖခင်ကြီး၊ မြေးရှစ်ယောက်တို့၏ အဘိုးရှင်၊ မြစ်တစ်ယောက်၏အဖီးရှင်သည် ၁၄-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၁၁း၅၀ နာရီတွင် ရန်ကုန်မြို့၊ ကျောက်မြောင်းလမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ (ကြာသပတေးနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (အထက်ပါနေအိမ်မှ ကားများ နံနက် ၁၁း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၁၈-၈-၂၀၁၈ (စနေနေ့) နံနက် ၉ နာရီမှ ၁၁ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ဇရပ် ဒါယကာကြီး**

### ဦးအေးကြူ (ခ) ဘရသေ့ရန်ကြီးအောင်

**မြောက်ဥက္ကလာပဆေးရုံကြီး (Radio Grapher-ငြိမ်း)**

**အသက် (၇၅) နှစ်**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ ဇာနည်(၁၄)လမ်း၊ (၉)ရပ်ကွက်နေ [ဒေါ်ခင်စန်းရီ (ခ)ဒေါ်ညိုညို]၏ခင်ပွန်း၊ ဒေါ်အေးသီတာဦး (Kougakuin International Japanese Language School)၊ ဦးထိန်လင်း(Linn Thit Global Co., Ltd)-ဒေါ်ဆင့်သီတာ(မ-၆၊ တောင်ဥက္ကလာပမြို့နယ်)၊ ဒေါ်ဝင်းသီတာ (Future Light Japanese Language Centre, Principal)၊ ဦးစိုးလွင်-ဒေါ်သင်းသီတာ(Future Light Japanese Language,Teacher)၊ ဦးဇာနည်ထွဋ် (Specialist in Humanities int'L Services Japan)-ဒေါ်ခင်ပြုံးဦး(Japan)၊ ဦးထက်ကိုကို(Htet Ko Electronic)-ဒေါ်ဖြိုးသန္တာအောင်(Pharm Evo Pvt. Ltd, Country Manager)၊ ဦးအောင်မျိုးသိန်း(တပ်ကြပ်ကြီး)-ဒေါ်ချိုချို(မိုင်းပြင်းအုပ်ချုပ်ရေးမှူးရုံး)တို့၏ချစ်လှစွာသောမွေးသဖခင်၊ မောင်အောင်ခန့်ကျော်(Wiz International Information Engineering Automoblile College)၊ မရွှေတင့်တယ်(HND Youth International College)၊ မောင်ပြည့်ထူးနိုင်(ပ-နှစ်၊ Dagon University)၊ မောင်လင်းသစ်ထူးအောင်(VIII၊ ထ-၂၊ တ/ဥ)တို့၏ ချစ်လှစွာသောအဘိုးသည် ၁၅-၈-၂၀၁၈ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁၂း၃၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၇-၈-၂၀၁၈ (သောကြာနေ့) နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်ဆွေဝင်း

**အသက် (၆၈) နှစ်**

(ဦးဝင်းမောင်-ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်နွဲ့ရီ)တို့၏ သမီးချွေးမ၊ ဦးငွေထွန်း၏ချစ်လှစွာသောဇနီး၊ ကိုကျော်မင်းသူ-မနီနီအောင်၊ ကိုဝဏ္ဏ-မဆွေသူဇာထွန်း၊ ကိုစိုင်းနော်ခန်း-မယဉ်ရှုပါထွန်း(ခေတ္တ-USA)၊ ကိုမျိုးမြတ်သူတို့၏မိခင်၊ မြေးခုနစ်ယောက်တို့၏အဘွား ဒေါ်ခင်ဆွေဝင်း သည် ၁၅-၈-၂၀၁၈ရက် နံနက် ၁၀း၃၅နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဇေယျာသီရိလမ်း၊ အမှတ်(၁၈)၊ မြရိပ်ကွန်ဒို၊ လေးလွှာ၊ အခန်း(၄-D)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

**ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

### ဒေါ်ခင်ဆွေဝင်း

**အသက် (၆၈)နှစ်**

(ဦးဝင်းမောင်-ဒေါ်ခင်မြင့်)တို့၏သမီး၊ (ဦးလှမောင်-ဒေါ်နွဲ့ရီ)တို့၏ သမီးချွေးမ၊ ဦးကျော်စိုး-ဒေါ်မြမြဝင်း(ဆင်မမကြီး)တို့၏ညီမ၊ မမြင့်မြင့်ဝင်း၊ ဦးခင်မောင်ဝင်း၊ ခင်နွယ်ဝင်း၊ မခင်မာဝင်း၊ ဦးရဲဝင်းအောင်တို့၏အစ်မသည် ၁၅-၈-၂၀၁၈ရက် နံနက် ၁၀း၃၅နာရီတွင် ပင်လုံအထူးကုဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးများအား အကြောင်းကြားအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၂၁-၈-၂၀၁၈ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၁ နာရီအထိ ဇေယျာသီရိလမ်း၊ အမှတ်(၁၈)၊ မြရိပ်ကွန်ဒို၊ လေးလွှာ၊ အခန်း(၄-D)၊ လှည်းတန်း၊ ကမာရွတ်မြို့နယ်နေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

### ဦးသန့်ဇင်ဦး(ခ)ဖက်တီး(မြေနီကုန်း)

**အသက် (၅၄) နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ (၄၃)ရပ်ကွက်၊ အမှတ်(၂၈၀)၊ သုခလမ်းနေ (ဦးတင်မောင်ဦး-ဒေါ်တင်ဝင်း)တို့၏ သားကြီး၊ (ဦးမြင့်ဝင်း)-ဒေါ်တင်ပိုတို့၏သားသမက်၊ (ဦးညီညီဦး)-ဒေါ်စန္ဒာဇော်ထွေး၊ (ဦးဟန်စိုး)-ဒေါ်ဇင်မာဦး၊ ဦးသက်နိုင်ဦး-ဒေါ်ကျော်ရတနာထွန်း၊ ဒေါ်သက်ဝါဦး၊ ဦးနိုင်လင်းဦး-ဒေါ်သန္တာလင်း၊ ဦးငြိမ်းချမ်းအောင်-ဒေါ်လဲ့လဲ့နိုင်တို့၏အစ်ကိုကြီး၊ မောင်ကျော်ရဲထွန်း-မကေသီပိုင်၊ မောင်သန်းလင်းထွန်း-မမေနဒီကျော်အောင်၊ မဝင်းစန္ဒီခိုင်၊ မောင်မြတ်သူတို့၏ကျေးဇူးရှင်ဖခင်၊ မောင်မျိုးမြင့်အောင်၊ မရှင်မင်းထက်၊ မောင်ကောင်းဆက်နိုင်၊ မောင်စစ်နိုင်ဦးတို့၏ဘကြီး၊ မောင်ဝေလင်းဦး၏အဘိုးသည် ၁၄-၈-၂၀၁၈ ရက် ညနေ ၆ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၆-၈-၂၀၁၈ (ကြာသပတေးနေ့) ညနေ ၄ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# မြန်မာနိုင်ငံ၏ ပထမဆုံး မြန်မာ့ဆင်ပြတိုက် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်တွင် ဖွင့်လှစ်မည်

**ရန်ကုန် ဩဂုတ် ၁၅**

မြန်မာနိုင်ငံတွင် ပထမဆုံးအကြိမ်ဖွင့်လှစ်မည့် မြန်မာ့ဆင်ပြတိုက်ကို ရန်ကုန်တိရစ္ဆာန်ဥယျာဉ်ရှိ သဘာဝသမိုင်းပြတိုက်အဆောက်အအုံအတွင်း၌ ယခုနှစ်နှစ်ကုန်ပိုင်းတွင် ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး ဦးသိန်းတိုးထံမှ သိရသည်။

"ရန်ကုန်တိရစ္ဆာန်ဥယျာဉ် သဘာဝသမိုင်းပြတိုက် အဆောက်အအုံထဲမှာပဲ ဖွင့်လှစ်ဖို့ စီစဉ်နေပါတယ်။ ဆင်ပြတိုက်အနေနဲ့က ဒါပထမဆုံးပါ။ ရက်ကို တိတိကျကျ မပြောနိုင်သေးပေမယ့် အမြန်ဆုံးဖွင့်လှစ်ဖို့အတွက် စီစဉ်ဆောင်ရွက်နေပါတယ်။ မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ဖြစ်လာပြီဖြစ်တဲ့ ဆင်တွေကို ဝိုင်းဝန်းထိန်းသိမ်းချင်စိတ်ရှိလာအောင် ဆင်တွေနဲ့ပတ်သက်တဲ့ အကြောင်းအရာတွေကို အသိပေးချင်တဲ့ ရည်ရွယ်ချက်နဲ့ ဖွင့်လှစ်မှာဖြစ်ပါတယ်"ဟု ညွှန်ကြားရေးမှူး ဦးသိန်းတိုးက ပြောသည်။

အဆိုပါ ဆင်ပြတိုက်ဖွင့်လှစ်နိုင်ရန်အတွက် ၂၀၁၇ ခုနှစ်ကတည်းက စတင်စီစဉ်ခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိရစ္ဆာန်ဥယျာဉ် သဘာဝသမိုင်းပြတိုက်၊ သဘာဝဝန်းကျင်နှင့် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ❒

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဩဂုတ် ၁၅**

**စစ်တောင်းမြစ်**

ယနေ့ နံနက် ၁၁ နာရီခွဲအချိန် တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် တစ်ပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**သံလွင်မြစ်**

သံလွင်မြစ်ရေသည် ဘားအံမြို့တွင် လေးပေခွဲခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့် တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**ငဝန်မြစ်**

ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် တစ်လက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်နှစ်ရက်အတွင်း ပေဝက်ခန့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။ သာပေါင်းမြို့တွင် သုံးလက်မခန့် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ကျော်လွန်နေပြီး နောက်သုံးရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**စာမျက်နှာ ၅ ကော်လံ ၁ သို့** ★

## မြန်မာ-ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံနှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်းဆောင်ရွက်

**နေပြည်တော် ဩဂုတ် ၁၅**

မောင်တောမြို့နယ် နယ်မြေ (၂) အမှတ်(၁) နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲ ငါးရန့်ချောင်းကင်းစခန်းမှ ဒုတိယရဲမှူးအောင်ကျော်ကျော် ဦးစီးသည့် တပ်ဖွဲ့ဝင် ၁၅ ဦးနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံ အမှတ် (၃၄) BGB တပ် Gorijonbuniya ကင်းစခန်းမှ ဒုစခန်းမှူး Naib Subedar Md. Sultan Ahmad ဦးစီးသည့် ၁၅ ဦးတို့သည် ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ မှ မွန်းတည့် ၁၂ နာရီထိ မိမိတို့ နိုင်ငံအသီးသီးအတွင်းရှိ နယ်စပ်ခြံစည်းရိုးလမ်းအတိုင်း နယ်နိမိတ် မှတ်တိုင် (၄၀)မှ (၄၁)အထိ နှစ်နိုင်ငံ နှစ်ဖက်ညှိနှိုင်း၍ မြေပြင်လှည့်ကင်း ဆောင်ရွက်ခဲ့ကြသည်။

အလားတူ ဩဂုတ် ၁၄ ရက် နံနက် ၁၀ နာရီ ၁၀ မိနစ်က မောင်တောမြို့

**စာမျက်နှာ ၅ ကော်လံ ၃ သို့** ❖



နယ်ခြားစောင့်ရဲတပ်ဖွဲ့ဝင်များ မြေပြင်လှည့်ကင်းဆောင်ရွက်ကြစဉ်။



မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်နေစဉ်။

## (၁၈) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာနှင့်မြောက်ကိုရီးယား တစ်ဂိုးစီ သရေကျ

**ဂျကာတာ ဩဂုတ် ၁၅**

အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပလျက်ရှိသည့် (၁၈)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဘောလုံးပွဲတွင် အုပ်စု(စ)မှ မြန်မာအသင်းနှင့် မြောက်ကိုရီးယားအသင်းပွဲစဉ်ကို ယနေ့ညနေပိုင်းက အနောက်ဂျာဗားရှိ ဝီဘာဝါကွင်း၌ ကျင်းပရာ တစ်ဂိုးစီ သရေကျခဲ့သည်။

အုပ်စုကျပ်အတွင်း ကျရောက်နေသည့် မြန်မာ ယူ-၂၃ အသင်းသည် နောက်တစ်ဆင့်တက်ရောက်နိုင်ရန် အခွင့်အရေးနည်းသော်လည်း အဖွင့်ပွဲတွင် မြောက်ကိုရီးယားအသင်းကို သရေကစားနိုင်ခဲ့သည်။ မြန်မာ ယူ-၂၃ အသင်းသည် ယခုပွဲတွင် ပုံစံကောင်းပြသနိုင်ခဲ့ပြီး ဒုတိယပိုင်းတွင် ဂိုးပြန်ပေးလိုက်ရသောကြောင့် သရေကျခဲ့ခြင်းဖြစ်သည်။

မြန်မာ ယူ-၂၃ အသင်းသည် အောင်သူကို အထောင်တိုက်စစ်မှူးအဖြစ် အသုံးပြုပြီး အမာခံကစားသမား အစုံအလင်ဖြင့် ပွဲထွက်ခဲ့သည်။ နည်းပြ အန်တွမ်နီပောလက်ထက်တွင် မြန်မာအသင်းသည် အသင်းကြီးများနှင့် တွေ့ဆုံရာတွင် တစ်ဖက်သတ်မဖြစ်သည့် အစဉ်အလာကို ယခုပွဲတွင်လည်း ဆက်လက်ထိန်းသိမ်းနိုင်ခဲ့ပြီး မြောက်ကိုရီးယားအသင်းကို အပြန်အလှန် ကစားနိုင်ခဲ့သည်။ မြောက်ကိုရီးယားအသင်းသည် ပွဲအစ မိနစ် ၂၀ လောက်သာ မြန်မာအသင်းကို ဖိကစားနိုင်ခဲ့ပြီး နောက်ပိုင်းတွင် မြန်မာအသင်း၏ ဖိအားပေးခြင်းကို ခံခဲ့ရသည်။ မြန်မာအသင်းသည် မြောက်ကိုရီးယားအသင်းကို အောင်သူ၊ ရန်နိုင်ဦးနှင့် မောင်မောင်လွင်တို့၏ အမြန်နှုန်းဖြင့် တိုက်စစ်ဆင်ခဲ့ပြီး ဂိုးရနိုင်သည့် **စာမျက်နှာ ၅ ကော်လံ ၁ သို့** ■


" 30 % ပေးချေပြီးသည် နှင့် သော့ရရှိနိုင်မည့် အခွင့်အရေး "








(36)လတိတိ အရစ်ကျပေးချေနိုင်သည့် အခွင့်အရေး........

- လှိုင်သာယာမြို့နယ်စက်မှုဇုန်များ၏အနီးတွင်တည်ရှိသော ရွှေကမ်းသာယာ အိမ်ရာ
- ပန်းလှိုင်၊ ဘုရင့်နောင်၊ အောင်ဇေယျ၊ ရွှေပြည်သာ တံတား(၄)ခင်းအနီးတွင်တည်ရှိ၍လွယ်ကူစွာ သွားလာနိုင်သောနေရာ ............
- နေထိုင်ရန်နှင့်စီးပွားရေးလုပ်ရန်အတွက်ပေါင်းစုထားသောနေရာ ...............
- နေထိုင်သူများအတွက်အဆင်ပြေကျေနပ်မှုရရှိစေရုံသာမက စီးပွားရေးလုပ်ရန်၊ ဆိုင်ခန်းဖွင့်ရန် ကောင်းမွန်သောနေရာ ............
- ခေတ်မှီကလေးကစားကွင်း၊ ဘောလုံးကွင်းနှင့်အားကစားလေ့ကျင့်နိုင်သည့် ပစ္စည်းများပါရှိမည်ဖြစ်သောကြောင့် လူကြီးလူငယ်အပန်းဖြေပျော်ရွှင်စေနိုင်မည့်နေရာ . . . .




ဖုန်း-၆၅၀၅၃၅၊၆၆၆၀၈၃၊၆၅၀၄၃၆၊၆၆၃၅၇၈ သို့ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။